# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ ပြာသိုလကွယ်၊ တနင်္လာနေ့။ | Monday, 31 January 2022 | ၁၀၆၃၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့** ဖတ်စရာ

### ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း



ဆောင်းပါး စာမျက်နှာ » ၁၈

### လမ်းမှန်သိပါ

ဆောင်းပါး စာမျက်နှာ » ၆

### စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာ



စာမျက်နှာ » ၉

### ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုကို တည်ဆောက်ဖို့ဆိုရင် လူငယ်တွေရဲ့စိတ်ထဲမှာ ငယ်ငယ်ကတည်းက ဆန်းသစ်တီထွင်လိုတဲ့ အတွေးတွေရှိဖို့ လိုအပ်ပါတယ်

စာမျက်နှာ » ၁၂



မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို တွေ့ရစဉ်။

## မန္တလေးတိုင်းဒေသကြီး မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာစီမံကိန်းတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**မန္တလေး ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အနီး ရှင်တော်ကုန်းကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ စီမံကိန်းတည်ဆောက်နေမှုသည် လက်ရှိတွင် ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ဖွန်လအတွင်း ငှားရမ်းနေထိုင်ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါတိုက်ခန်းများကို တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် ဝင်ငွေနည်း ပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများ၊ အငြိမ်းစားယူရန် နီးကပ်နေသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁



### နည်းပညာအသုံးပြု အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများ

စာမျက်နှာ » ၂၃

ကြေးမုံ

# ချစ်ခင်စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကိုတည်ဆောက်

အချုပ်အခြာအာဏာပိုင်ဆိုင် လွတ်လပ်သောနိုင်ငံအဖြစ် အခြေခိုင်စွာ ရပ်တည်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလက နိုင်ငံကိုလွတ်လပ်စေလိုသော၊ နိုင်ငံကို ကောင်းစားစေလိုသော၊ နိုင်ငံကိုချစ်မြတ်နိုးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်တွင် မရှိမဖြစ်လိုအပ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပင်လုံညီလာခံတွင် အမိအရတည်ဆောက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှ လည်း သိနိုင်မယ်" ဟူ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလမ်းညွှန်ချက်ကို တိတိကျကျမိန့်ကြားခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ပြီးနောက် တိုင်းရင်းသားပြည်သူများသည် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးခရီးလမ်းကို အောင်မြင်စွာတက်လှမ်းနိုင်ခဲ့သည်။

နိုင်ငံတွင် မရှိမဖြစ်လိုအပ်သော တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ ပြည်သူလူထုညီညွတ်ရေး ထိုနှစ်ခုကို လူတိုင်းမမေ့စေရန်အတွက် တိုင်းပြုပြည်ပြု လွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းက "တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်နေတာကို ကျွန်တော် မလိုချင်ပါဘူး။ တိုင်းသူပြည်သား လူထုညီညွတ်ရေး အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီ တက်တက်၊ ဘယ်အစိုးရလုပ်လုပ် . . . တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင် တယ်။ အဲဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက် ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်" ဟူ၍ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို တိုင်းရင်းသားပြည်သူတိုင်း မမေ့မလျော့မပေါ့စေရန် တစ်သက်စာထောက်ပြ သွားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သကဲ့သို့ တိုင်းရင်းသားအချင်းချင်းညီညွတ် ရေး၊ လူထုညီညွတ်ရေးတို့ အလွန်အရေးပါသည်ကို လက်တွေ့မြင်တွေ့နေကြရပြီ ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ဗိုလ်ချုပ်မှာကြားခဲ့သော အရေးကြီးသည့်ထိုနှစ်ချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ဆိုရမည်ဖြစ် သည်။ နိုင်ငံအတွင်း လွတ်လပ်ရေးရပြီးသည်မှ ယနေ့အထိတိုင် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ၊ လူထုအတွင်းပြဿနာများ၊ ပါတီချင်းမညီညွတ်မှုများ ကြိမ်ဖန်များစွာဖြစ်ခဲ့ရသည်။ စည်းလုံးညီညွတ်ရေး အားနည်းသောကြောင့် တိုင်းပြည်ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားခဲ့ရသည်။ ဖွံ့ဖြိုးတိုးတက် ရေးနှင့် အလှမ်းဝေးရသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကတည်းက ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်တို့ကို ဖော်ဆောင်ခဲ့ကြသည်။ ဒီမိုကရေစီစနစ်၏အနှစ်သာရကို ကြည့်လျှင်ဖြစ်စေ၊ နိုင်ငံတကာဒီမိုကရေစီနိုင်ငံ များ၏ အစဉ်အလာကိုကြည့်လျှင်ဖြစ်စေ မတူကွဲပြားသောနိုင်ငံရေးအယူအဆအရ လွတ်လပ်စွာသဘောကွဲလွဲကြသော်လည်း တိုင်းပြည်အရေးအတွက်မူ တစ်သဘော တည်းရှိကြသည်။ ပြည်သူလူထုအကျိုးစီးပွား၊ တိုင်းပြည်အကျိုးစီးပွားကို ပိုမို အလေးထားသောကြောင့် ထိုတိုင်းပြည်တို့သည် ဒီမိုကရေစီထွန်းကားသည်။ တိုင်းပြည်တိုးတက်သည်။ ဒီမိုကရေစီနည်းလမ်းအရ လွတ်လပ်စွာ ဆန္ဒဖော်ထုတ် သော်လည်း စည်းကမ်းလိုက်နာကြသည်။ တိုင်းပြည်ပျက်စီးစေမည့် အခြေအနေမျိုး ကို ရှောင်ရှားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်၏အနာဂတ်ကိုမြော်မြင်၍ ကြိုတင် မှာကြားခဲ့သည်။ တိုင်းပြည်အတွက်အလွန်အရေးကြီးသော တိုင်းရင်းသားညီညွတ် ရေး၊ လူထုညီညွတ်ရေးတို့ မပျက်ပြားစေရန် သတိပေးခဲ့သည်။ ယင်းညီညွတ် ရေးနှစ်ခု ပြိုကွဲပျက်စီးပါက တိုင်းပြည်ပြိုလဲ ပြိုကွဲသွားနိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။ မညီညွတ်သည့်အခါ ပြည်တွင်း၊ ပြည်ပ ပယောဂအမျိုးမျိုးတို့ ထိုးဖောက် ဝင်ရောက်လာတတ်သည်။ တိုင်းရင်းသားများနှင့်လူထု ထိုနှစ်ခုညီညွတ်ကြ သောအခါ ၁၉၄၇ – ၄၈ ခုနှစ်က လွတ်လပ်ရေးအောင်ပန်းကို လှမ်းဆွတ်ချူနိုင်သလို လွတ်လပ်ပြီးကာလများ၌ တိုင်းပြည်ဖွံ့ဖြိုးရေး၊ ကြီးပွားရေးတွင်စည်းလုံးရမည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ ပြည်သူလူထုအချင်းချင်း ညီညွတ်ရေးသည် အထူးအရေးကြီးသည်။ ပြည်ထောင်စုကြီးတစ်ခုလုံးတွင် ညီညွတ်ရေးဖြင့် ချစ်ချစ်ခင်ခင်လက်တွဲပူးပေါင်း နေထိုင်ကြမည်ဆိုလျှင် အေးချမ်းသာယာဝပြောသည့် ပြည်ထောင်စု၊ တိုင်းရင်းသား ပြည်သူများမျှော်မှန်းသည့် ပြည်ထောင်စုကြီးပေါ်ထွန်းနေမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## ကေတုမတီ ငါးမွေးမြူရေးကုန်ထုတ်သမဝါယမအသင်း(၁)လီမိတက် အသင်းဝင်များအား ထောက်ပံ့ငွေပေးအပ်



**တောင်ငူ ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီ ငါးမွေးမြူရေးကုန်ထုတ် သမဝါယမအသင်း(၁) လီမိတက်၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်သစ်များ၊ အသင်း စာရင်းစစ်အဖွဲ့ဝင်သစ်များ ရွေးချယ် တင်မြှောက်ခြင်း၊ အသင်းဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အသင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အဖွင့်အမှာစကား ပြောကြား**

အခမ်းအနားတွင် ဖွဲ့စည်းရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအမှုဆောင် အဖွဲ့ဝင်များ ရွေးချယ်ခဲ့ပြီး လုပ်ငန်း တာဝန်များခွဲဝေခြင်းနှင့် ကတိသစ္စာ ခံယူခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့နောက် အသင်းဝင် ၃၅ ဦးအား ထောက်ပံ့ငွေကျပ် ၈၆ သိန်းကို တာဝန်ရှိ သူများကပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## သာစည်မြို့နယ်၌ သင်တန်းပို့ချမှုနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု ကြည့်ရှု

**သာစည် ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံသံဂဟေဆက်သင်တန်း ဖွင့်လှစ် သင်ကြားပို့ချနေမှုကို ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိ သူများက ယမန်နေ့မွန်းလွဲပိုင်းက ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ သာစည်မြို့နယ်အတွင်းရှိ ၂၀၂၁–၂၀၂၂ ခြောက်လဘဏ္ဍာနှစ် မူလရန်ပုံငွေဖြင့် တိုးငွေလျှံကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် အောင်မြင်သာကျေးရွာ မြေသား တင်ဂျင်းခင်းခြင်းနှင့် Slab Culvert နှစ်စင်းတည်ဆောက် ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေစင်အားမာန်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်သည့် မကျီးကန်ကျေးရွာ ရေပေးရေးလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်

■


ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန္တလေး – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

## ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန် လိုအပ်သဖြင့် ပညာတတ်များ ပေါ်များစေရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ ၅၅ သန်းတွင် ၃ သန်းခန့်သာ ဘွဲ့ရရှိသည်ကို တွေ့ရှိရသဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာကို သင်ကြားနိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ လူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင်လည်း မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမှာ အရေးကြီးသည့်အတွက် မိမိတာဝန်ယူချိန်ကာလအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ဟိုတယ်များအနေဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများ အတူတကွ ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့ Mingalar Garden Hotel ခန်းမ၌ ပြည်ခရိုင် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

**မဖြစ်မနေ လိုက်နာဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် လူအများကူးသန်းသွားလာမှုနှင့် ရင်းနှီးဆက်ဆံမှုများအပေါ် အခြေခံ၍ ဝန်ဆောင်မှုပေးအပ်သည့် လုပ်ငန်းတစ်ခုဖြစ်ရာ ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားနေသည့်အချိန် ဝန်ဆောင်မှုပေးရာ၌ Enchanting Myanmar Health & Safety Protocol (HSP) သည် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် လုံးဝပျောက်ကွယ်သွားခြင်း မရှိသေးဘဲ ဆက်လက်တည်ရှိနေမည်ဖြစ်သည့်အတွက် ၎င်းနှင့်အတူယှဉ်တွဲပြီး လုပ်ငန်းများ လုပ်ဆောင်တတ်ရန် ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်ရှိ ပုဂ္ဂိုလ်များအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးရန်နှင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပွင့်လင်းရာသီကာလမှစ၍ ပြည်တွင်းခရီးသွားလုပ်ငန်းမှာ သိသာစွာ ပြန်လည်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း၊ ယခု ကျင်းပမည့် သရေခေတ္တရာ ပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပွဲတော်သည် ရာသီချိန်တွင် မြှင့်တင်ကြော်ငြာသည့် လှုပ်ရှားမှုအစီအစဉ်တစ်ခုဖြစ်ရာ ယင်းကိုအခြေခံ၍ ခရီးသွား



ဧည့်သည်များ စိတ်ဝင်စားပြီး လာရောက်လည်ပတ်ခြင်းဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်မြို့ရှိ ဟိုတယ်များအနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံပြည်သူများ အတူတကွ ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

**အသိအမှတ်ပြုလက်မှတ်များ ပေးအပ်**

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်မင်းက ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စစ်ဆေး၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်သည့် ဟိုတယ်များကို Enchanting Myanmar Health & Safety Protocol အစီအစဉ်အရ ဒေသအဆင့် အသိအမှတ်ပြုလက်မှတ်များပေးအပ်ရာ ဟိုတယ်များမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အားကစားဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လှုပ်ရှားမှု သရေခေတ္တရာ ပျူမြို့ဟောင်း အပျော်တမ်းစက်ဘီးစီးပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်မှ အပျော်တမ်းစက်ဘီးစီး အားကစားသမားများကို ခရာမှုတ်၍ တာလွှတ်ပေးသည်။ စက်ဘီးစီးခရီးစဉ်လမ်းကြောင်းအနေဖြင့် ပန်းတောင်းမြို့၊ ရွှေဘုံသာမုနိဘုရားဈေးတန်းအရှေ့မှ နဝဒေးတံတား၊ ဘုရင့်နောင်လမ်းဆုံ၊ မြို့သစ်လမ်း၊ ပြည်-အောင်လံ- ပေါက်ခေါင်းလမ်းဆုံ၊ ကမ္ဘာ့အမွေအနှစ်တံဆိပ် သင်္ကေတနေရာမှတစ်ဆင့် ဘောဘောကြီးစေတီအထိ စုစုပေါင်း ၁၀ မိုင်ခန့် ရှည်လျားပြီး အပျော်တမ်း စက်ဘီးစီးပွဲတော်အတွင်း စက်ဘီးစီးအားကစားသမား စုစုပေါင်း ၃၂၀ ခန့် ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်နှင့် တာဝန်ရှိသူများက စက်ဘီးစီးခရီးစဉ် တစ်ထောက်နားရပ် နေရာဖြစ်သည့် နဝဒေးတံတား (ပြည်ဘက်ကမ်း)နှင့် ကမ္ဘာ့အမွေအနှစ် သင်္ကေတတံဆိပ် တည်ရှိရာနေရာသို့ သွားရောက်ကာ အပျော်တမ်းစက်ဘီးစီးပွဲတော်တွင် ပါဝင်သည့် စက်ဘီးစီးအားကစားသမားများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ယင်းနောက် စက်ဘီးစီး အားကစားသမားများ ပန်းဝင်နေရာဖြစ်သော ဘောဘောကြီးစေတီရှေ့ ဆုချီးမြှင့်မဏ္ဍပ်တွင် ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက အပျော်တမ်းစက်ဘီးစီးပွဲတော်တွင် ပန်းဝင်သည့် စက်ဘီးစီးအားကစားသမား တစ်ဦးချင်းကို အထိမ်းအမှတ်တံဆိပ်များ ပေးအပ်ခြင်း၊ စက်ဘီးအစီး ၂၀ ကံစမ်းမဲဖောက်ပေးအပ်ခြင်းနှင့် အသက် ၁၂ နှစ်အောက် စက်ဘီးစီးကစားသမားများကို အထူးဆုများ ပေးအပ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် အပျော်တမ်းစက်ဘီးစီးပွဲတော် အထိမ်းအမှတ် ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနားကျင်းပသည့် Mingalar Garden Hotel ၌ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျေးဇူးတင်စကားပြောကြား၍ ဧည့်သည်တော်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❐ **ရှေ့ဖုံးမှ**

ဝန်ထမ်းများ၊ ဝင်ငွေနည်း ကုမ္ပဏီဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ထံမှ သိရသည်။

**ကြိုးစားဆောင်ရွက်**

"ပြည်သူ့အငှားအိမ်ရာမှာ ငှားရမ်းနေထိုင်ခွင့်ကို လျှောက်ထားသူရဲ့ ဝင်ငွေပေါ်မူတည်ပြီး ဝင်ငွေနဲ့ကိုက်ညီတဲ့ အိမ်ခန်းကို ခွင့်ပြုပေးသွားမှာပါ။ ငှားရမ်းနေထိုင်ခွင့်သက်တမ်းကို တစ်ကြိမ်လျှင် ငါးနှစ်နဲ့ အများဆုံး နှစ်ကြိမ် ခွင့်ပြုမယ်။ နှစ်စဉ် အိမ်ငှားဦးစီးကိုယ်တိုင် သက်တမ်းတိုးခြင်းကို ဆောင်ရွက်ရပါမယ်။ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုဖြစ်ပြီး မှီခိုဖို့မရှိသူများကို ဆက်လက်ငှားရမ်းခွင့်ပြုနိုင်ရေးအတွက် အိမ်ခန်းနေရာချထားရေးကော်မတီရဲ့ ထောက်ခံချက်နဲ့ ဆောင်ရွက်နိုင်ပါတယ်။ ဌာနအနေနဲ့ လောလောဆယ် နေရေးခက်ခဲနေကြတဲ့ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးနိုင်စေဖို့ ဒီစီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ဖဖဖ စတုရန်းပေ အကျယ်အဝန်းရှိ လေးခန်းတွဲ ငါးထပ်၊ အဆောက်အအုံလုံးရေ ၉၁ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၁၄၅၆ ခန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအိမ်ရာများ ပြီးစီးပါက အိမ်ခန်း ငှားရမ်းနေထိုင်ခွင့်အနေဖြင့် ပျမ်းမျှတစ်လငှားရမ်းခကို ကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ကြား၊ အထပ်အနိမ့် အမြင့်ပေါ်မူတည်၍ သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရပြီး အိမ်ခန်းချထားရေးမူဝါဒနှင့် အိမ်ခန်းငှားရမ်းခ ဈေးနှုန်းသတ်မှတ်ချက်ကို ဦးစီးကော်မတီနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အကောင်အထည်ဖော်**

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်မြို့တွင် အဆောက်အအုံ ၁၉၄ လုံး၊ အိမ်ခန်းယူနစ် ပေါင်း ၃၁၀၄ ခန်း၊ နေပြည်တော်တွင် အဆောက်အအုံ ၂၈ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၄၄၈ ခန်းနှင့် မန္တလေးမြို့တွင် အဆောက်အအုံ ၉၁ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၁၄၅၆ ခန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

**နိုင်ငံတော်အတွက် ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဒို့ဆောင်ရွက်**

# မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်




**နေပြည်တော် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်များ၊ ရွှေဆိုင်များကို လက်နက်ဖြင့် ခြိမ်းခြောက်ဓားပြတိုက်မှုဖြစ်စဉ်များ၌ တရားခံများနှင့် ရွှေထည်ပစ္စည်းများကိုဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး ဖော်ထုတ်သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာဒုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ဧကရာဇ်ရပ်ကွက် မြို့ရှောင်လမ်းပေါ်ရှိ ရတနာသီရိဈေး၌ ဈေးရုံသစ်များ တည်ဆောက်နေမှု၊ တည်ဆောက်ပြီးသည့် နှစ်ထပ်ဈေးရုံသစ်တွင် သား၊ ငါးဆိုင်ခန်းများ စနစ်တကျပြန်လည်နေရာချထားမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ရောင်းဝယ်ဖောက်ကားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဈေးအတွင်း ဈေးရောင်းဈေးဝယ်သူများအား နှာခေါင်းစည်းများ ဝေငှကာ ကုန်တင်ကုန်ချယာဉ်များ ဝင်/ထွက်မှုလွယ်ကူအောင် စီမံဆောင်ရွက်ရန်၊ ဈေးသန့်ရှင်းရေးနှင့် ရေမြောင်းများမှ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းရန်တို့ကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ရုံးဝင်းအတွင်း ၁၅ တန် Liquid Oxygen Tank တပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအတွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် စုဖွဲ့ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်-ပြည်လမ်းမပေါ်ရှိ ပျဉ်းမပင်ကပ်ကျော်ဆုတောင်းပြည့်ဘုရားအနီး ကတ္တရာကွန်ကရစ်(AC) ထပ်ပိုးလွှာခင်းကျင်းနေမှုကိုလည်းကောင်း၊ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး လူသွားစင်္ကြံစက်ဘီးလမ်းဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ တေဇာဒီပကျွန်း၌ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှု၊ တေဇာဒီပကျွန်း ပန်းခြံဝင်ပေါက်အနီး စက်ဘီးရပ်နားရန်နေရာပြုလုပ်ထားရှိမှု၊ လူကူးတံတားနှင့် ကန်ရေပြင်အတွင်း ကျရောက်သည့် ရွက်ကြွေများနှင့် အမှိုက်များရှင်းလင်းနေမှု၊ လူကူးတံတားပေါ်မှ အညစ်အကြေးများ နေ့စဉ်ရေဆေးကြောသန့်စင်နေမှုနှင့် လူကူးသစ်သားတံတားဟောင်းကို ဖျက်သိမ်းပြီးစီး၍ ပြန်လည်ပြုပြင်ခင်းကျင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားကို သတ်မှတ်ချိန်အတွင်း ကြံ့ခိုင်ကောင်းမွန်အောင် တည်ဆောက်ရေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း ခြောက်တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၀**

အကောက်ခွန် ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီ နှစ်ခုမှ နှာခေါင်းစည်း ၆၂၀၀ ကီလိုဂရမ်၊ Syringe အခု ၂၇၆၉၀၊ Infusion အခု ၅၆၈၀၊ Glucose Injection ၂၁၂၈၀၊ PAI Hydro Injection ၄၆၀၀၊ PAI B Plex Injection ၄၉၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်း

**ဖားကန့် ဇန်နဝါရီ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ တောမော်ကျေးရွာနှင့် ကျောက်သွေးတောင်ကျေးရွာတို့၌ လမ်းအရှည်ပေ ၃၅၀၊ လမ်းအကျယ် ၁၈ ပေနှင့် ဒုခြောက်လက်မရှိ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများမှာ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီ စုစုပေါင်းငွေကျပ်သိန်း ၂၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းဦးနှင့် ဌာနဝန်ထမ်းများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေးအဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၃၀**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန်ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သနပ်ပင်ဆိပ် (အရှေ့) ရွာဦးကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ပညာရောင်ခြည် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာလယ်တီ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိတောင်ငူကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မင်္ဂလာရာမကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ကွင်းကျောင်းပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





နယ်စပ်ရေးရာဝန်ကြီးဌာန တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီတာခိုင်နှင့် တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်မှူး ဦးအောင်ခိုင်မိုးနှင့် သာသနာရေးဦးစီးဌာန ခရိုင်သာသနာရေးမှူး ဦးထွန်းမောင်ကြည်တို့က ဇန်နဝါရီ ၃၀ ရက်တွင် တာချီလိတ်မြို့နယ် ရွှေတောင်တန်းဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ အရာထမ်း၊ အမှုထမ်းမိသားစုများက ဇန်နဝါရီ ၃၀ ရက်တွင် မိုင်းဟန်ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းစဉ်။

စိုင်းအောင်ဇော်လင်း

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

## ရင်းနှီးချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုဖွား တိုင်းရင်းသား

# တောင်ကြီးမြို့ ပညာရေးဒီဂရီကောလိပ်တွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၃၀**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမတွင် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။



### သီဆိုဖျော်ဖြေ

ရှေးဦးစွာ တောင်ကြီးမြို့နှင့် လွိုင်ကော်မြို့ ပညာရေးဒီဂရီကောလိပ်တို့မှ သင်တန်းသားသင်တန်းသူများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး တောင်ကြီးမြို့ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦးက အမှာစကားပြောကြားရာတွင် အာစရိယနွယ်ဝင် ဆရာများအဖြစ် ခံယူတော့မည့်သင်တန်းသားသင်တန်းသူများအနေဖြင့် အနာဂတ်သားကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ ကလေးငယ်တို့၏ စံနမူနာပြသူ ဖြစ်စေရေးအတွက် သင်တန်းအလေ့အကျင့်မှသည် လုပ်ငန်းခွင် အရည်အချင်းအဖြစ် ကြိုးပမ်းလေ့ကျင့် သင်ယူကြရမည်ဖြစ်ကြောင်း၊ (၇၅) နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကို အကြောင်းပြုပြီး မိမိနိုင်ငံ၏ မမေ့အပ်သည့်နေ့ထူးနေ့မြတ် အကြောင်းအရာများကို သိရှိနားလည်မှု အရည်အသွေး၊ ဗဟုသုတပြည့်ဝမှု အရည်အသွေးနှင့်အတူ နှုတ်မှုစွမ်းရည်ကြွယ်ဝမှုကို လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

### ယှဉ်ပြိုင်ခဲ့ကြ

ထို့နောက် လုပ်ငန်းခွင်အကြိုမူလတန်းဆရာ အတတ်ပညာသင်တန်း အမှတ်စဉ် (၇/၂၀) သို့ တက်ရောက်လျက်ရှိသောသင်တန်းသား သင်တန်းသူ ပြိုင်ပွဲဝင် ကိုးဦးတို့က ညီနောင်တစ်စုတည်ထောင်ပြုသည့်ပြည်ထောင်စု ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဇော်နိုင်လင်း

# ဟင်္သာတမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဟင်္သာတ ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာငါးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ စီနှင့် ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် သရက်တော (ကုန်းကြီးတော)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ကွမ်းခြံကုန်းကျေးရွာနှင့် သဲဖြူကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အင်းမကျေးရွာနှင့် ကွမ်းခြံကုန်းကျေးရွာတို့တွင် ကွန်ကရစ်တောင်ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ကျေးရွာငါးရွာမှ အိမ်ထောင်စု ၅၄၂ စုတို့ရှိ လူဦးရေ ၂၀၇၉ ဦးတို့၏ ရာသီမရွေးသွားလာမှုကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ဟင်္သာတမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေကျပ် သိန်း ၁၀၀ ပံ့ပိုးမှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၈-၂၀၁၉ ခြောက်လဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၆ ရွာ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၂ ရွာ၊ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာ စုစုပေါင်း ကျေးရွာ ၇၄ ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# ဇလွန်မြို့နယ်၌ နိုင်ငံတော်က ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးသည့် ပုလဲဓာတ်မြေသြဇာပေးအပ်ပွဲ ကျင်းပ

**ဇလွန် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှပြုလုပ်သော နိုင်ငံတော်က ၂၀၂၁ -၂၀၂၂ ခုနှစ် နွေစပါးစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအား ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးသည့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပုလဲဓာတ်မြေသြဇာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းလွင်ဦးက ဓာတ်မြေသြဇာ ဖြန့်ဖြူးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများအား ဓာတ်မြေသြဇာအိတ်များ ဖြန့်ဖြူးပေးအပ်ခဲ့သည်။

### ဖြန့်ဖြူးပေးမည်

ဇလွန်မြို့နယ်တွင် ယခုနှစ် နွေစပါး စိုက်ဧက ၂၉၈၂ ဧကကျော်ခန့် စိုက်ပျိုးထားလျက်ရှိပြီး နှစ်ဧကလျှင် ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်နှုန်း ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုး၏ ပြောကြားချက်အရ သိရသည်။

ငွေသန်း(ဇလွန်)

# လမ်းမှန်သိပါ

မောင်နှင်းဆီ

ငယ်သူငယ်ချင်း ကျောင်းနေဖက်တစ်ယောက် ရှိပါတယ်။ အထက်တန်းကျောင်းသားဘဝ ကိုးတန်း၊ ဆယ်တန်းတုန်းကလည်း တစ်တန်းတည်း၊ တစ်ခန်းတည်း။ မန္တလေးတက္ကသိုလ်တက်ကြတော့လည်း အဓိကဘာသာယူတာမတူပေမယ့် လေးနှစ်ကာလကြာမျှ အတူတကွဖြတ်သန်းခဲ့ကြပါတယ်။ ပိုပြီး ရင်းနှီးကြရတာက သူနဲ့ကျွန်တော် ရွှေပြည်အေး ကျောင်းဆောင်မှာ တစ်ခန်းတည်းတွဲနေခဲ့ကြပါတယ်။ အဆောင်က အခန်း ၁၀၀ ကျော်ကို ကျောင်းသား ၂၀၀ ထားရတာဆိုတော့ လူချင်းတွဲနေချင်သူ စာရင်းပေးစေပြီး နှစ်ယောက်တစ်ခန်းနေရ။ အိပ်ရာခုတင် နှစ်လုံး၊ စားပွဲနှစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ မီးသီး နှစ်လုံးထည့်ပေးထားပါတယ်။

တစ်ယောက်အကြောင်းတစ်ယောက် အားသာချက်ရော၊ အားနည်းချက်ရော ရှိသမျှအကုန်နီးနီး သိကြတဲ့ ကိုယ့်ရဲ့ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်ပါ။ နီးနီးဝေးဝေး သူငယ်ချင်းကောင်း ပီသစွာ အခင်မင်မပျက်ကြပါ။

တစ်နေ့က ဖုန်းဆက်လာတယ်။ ငါ့သမီးလေး အဲဒီမှာရှိတယ်ကွာတဲ့။ ရာထူးပြောတယ်၊ ဌာနပြောတယ်။ အဲဒါမင့်ဆီလာတွေ့ရအောင် လွှတ်လိုက်မယ်တဲ့။ အေး၊ ဘာကူညီစေချင်တာလဲ၊ ပွင့်ပွင့်လင်းလင်း မေးရတယ်။ အထူးအထွေမရှိပါဘူး။ ရာထူးတိုးဖြေထားတာ ကူညီစေချင်တာပါပဲ။

“ဟ... ငါ့ဌာနလည်းမဟုတ်။ ငါနဲ့မဆိုင်တာ ငါက ဝင်စွက်ဖက်တာမျိုး မလုပ်နိုင်ဘူးလေကွာ”လို့ ပြောပေမယ့်လည်း မိဘဆိုတာမိဘပဲလေ။ သူငယ်ချင်းဆိုတာ တတ်နိုင်သလောက်ကူညီလို့ရသမျှ အကူအညီရမှာပဲလို့ တောင်းခံခြင်းပဲပေါ့။ ပြောမရတော့လည်း လွှတ်လိုက်ပေါ့။ ညတကာနဖ္ဓသင်္ဂဟော ပဲထားပါတော့။

ဌာနတစ်ခုမှာ လက်ထောက်ညွှန်မှူးလားမသိ။ ရာထူးတစ်ဆင့်တက်ချင်တာက ဒုညွှန်မှူးဖြစ်မှာပေါ့။ လုပ်သက်လည်း အထိုက်အလျောက်တော့ရှိနေပါပြီ။

သူ့လောက် လုပ်သက်မရှိသူတွေတောင် ရာထူးတွေတိုးကုန်ပါပြီ။ သူက ကျန်ခဲ့တယ်။ အဲဒါ ရာထူးတိုး ဒီတစ်ခါထွက်ရင် သူ့နာမည်ပါအောင် လုပ်ပေးပါ၊ ကူညီပါပေါ့။

**စစ်သားကောင်းဖြစ်အောင် ထမ်းဆောင်ခဲ့**

မိမိက တပ်မတော်မှာ စစ်မှုထမ်းခဲ့ပါတယ်။ ဘယ်တပ်ရောက်ရပါစေဆိုတာလည်း မရှိဘူး။ ဘယ်ပြည်နယ်၊ ဘယ်တိုင်းကိုသွားချင်တယ်၊ ဘယ်ပြည်နယ် ဘယ်တိုင်းဆိုရင် မသွားချင်ပါဘူး ဆိုတာလည်း မရှိခဲ့ဖူးဘူး။ စစ်သားစစ်ဗိုလ်ဆိုတာ နိုင်ငံ့ဝန်ထမ်းပေပဲ။ စေရာသွားမယ်၊ ထားရာနေမယ်၊ ပို့တဲ့နေရာသွားတာပဲ။ ပေးတဲ့တာဝန်ကို အကောင်းဆုံးလုပ်ခဲ့တာပဲ။ ဒါကြောင့် ခြေလျင်တပ် ခုနစ်နှစ်၊ ခြေမြန်တပ် ငါးနှစ် စသဖြင့် တိုက်ခိုက်ရေး စစ်ဆင်ရေးတာဝန်တွေကို မိမိ ၁၂ နှစ် ဖြတ်သန်းခဲ့ပါတယ်။ မသေလို့ရှင်နေသေးတာ။ သွားဆိုသွားတယ်။ တိုက်ဆိုတိုက်တယ်။ လုံခြုံမှုရှိအောင် ခုခံကာကွယ်ဆိုရင် လုံခြုံအောင် ကာကွယ်ခဲ့တာပဲ။ စစ်သားကောင်းဖြစ်အောင် ထမ်းဆောင်ခဲ့ပါရဲ့။

တပ်ထဲမှာ အတူတွဲလုပ်ခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေ မသေသေးဘဲ သက်ရှိထင်ရှား အရာရှိတွေ၊ အရာခံတွေ၊ ဆရာတွေ အများကြီးပါပဲ။ ပန်းသတင်းလေညင်းသယ်ဆောင်ပါတယ်၊ လူသတင်း လူချင်းဆောင်ယူစမြဲပါလေ။ ရှမ်းပြည်နယ်ထဲမှာချည်း အနှစ် ၂၀ နီးနီး တာဝန်ထမ်းခဲ့ရပါတယ်။ ဒါကို ကောင်းတယ်လို့လည်း မပြောလိုပါဘူး၊ ဆိုးတယ်လို့လည်း မပြောလိုပါဘူး။ ထိတွေ့မှုတွေ နေ့နေ့ညည ရှိခဲ့ရတဲ့ ရက်တွေ၊ လတွေရှိခဲ့ဖူးတယ်ဆိုတာတော့ အထူးပြောစရာမလိုပါ။

သီပေါ၊ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ နမ္မတူ၊ တန့်ယန်း စတဲ့မြို့ထဲဈေးထဲအထိ လက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ ရင်ဆိုင်ဖြေရှင်းကြရတာ အဲဒီအချိန်အခါက မထူးဆန်းခဲ့ပါ။ အန္တရာယ်အကြီးအသေး၊ အနီးအဝေးအမျိုးမျိုးကြားမှာပဲ နှစ်ပေါင်းများစွာ ထုသားပေသားကျခဲ့ရတဲ့ စစ်သားဘဝပါလေ။

ရာထူးအဆင့်ဆင့် တိုးမြှင့်ခဲ့တာလည်း မိမိရဲ့ အထက်အရာရှိတွေ ထောက်ခံချီးမြှောက်လို့ပါပဲ။ ပြစ်မှုလည်း တစ်ခုမှမရှိဘူး။ တာဝန်ပေးသမျှကိုလည်း ကြိုးကြိုးပမ်းပမ်း ဦးလည်မသုန်ထမ်းဆောင်လေ့ရှိတယ်ဆိုတော့ အတူဆင်းခဲ့ကြတဲ့ သူငယ်ချင်းတွေနည်းတူ အပွင့်တိုးရင်တိုးတာပါပဲ။ တစ်ဆင့်တက်ရင် တက်လာခဲ့တာပါပဲ။ သူများတကာထက် ပိုပြီးမမြန်ပါ။ မစောပါ။ သူတကာထက်လည်း နောက်မကျခဲ့ပါ။ ရာထူးရရေးလည်း ဦးစားမပေးခဲ့ဖူးပါ။ ရရ၊ မရရ။

မလွဲမသွေ ဆက်ဆက်ပြန်ရောက်လာတာတွေချည်းပဲ။ ဆွေမျိုးသားချင်းဖြစ်ဖြစ်၊ ရွယ်တူအဖော်အပေါင်းတွေထဲမှာပဲဖြစ်ဖြစ် ချမ်းသာနေတဲ့လူလည်းရှိတယ်။ ဆင်းရဲတဲ့လူလည်းရှိတယ်။ အောင်မြင်ကြီးပွားသူလည်းရှိ၊ မကြီးပွားသူလည်းရှိ။ မမြင်နိုင်ကြတဲ့ ကံတရားတွေလေ။ ဒါကိုပဲ လူတစ်ယောက်အခြေအနေကောင်းတယ်ကြားတာနဲ့ “အရှင်မွေးလို့ နေ့ချင်းကြီးတာကွာ”တဲ့။ “စိုင်ကော်လို့ ချုံပေါ်ရောက်တာပါ။ ဘာမှအထင်ကြီးစရာမရှိပါဘူး”တို့။ “ဆွမ်းကြီးလောင်းပွဲဆိုတော့ ရောကောသောကောပါသွားတာနေမှာပါ” စသဖြင့် အသားလွှတ် (ဘာမှ ရန်ငြိုးရန်စမှလည်းရှိခဲ့ဖူးတာမဟုတ်ဘဲ) မနာလိုဝန်တိုစိတ်နဲ့ ရှုံ့ကာမဲ့ကာနဲ့ သေးသိမ်နိမ့်ကျတဲ့ စိတ်ထားမျိုးနဲ့ မှတ်ချက်တွေပေးချင်ကြတာ များတယ်။

**မုဒိတာဆိုတဲ့ မွန်မြတ်တဲ့စိတ်ထား**

ဗြဟ္မစိုရ်တရားလေးပါးထဲမှာ မုဒိတာဆိုတဲ့ မွန်မြတ်တဲ့စိတ်ထားသဘောထားဟာ တစ်ချက်ပါတယ်လေ။ သူများကြီးပွားရင် ဝမ်းသာနိုင်တယ်။ သူတစ်ပါးအောင်မြင်တာမြင်ရရင် ပျော်ရွှင်မိတယ်။ သူတစ်ဖက်သားချမ်းသာရင် သဘောကျတယ်။

‘စိတ်ကောင်းရှိဖို့က ပထမ’။ ဒါဟာ အကြီးမားဆုံးကိုယ်ပိုင်အရင်းအနှီးကြီး ပါပဲ။ ငွေကြေးဥစ္စာ ရတနာရွှေငွေတွေထက်ပိုပြီး အဖိုးထိုက်တဲ့ အရေးအကြီးဆုံးသော ကိုယ့်မှာရှိရမယ့် ပထမအရင်းအနှီးပဲပေါ့။ ဘယ်သူမဆို ကိုယ်နဲ့ထိုက်တန်တဲ့ဘဝ၊ ကိုယ်နဲ့ဆီလျော်ကိုက်ညီတဲ့နေရာ၊ အဆင့်မှာပဲနေကြရတာပဲ။ ပုဗ္ဗေစကတပုညတာဆိုတာ အောင်မြင်ကြီးပွားရေးလေးချက်ထဲမှာ တစ်ချက်အပါအဝင်ပေါ့။ ပုညကုသလကောင်းမှု အပြုအမူ၊ အတွေးအယူ၊ အပြောအဆိုဟူသမျှဟာ စိတ်ကောင်းအရင်းခံရှိမှုဖြစ်တာမဟုတ်လား။ အဲဒါကို အတိုကောက် ‘ပု’ လို့မှတ်။ မကောင်းတဲ့အကုသိုလ်ဒုစရိုက် အပြောဆိုး၊ အလုပ်ဆိုး၊ အကျင့်ဆိုး၊ အတွေးအကြံဆိုးတွေက ပါပလို့ခေါ်ပါတယ်။ (အတိုကောက် ‘ပ’ လို့ ယူပါ)

**ဦးလည်မသုန်ထမ်းဆောင်ခဲ့**

စစ်မှုထမ်းသက် အနှစ် ၂၀ နီးခဲ့ပြီဆိုတဲ့အချိန်မှာတော့ အသက်ကလည်း လေးဆယ်ကျော်ပြီ။ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်စွန့်ပြီး တာဝန်ပေးသမျှ ဦးလည်မသုန်ထမ်းဆောင်ခဲ့တာတော်လောက်ပါပြီ။ မသေလို့သာ သေတွင်းသေကွင်းတွေက လွတ်မြောက်နေခဲ့တာလေ။ သေတစ်နေ့၊ မွေးတစ်နေ့လို့ပဲ မှတ်ယူခဲ့ပါတယ်။ နောက်တွန့်ကြောက်ရွံ့ခဲ့တာ တစ်ပွဲမှမရှိခဲ့ဖူးပါဘူး။

သူများတွေ ဘာဖြစ်လို့၊ ညာဖြစ်လို့ဆိုတာလည်း အားမကျဘူး။ ဘာတွေညာတွေ အခွင့်အရေးရသတဲ့ဆိုရင်လည်း မနာလိုမဖြစ်ဘူး။ လူဆိုတာ သူ့ကုသိုလ်နဲ့သူ။ မတူတာကို ပြိုင်ချင်လို့မရဘူး။ သံသရာခရီးက အရှည်ကြီးလေ။ သူ့ရဲ့ပုဗ္ဗေစကတပုညတာဆိုတဲ့ ရှေးအတိတ်ဆီက မမြင်ရတဲ့ကုသိုလ်တွေကြောင့် ကြီးပွားအောင်မြင်နေကြတယ်။ မမြင်ရတဲ့ ယခင့်ယခင်အတိတ်က အကုသိုလ်ဒုစရိုက်အပြစ်တွေကြောင့် နေ့မြင်ညပျောက်သူတို့တွေ ထိခိုက်သေကျေဆုံးရှုံးရတာကြုံရပုံတွေမြင်ရတယ်။ ယှဉ်စရာမဟုတ်ဘူး။

ကိုယ်ပြုတဲ့ကံတွေက ပဲ့တင်သံအဖြစ် မိမိထံကို သူတစ်ပါးရာထူးတိုးရင် ကျေနပ်တယ်။ သူတကာတွေ စည်းစိမ်ချမ်းသာတိုးရင် သာခုခေါ်နိုင်တယ်။

အချို့လူတွေမှာ မုဒိတာစိတ်ထား အင်မတန်နည်းပါးပြီး မနာလိုဝန်တိုရှုတ်ချကဲ့ရဲ့ချင်တာနဲ့ပဲ သူ့မှာ ပူလောင်ခြောက်သွေ့နေတတ်တယ်။ မပြုံးနိုင်ဘူး။

မဟာစည်ဆရာတော်ကြီး ဟောကြားတော်မူဖူးတဲ့ တရားတော်တစ်ပုဒ်ကို နာကြားဖူးပါတယ်။ မှတ်သားစရာ အနှစ်ချုပ်ကဗျာတိုလေးလည်း တိုင်ပေးပြီး တရားနာပရိသတ်ကို လိုက်ဆိုစေပါတယ်။

**“မနာလိုကင်း၊ ဝန်တိုရှင်း**
**ချက်ချင်းချမ်းသာမည်”။**

ကြီးပွားတိုးတက်အောင်မြင် ပျော်ရွှင်ချမ်းသာနေသူများကို မြင်ရကြားရရင် မနာလိုစိတ်၊ ဝန်တိုစိတ် မပေါ်ပေါက်ဘဲ မုဒိတာစိတ်ထားတတ်အောင် လေ့ကျင့်ကြရင် ဘာဖြစ်မလဲ။

ချက်ချင်းလက်ငင်း ချမ်းသာတာ။

ဒီအချက်ဟာ သေချာပေါက်တရား။

မိမိဘဝကို တိုးတက်ကြီးပွားအောင်မြင်ချင်ရင် အစစ်အမှန်လမ်းဖြောင့်လမ်းမှန်ကိုသာ ရွေးချယ်ပြီး ဆောင်ရွက်ရပါမယ်။ အဲဒါကတော့ လိုရင်းတိုရှင်းဖော်ပြရရင် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇)ရေးဆွဲချမှတ်တော်မူခဲ့တဲ့ စာသင်သားရွေးချယ်လက်ခံရာမှာ ကျင့်သုံးတဲ့ အချက်ဆယ်ချက်ထဲက ပထမဦးဆုံး အချက်ပဲပေါ့။

“စိတ်ကောင်းရှိဖို့က ပထမ”

ဒါဟာ အကြီးမားဆုံးကိုယ်ပိုင်အရင်းအနှီးကြီး ပါပဲ။ ငွေကြေးဥစ္စာ ရတနာရွှေငွေတွေထက်ပိုပြီး အဖိုးထိုက်တဲ့ အရေးအကြီးဆုံးသော ကိုယ့်မှာ ရှိရမယ့် ပထမအရင်းအနှီးပဲပေါ့။ အကျယ်မပြောတော့ပါ။ ဘယ်သူမဆို ကိုယ်နဲ့ထိုက်တန်တဲ့ဘဝ၊ ကိုယ်နဲ့ဆီလျော်ကိုက်ညီတဲ့နေရာ၊ အဆင့်မှာပဲ နေကြရတာပဲ။ ပုဗ္ဗေစကတပုညတာဆိုတာ အောင်မြင်ကြီးပွားရေးလေးချက်ထဲမှာ တစ်ချက် အပါအဝင်ပေါ့။ ပုညကုသလကောင်းမှု အပြုအမူ၊ အတွေးအယူ၊ အပြောအဆိုဟူသမျှဟာ စိတ်ကောင်း အရင်းခံရှိမှုဖြစ်တာမဟုတ်လား။ အဲဒါကို အတိုကောက် ‘ပု’ လို့မှတ်။ မကောင်းတဲ့ အကုသိုလ်ဒုစရိုက် အပြောဆိုး၊ အလုပ်ဆိုး၊ အကျင့်ဆိုး၊ အတွေးအကြံဆိုး တွေက ပါပလို့ခေါ်ပါတယ်။ (အတိုကောက် ‘ပ’ လို့ ယူပါ)

ဘယ်အယူ၊ ဘယ်စကား၊ ဘယ်အလုပ်မဆို ‘ပု’ လား၊ ‘ပ’လားသဲကွဲအောင် ဆင်ခြင်သုံးသပ် ရွေးချယ်တတ်ရပါမယ်။ ‘ပု’ မသိ ‘ပ’ မသိ (အရပ်သုံးစကား ဘုမသိ ဘမသိလို့ ပြောနေကြသူအချို့လည်း ရှိပါရဲ့။ မူရင်းကတော့ ‘ပု’ နဲ့ ‘ပ’ လို့ ဆိုရမှာပါ။)

**အချက်ခုနစ်ချက်**

ကိုယ့်ထက် လုပ်သက်နည်းတဲ့သူတွေတောင်မှ ကိုယ့်ကိုကျော်တက်ပြီး ရာထူးတွေတိုးသွားခဲ့ပြီ။ သူက လုပ်သက်များပါလျက် မတိုးသေးဘူး။ လူကြီးကိုပြောပေးပါဆိုလာ၊ သူ့ကိုမေးစမ်းကြည့်တယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများထဲက နည်းဥပဒေ (၁) ရာထူးတိုးမြှင့်ရေး အချက်ခုနစ်ချက်ဆိုတာ သိသလား ပြောပြစမ်းပါဆိုတော့ မသိပါဘူးတဲ့။ ကဲဗျာရှိစေ။ သိအောင်လုပ်ပါလို့ပဲ အကြံပေးလိုက်ပါတယ်။

အို ချစ်စွာသော နိုင်ငံ့ဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများအပေါင်းတို့။ ချစ်မိတ်ဆွေ လုပ်ဖော်ကိုင်ဖက်အပေါင်းတို့သိရှိမှုမက ပြည့်စုံရမယ့်၊ ရှိကြရမယ့်အချက် ခုနစ်ချက်ကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ကြပါ။ ဘယ်သူ့ကိုမှ အပူကပ်စရာမလိုပါ။ ဒါတွေပါပဲ။

၁။ Enthusiasm, Will (ကြိုးစားထမ်းဆောင်ချင်စိတ်)
၂။ Morale (စိတ်ဓာတ်ကောင်းခြင်း၊ နိုင်ငံတော်နှင့် ဌာနအကျိုးအတွက် စေတနာထားခြင်း)
၃။ Loyality (အထက်အရာရှိနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိခြင်း)
၄။ Inovation (တီထွင်ကြံဆလုပ်ကိုင်တတ်ခြင်း)
၅။ Professional, Skill (လုပ်ငန်းကျွမ်းကျင်ခြင်း)
၆။ Leadership (ခေါင်းဆောင်မှုကောင်းခြင်း)
၇။ Character (အကျင့်စာရိတ္တကောင်းခြင်း)

(အတိုကောက် EMLIPLC လို့ ကျက်ထားပေါ့)

မိမိရုပ်ပိုင်းစိတ်ပိုင်း အရည်အသွေးပိုင်းကို ဒီခုနစ်ချက်နဲ့ ဘောင်ဝင်ခွင်ကျအောင် ပြုပြင်မြှင့်တင်နေရင် ဘယ်သူမဆို တိုးတက်အောင်မြင်ပျော်ရွှင်ရမှာပါ။ ။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်း အစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် – ၀၆၇ ၄၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် – ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် – ၀၆၇ ၄၀၉ ၈၈၆
အီးမေးလ်လိပ်စာ – antiillegaltradeinfo@gmail.com

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် – ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် – ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် – ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ – antiillegaltradeoffice@gmail.com

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## ကိုဗစ် - ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀–၁–၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti–inflammatory** | | | | |
| 1 | Injection– Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ ခြင်းလုံးပညာရှင်ကြီးများအား ဂါရဝပြုကန်တော့

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်က ယခုနှစ်အတွင်း ရိုးရာခြင်းလုံးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဟိုတယ်ရွှေဂုံတိုင်၌ ပြုလုပ်သည့် အသက် ၇၀ အထက် ပထမအကြိမ် ခြင်းလုံးပညာရှင်ကြီးများအား ကန်တော့ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က ပြောသည်။

“ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ ဖေဖော်ဝါရီလမှာ ဥက္ကဋ္ဌဖလားလုပ်ဖို့ ဝန်ကြီးဌာနကို ကွင်းတောင်းထားပါတယ်။ မတ်လမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲ ပြီး၊ မေ၊ ဇွန်လမှာ မိုးရာသီပြိုင်ပွဲတွေလုပ်သွားဖို့ရှိပါတယ်။ ခြင်းလုံးက ၁၉၅၃ ခုနှစ်က စပေါ်တယ်။ အဲဒီနှစ်ပေါင်းသက်တမ်းမှာ ခြင်းလုံးသက်ကြီးပညာရှင်ကြီးတွေကို ကန်တော့တာ တစ်ခါမှမလုပ်ခဲ့ဘူး။ သက်ကြီးကန်တော့ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် ခြင်းလုံးပညာရှင်ကြီးတွေက ကိုဗစ်–၁၉ ရောဂါကြောင့် မလာနိုင်ကြလို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ခြင်းလုံးပညာရှင်တွေပဲ ကန်တော့လိုက်ရတာပါ” ဟု ဥက္ကဋ္ဌက ဆက်လက်ပြောသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော ခြင်းလုံးပညာရှင်ကြီးများအား မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များနှင့် အားကစားသမားများက ကန်တော့ချီးဖြင့် သက်ကြီးခြင်းလုံးပညာရှင်ကြီးများအား ဂါရဝပြုကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးခြင်းလုံး ပညာရှင်ဦးကြီးများကိုယ်စား ဦးကြည်တင့်က ဩဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဗလစိုး**

# လူငယ်နှင့် စာပေပွဲတော်သို့ တက်ရောက်လာသူအချို့၏ ရင်တွင်းစကားသံများ

နေပြည်တော် ဇန်နဝါရီ ၃၀

**မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများနှင့် လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန် ရည်ရွယ်၍ စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့ ဆက်လက်ကျင်းပလျက်ရှိသည်။**

**တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုကိုအေး**

အဆိုပါ ပွဲတော်ကြီးတွင် အသိပညာ ဗဟုသုတရဖွယ် ပြခန်းပေါင်း ၄၀ ကျော် ပါဝင်ပြသထားပြီး ဖျော်ဖြေရေးအစီအစဉ်ကောင်းများလည်း ထည့်သွင်းထားရာ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ပွဲတော်ကြီးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြသူများနှင့် တွေ့ဆုံ၍ ရင်းတွင်းစကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်။

**ဦးရဲတင့် (ဒုတိယဝန်ကြီး)**
**ပြန်ကြားရေးဝန်ကြီးဌာန**

အခုကျင်းပနေတဲ့ လူငယ်နဲ့စာပေပွဲတော်ဆိုတာ အရင်က လူငယ်စာပေပွဲတော်ဆိုပြီး ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ်ကျင်းပခဲ့တာဖြစ်ပါတယ်။ စာပေပွဲတော်ကနေ လူငယ်တွေကို စာပေတင်မကဘဲ အားကစား၊ နည်းပညာနဲ့ အခြားကဏ္ဍတွေကနေ အထွေထွေအတွေ့အကြုံ ဗဟုသုတတွေရရှိအောင် နာမည်ကို လူငယ်နဲ့စာပေပွဲတော်လို့ ပြောင်းလိုက်တာပါ။ လူငယ်တွေအတွက် ဒီအချိန်မှာ အရေးကြီးတာက အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေ့အကြုံတွေအပြင် ကျန်းမာသန်စွမ်းဖို့နဲ့ ဗလငါးတန်ပြည့်စုံဖို့လိုတယ်ဆိုတဲ့ အသိစိတ်ကို ထည့်ပေးချင်တဲ့အတွက် ဒီပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါတယ်။

အခုပွဲတော်မှာ စာအုပ်စာပေ ပြခန်းတွေကတစ်ဆင့် စာပေဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကို လူငယ်တွေကို သိစေချင်ပါတယ်။ စာပေကနေ အသိပညာ ဗဟုသုတတွေရမယ်။ ကျောင်းစာအပြင် တခြားစာပေတွေကိုလည်း လေ့လာဖို့လိုမယ်ဆိုတဲ့ အသိကို ပေးချင်တယ်။ စာပေတွေထဲမှာ ကလေးတွေ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ အများကြီးရှိပါတယ်။ နောက်ပြီးတော့ ဘဝမှာ စာဖတ်လို့ရလာတဲ့ အတွေ့အကြုံတွေနဲ့ လျှောက်လှမ်းသွားရင် သူတို့ဘဝတွေဟာ လှပနိုင်ပါတယ်။ ဒါကြောင့် ကလေးတွေ စာဖတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။ အတတ်ပညာဟာ အရေးကြီးပါတယ်။ စာတတ်ရင်တတ်သလို တွင်ကျယ်တယ်၊ လူရာဝင်တယ်ဆိုတာကိုလည်း သိစေချင်တယ်။ သိပ္ပံနဲ့ နည်းပညာပြခန်း၊ ရေကြောင်း အသိပညာပေးပြခန်း၊ လေကြောင်း အသိပညာပေးပြခန်း၊ လေယာဉ်ပျံသန်းမှု သရုပ်ပြကွင်းတွေ ပြထားတာရှိပါတယ်။ ဒီပြခန်းတွေကို ကြည့်ခြင်းအားဖြင့် အတတ်ပညာဟာ ကိုယ်တတ်ရင်တတ်သလောက် ကိုယ့်ဘဝအတွက်၊ နိုင်ငံ့အတွက်၊ ပြည်သူ့အတွက် အကျိုးပြုနိုင်တယ်ဆိုတဲ့ အတွေးကို ကလေးတွေကို ပေးချင်ပါတယ်။ အချိန်တွေ အလကားမကုန်ဆုံးစေဘဲ လေ့လာပါ၊ သင်ယူပါ၊ မှတ်သားပါဆိုတဲ့ အတွေးအခေါ်ကိုလည်း ပေးချင်တယ်။

လူ့ဘဝမှာ ကျန်းမာရေးက အဓိကဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အားကစားလုပ်ဖို့ လိုပါတယ်။ ကျန်းမာသန်စွမ်းနေမှ ကိုယ်လုပ်ချင်တာကို လုပ်လို့ရမယ်။ အသက် ရှည်ရှည်နေရမယ်။



ဒုတိယဝန်ကြီး ဦးရဲတင့်



ဦးဝင်းခိုင်



မအင်ကြင်းဖူး



မောင်ထက်လျှံရဲရင့်

ဒါကြောင့် ကျန်းမာဖို့လိုပါတယ်။ အခုပွဲတော်မှာ နိုင်ငံကျော် အနုပညာရှင်တွေနဲ့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက အနုပညာရှင်တွေလာပြီး ဖျော်ဖြေကြတဲ့အတွက် ကိုဗစ်ကာလတစ်လျှောက် ငြီးငွေ့နေတဲ့စိတ်တွေကို ပျော်စေချင်လို့ ဖျော်ဖြေရေးအစီအစဉ်ကို ထည့်သွင်းစီစဉ်ဆောင်ရွက်ပေးတာပါ။ ပွဲတော်ကို လာရောက်ကြတဲ့သူတွေဟာ ပျော်လည်းပျော်မယ်။ အသိပညာဗဟုသုတလည်း ရမယ်။

ဘဝအတွက် အရေးကြီးပြီး သိသင့်သိထိုက်တာ တန်ဖိုးရှိတာတွေကို သိရှိနိုင်အောင် ဒီပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။ လာကြည့်ကြတဲ့သူတော်တော်များများက ပြခန်းတိုင်းကို စိတ်ဝင်စားကြတယ်။ ပညာရေးပြခန်းမှာလည်း စက်ပစ္စည်းကိရိယာတွေရှိတယ်။ သိပ္ပံနှင့် နည်းပညာပြခန်းကိုလည်း အများစိတ်ဝင်စားကြတယ်။ လေကြောင်း၊ ရေကြောင်း ပြခန်းတွေကိုလည်း စိတ်ဝင်စားကြတယ်။ ပြခန်းတွေအားလုံးကို စည်စည်ကားကားနဲ့ ဝိုင်းဝန်းပြီး ကြည့်ရှုကြတာတွေ့ပါတယ်။ အလားတူပဲ ဖျော်ဖြေတဲ့နေရာမှာလည်း အားပေးကြတာ တွေ့ရပါတယ်။ စက်မှုနည်းပညာ ကျောင်းသားတွေနဲ့ ဆရာဆရာမတွေ တီထွင်ထားတဲ့ စက်ပစ္စည်းကိရိယာတွေကိုလည်း ပြသထားတယ်။

နည်းပညာတွေက အချိန်နဲ့အမျှ ပြောင်းလဲနေတာကို လာကြည့်တဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ ပြည်သူလူထုတွေ သိရှိစေချင်တယ်။ သို့သော် ပြောင်းလဲလာတဲ့ နည်းပညာတွေကို ဘဝမှာ အကျိုးရှိအောင် သုံးတတ်ဖို့အတွက် အသိလေးကို ပေးဖို့လိုပါတယ်။ ဥပမာ ကွန်ပျူတာ၊ ဖုန်းတွေကို သုံးရင်သုံးတတ်သလို အကျိုးရှိတယ်ဆိုတဲ့ အသိလေးတွေလည်း ပေးချင်တယ်။ မကောင်းတာကိုပယ်ပြီး ကောင်းတာကိုသုံးဖို့လိုတယ်။

သိပ္ပံနှင့်နည်းပညာပြခန်းတွေမှာဆို တီထွင်ထားတာတွေ အများကြီးရှိတယ်။ ပြည်တွင်းမှာ ထုတ်လုပ်ပြီး နိုင်ငံခြားငွေ သက်သာတဲ့နည်းလမ်းနဲ့ လုပ်နိုင်တဲ့ တီထွင်မှုတွေလည်း တွေ့ရပါတယ်။ ဒါတွေဟာ အလွန်အင်မတန်ကောင်းပါတယ်။ ကလေးတွေကို အားကျစေချင်တယ်။ ငါတို့စာတတ်အောင် သင်ရမယ်။ ပညာတတ်အောင် သင်ရမယ်။ ဒီလိုတတ်မှသာ တီထွင်နိုင်မယ်။ ကောင်းကျိုးပြုနိုင်မယ်ဆိုတဲ့အတွေးကို ရောက်စေချင်ပါတယ်။ ဒါကြောင့် ပွဲကိုလာရောက်လေ့လာသင့်ပါတယ်။ လူငယ်နဲ့ စာပေပွဲတော်လို့ နာမည်တပ်ထားတာက လူငယ်တွေကို ဦးစားပေးချင်လို့ပါ။ တကယ်တော့ လူကြီးတွေလည်း လာလို့ရပါတယ်။ ပြည်သူလူထုအားလုံး လာစေချင်ပါတယ်။ ပွဲတော်ကို ကိုယ့်သားသမီးတွေကိုပြမယ်။ ပွဲတော်လာကြည့်ရင်းနဲ့ ကိုယ့်သားသမီးကို အသိပညာတွေ သင်ပြညွှန်ကြားပေးနိုင်တာတွေ ရှိပါတယ်။ ဒီမှာ စာအုပ်တွေ လာဝယ်ကြတာရှိပါတယ်။ တစ်နေ့တစ်နေ့ကို အတော်ရောင်းရတယ်။

ကလေးစာအုပ်တွေ၊ ဂန္ထဝင်စာအုပ်တွေ၊ စာပေဗိမာန်ကရောင်းတဲ့ စာအုပ်တွေ၊ ပုဂ္ဂလိကဆိုင်တွေက လာရောင်းတဲ့ စာအုပ်တွေလည်း ရှိပါတယ်။ လာရောက်ဝယ်ယူရင်းနဲ့ မိမိတို့ သားသမီးတွေကို အတွေ့အကြုံရှိအောင်ပြပါ။ သားသမီးတွေကို ကျောင်းစာတွေကိုပဲ မလုပ်စေဘဲ အပြင်ကိုထွက်ပြီး လေ့လာသင်ယူတတ်တဲ့ အလေ့အကျင့်မျိုးရအောင် လာရောက်ကြည့်ရှုသင့်ပါတယ်။ ဒီပွဲမှာ အများကြီး ပညာတွေရပါတယ်လို့ ပြောလိုပါတယ်။

**ဦးဝင်းခိုင် (ကျောင်းအုပ်ကြီး၊ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း)**

လူငယ်နှင့် စာပေပွဲတော်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျောင်းက ကျောင်းသား ကျောင်းသူတွေ ၁၀၀၀ ကျော် လာရောက်လေ့လာနေပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုဗစ်လှိုင်းတွေကြောင့် ကျောင်းတွေ နားထားရတဲ့အတွက် အခုလိုပွဲတော်ကြီး ကျင်းပပေးတဲ့အခါ လာရောက်လေ့လာပြီး ပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။ ကလေးအများစုက ဖုန်းနဲ့ ဂိမ်းဆော့ပြီး အချိန်ကုန်နေကြတာများပါတယ်။ ဒီနေ့ခေတ်မှာ ကျောင်းသားလူငယ်တွေ အားလုံး စာဖတ်ဖို့ ပိုမိုလိုလာပါပြီ။ သမိုင်းဝင် စာအုပ်စာပေတွေ၊ လေ့လာစရာပြခန်းတွေကအစ ပြခန်းအားလုံးကို လေ့လာကြည့်ရှုရင်းနဲ့ အသိပညာဗဟုသုတတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသားလူငယ်တွေ ပြခန်းတွေကို ကြည့်ခြင်းအားဖြင့် ရရှိလာမယ့် အသိပညာဗဟုသုတတွေကနေတစ်ဆင့် ကျောင်းအတွက်၊ နိုင်ငံ့အတွက် အကျိုးပြုစေမယ့် သားကောင်းရတနာများ ပေါ်ထွန်းလာဖို့ အခုလိုပွဲတော်ကြီးတွေကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်။

**မအင်ကြင်းဖူး(ပြပွဲသို့လာရောက်လေ့လာသည့် ကျောင်းသူ)**

ကျွန်မတို့အနေနဲ့ ဒီပွဲတော်ကြီးမှာ ရှိတဲ့ ပြခန်းတွေကတစ်ဆင့် အသိပညာဗဟုသုတွေရရှိစေနိုင်သလို နည်းပညာနဲ့ ပတ်သက်တဲ့ ပြခန်းတွေကလည်း အတတ်ပညာကို ဘယ်လို လေ့လာအားထုတ်ရတယ်ဆိုတာကို မျက်မြင်ကိုယ်တွေ့ သိရှိရပါတယ်။ သိပ္ပံနဲ့ နည်းပညာပြခန်းမှာဆိုရင် ကျောင်းမှာသင်နေရတဲ့ သင်ခန်းစာတွေနဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို အပြင်မှာ မျက်မြင်တွေ့ရတဲ့အခါ ပိုပြီးစိတ်ဝင်စားဖို့ကောင်းပါတယ်။ အခုလို မြင်ရတော့ စာတွေ့နဲ့ လက်တွေ့ ဘယ်လိုကွာခြားတယ်၊ ဘယ်လိုအချက်တွေကို ကိုယ်က ထပ်ပြီးဖြည့်ဆည်းရမယ်ဆိုတာ သိရှိသွားတယ်။ ဒီလိုသိမှ ကျွန်မတို့ ရည်မှန်းချက်တွေ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မက ဒီပွဲတော်ကို ပထမဆုံးအကြိမ် လာရောက်လေ့လာတာပါ။ ပွဲတော်ကို လာရောက်တဲ့အခါမှာ နေပြည်တော်အတွင်းမှာရှိတဲ့ ကျောင်းပေါင်းစုံက ကျောင်းသား ကျောင်းသူတွေအားလုံး တစုတစည်းတည်းတွေ့ရတော့ ပိုပြီး ပျော်စရာကောင်းပါတယ်။ ကျွန်မတို့ အနာဂတ်အတွက် ကြီးပွားတိုးတက်စေပြီး အသိပညာဗဟုသုတတွေ များစွာရရှိနိုင်တဲ့ ဒီပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးစေချင်ပါတယ်။ လူငယ်နဲ့စာပေပွဲတော်ကြီးကို အခုလို ပါဝင်ဆင်နွှဲခွင့်ရအောင် စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဒေါက်တာသန်းထိုက်စိုး**
**ပညာရေးဝန်ကြီးဌာန ပြခန်းတာဝန်ခံ**

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရွှေ့နိုင်ပြောင်းနိုင်ဆိုတဲ့ ပြတိုက်နဲ့ လိပ်ပြာပြခန်းကို အဓိကထား ပြသသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အပူပိုင်းမုတ်သုံရာသီဥတု ရှိပါတယ်။ နေရောင်ခြည် ကြွယ်ဝပါတယ်။ လိပ်ပြာတွေဟာ နေရောင်ခြည်ကို ကြိုက်နှစ်သက်တဲ့ အင်းဆက်တွေဖြစ်ပါတယ်။ လိပ်ပြာတွေ များများရှိတဲ့ ပတ်ဝန်းကျင်ဟာ သန့်ရှင်းပါတယ်။ လိပ်ပြာဆိုတာ ပတ်ဝန်းကျင်ရဲ့ ဂုဏ်သိက္ခာ၊ ပတ်ဝန်းကျင် စံပေတံ၊ ပတ်ဝန်းကျင် သန့်ရှင်းစင်ကြယ်မှုတွေလို့ ပြောလို့ရပါတယ်။ ပွင့်ခြားဝတ်မှုန်တွေ ကူးတဲ့အခါမှာ လိပ်ပြာတွေဟာ မရှိမဖြစ် အရေးကြီးပါတယ်။

ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်မှာ လိပ်ပြာပြတိုက်ရှိပါတယ်။ အခြားနိုင်ငံတွေမှာ လိပ်ပြာဥယျာဉ်တွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ခုထိတော့ မရှိသေးဘူး။ ဒါကိုလုပ်နိုင်ရင်တော့ Eco Tourism ခရီးသွားလုပ်ငန်းတွေမှာ ဆွဲဆောင်မှုရှိလာမယ်၊ အမှတ်တရပစ္စည်းတွေရောင်းချလို့ ရလာမယ့်အတွက် လိပ်ပြာဥယျာဉ် ကျွန်တော်တို့နိုင်ငံမှာ ပေါ်ထွန်းလာဖို့အတွက် ဒီလိုလာရောက်ပြသပေးခြင်းဖြစ်ပါတယ်။ လိပ်ပြာတွေကို လေ့လာခြင်းအားဖြင့် ကလေးတွေဟာ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးလာမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါဝင်ပါတယ်။ နေပြည်တော်နဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေနဲ့ မြန်မာပြည်အရပ်ရပ်က လူငယ်တွေအနေနဲ့ လူငယ်နဲ့ စာပေပွဲတော်ကို လာရောက်မယ်ဆိုရင် အသိပညာ အတတ်ပညာတွေ အများကြီးရမှာ ဖြစ်ပါတယ်။

**မောင်ထက်လျှံရဲရင့်(ပွဲတော်သို့လာရောက်လေ့လာသည့် ကျောင်းသား)**

ဒီပွဲတော်ကို ဖေဖေနဲ့ မေမေက လိုက်ပို့တာပါ။ ပွဲတော်မှာ လေယာဉ်တွေနဲ့ သင်္ဘောတွေကို ဂိမ်းကစားရသလို ကိုယ်တိုင်မောင်းရတဲ့အတွက် သားပျော်ပါတယ်။ နောက်ပြီး သူငယ်ချင်းတွေနဲ့ ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းတွေကို ကစားခွင့်ရတဲ့အပြင် ပြခန်းက မမတွေကလည်း လက်ဆောင်တွေပေးပါတယ်။ မေမေက သားကြိုက်တဲ့ ပုံပြင်စာအုပ်တွေ အများကြီးဝယ်ပေးတဲ့အပြင် ဖေဖေက ပြခန်းတွေနဲ့ ပတ်သက်ပြီး သားသိချင်တာတွေကို လိုက်ရှင်းပြပေးပါတယ်။ လေယာဉ်ပျံသရုပ်ပြကွင်းမှာလည်း လေယာဉ်တွေကို မောင်းနှင်ပြသပေးတာကို ကြည့်ရတော့ သားကြီးလာရင် လေယာဉ်မောင်းတဲ့သူ ဖြစ်ချင်ပါတယ်။ လေယာဉ်မောင်းနည်းပြပေးတဲ့ ဦးဦးက တကယ့်လေယာဉ်အစစ်လည်း ဒီအတိုင်းပဲမောင်းရတာလို့ ပြောပါတယ်။ အိမ်မှာ ကျောင်းပိတ်ရက်ဆို အဖေဝယ်ပေးထားတဲ့ လေယာဉ်တွေနဲ့ ကစားပါတယ်။ ဒီပွဲကိုလာရလို့ သားအလွန်ပျော်ပါတယ်။

# စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့ဆက်လက်ကျင်းပ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြည့်ရှုကြသည်။

ယနေ့တွင် သိပ္ပံနှင့် နည်းပညာပြခန်း၊ လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်း၊ ရေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းတို့တွင် နည်းပညာရပ် ဆိုင်ရာများ လေ့လာနိုင်မည့်အပြင် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များကိုယ်တိုင် အဆင့်မြင့်တိုက်လေယာဉ်၊ ရဟတ်ယာဉ်များ၊ သင်္ဘောများကို စမ်းသပ်မောင်းနှင်နိုင်မည့် simulator များ ထားရှိပေးထားသည့်အတွက် ယင်းပြခန်းများ၌ အထူးစည်ကားလျက်ရှိသည်။



စာအုပ်အရောင်းဆိုင်တွင် ကြည့်ရှုလေ့လာဝယ်ယူနေကြသူများကို တွေ့ရစဉ်။

**စိတ်ပါဝင်စားစွာဖြင့် လေ့လာ**

ထို့ပြင် "မူးယစ်ဆေးဝါးကင်းစင်ဖို့ အသိပညာဖြန့်ဝေစို့" ဆောင်ပုဒ်ဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ကို အသိပညာပေးပြသပေးထားပြီး ပြခန်းယာဉ်အတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ဆောင်ရွက်မှု မှတ်တမ်းများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှု မှတ်တမ်းများ၊ နေပြည်တော်ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှု မှတ်တမ်းများနှင့် "ယာဉ်အန္တရာယ်ကင်းရှင်းဖို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာကြပါစို့" ခေါင်းစဉ်ဖြင့် အသိပညာပေးမှတ်တမ်းများကို ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

လေကြောင်းပညာရပ်ကို စိတ်ဝင်စားသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များအတွက် လေယာဉ်ငယ်ပျံသန်းခြင်း သရုပ်ပြကွင်းကို ထားရှိပေးထားပြီး တာဝန်ရှိသူများက လေယာဉ်ငယ်များ ပျံသန်းပုံအဆင့်ဆင့်ကို သရုပ်ပြပျံသန်းပြကြရာ အလေးထား လာရောက်လေ့လာကြည့်ရှုကြသည်ကို တွေ့မြင်ရသည်။

**စမ်းသပ်မောင်းနှင်နိုင်**

မြန်မာနိုင်ငံလေကြောင်း ဝါသနာရှင်များအသင်းမှ တာဝန်ရှိသူ ဦးအောင်ကျော်ငြိမ်းက "ပွဲတော်မှာ လေကြောင်းပညာရပ်နဲ့ပတ်သက်ပြီး ပြသရတဲ့ ရည်ရွယ်ချက်က လေကြောင်းပညာဟာ ကမ္ဘာအနှံ့လူငယ်တွေလည်း တော်တော်စိတ်ဝင်စားကြပါတယ်။ မြန်မာနိုင်ငံမှာလည်း လူငယ်တွေကို လေကြောင်းပညာ စိတ်ဝင်စားလာစေဖို့နဲ့ ခေတ်ပေါ်နည်းပညာတွေ လေ့လာလိုက်စားပြီး အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအား အရင်းအမြစ်တွေ ပေါ်ထွန်းလာစေဖို့အတွက် ဖြစ်ပါတယ်။ နောက်ထပ် စိတ်ဝင်စားဖို့ကောင်းတာက လက်တွေ့ကဏ္ဍဖြစ်ပါတယ်။ ကိုယ်တိုင်ပျံသန်းမောင်းကာစမ်းဆိုပြီး ပြကွက်အနေနဲ့ ပြသထားပါတယ်။ ကျောင်းသား ကျောင်းသူ၊ လူငယ်တွေ လေယာဉ်အတုအနေနဲ့ စမ်းသပ်မောင်းနှင်နိုင်ပါတယ်။ လေယာဉ်တုကို မောင်းနှင်ခြင်းဖြင့် လေကြောင်းနဲ့ပတ်သက်ပြီး ဗဟုသုတတွေ ရမယ့်အပြင် ကျွမ်းကျင်မှုအတွက် အထောက်အကူအများကြီး ဖြစ်စေနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ လေကြောင်း ပညာရပ်နဲ့ပတ်သက်ပြီး တဖြည်းဖြည်း လူသိများလာပြီး ခေတ်စားလာတယ်။ ဒါကြောင့် ဒီပြခန်းလေးမှာ လာပြီးလေ့လာကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

**စည်ကားလျက်ရှိ**

ထို့ပြင် အသိပညာဗဟုသုတနှင့် အားကစားဆိုင်ရာ ပြခန်းများဖြစ်သော စာအုပ်စာစောင်များနှင့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိပြခန်း၊ သမိုင်းဝင်စာချုပ်၊ စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများပြခန်း၊ ပန်းချီ၊ အနုပညာပြခန်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးပြခန်းနှင့် အားကစားလှုပ်ရှားဆောင်ရွက်မှု ပြခန်းတို့တွင်လည်း ကျောင်းသား ကျောင်းသူများ၊ လူငယ်များဖြင့် စည်ကားလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ရုံ၌ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ သရုပ်ပြလေ့ကျင့်ပြသမှုကို ထည့်သွင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုခဲ့ကြသည်။

ပွဲတော်အတွင်း ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အိမ်ဆောက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကိုလည်း စီစဉ်ပေးထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များအပြင် ဆရာ ဆရာမများ၊ စိတ်ပါဝင်စားသည့် ပြည်သူများလည်း တစ်ခဲနက် ပါဝင်ဆင်နွှဲနေကြသည်ကို ပျော်ရွှင်ဖွယ်ရာ တွေ့မြင်ရသည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေမှုများကြောင့်လည်း ပွဲတော်ကြီးကို ပို၍ အသက်ဝင်စေခဲ့သည်။

**စစ်ဆေးဆောင်ရွက်ပေး**

ယခုအချိန်အခါသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်ခြင်းကြောင့် ပွဲတော်သို့ လာရောက်ကြသူများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးပြီးမှသာ ပွဲတော်အတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့်အပြင် တစ်စုံတစ်ရာ ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ထည့်သွင်းထားကာ ပွဲတော်ဧရိယာအတွင်း၌ ကိုဗစ်-၁၉ ကပ်ရောဂါ အသိပညာပေးဆိုင်းဘုတ်များ၊ ဗီနိုင်းများကို နေရာအနှံ့ ချိတ်ဆွဲဖော်ပြပေးထားသည်။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ် အယူအဆများ ထက်မြက်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများရရှိလာစေရန်၊ လူငယ်များ၏ တီထွင်ဖန်တီးလိုစိတ် ရင့်သန်လာစေရန်နှင့် စာပေဖတ်ရှုလေ့လာလိုစိတ် မြင့်မားလာစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပပေးနေသည့် လူငယ်နှင့်စာပေပွဲတော်ကြီးကို နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ ကျင်းပပေးလျက်ရှိရာ အားလုံးပါဝင် ဆင်နွှဲနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**သတင်း- မျိုးဆက်သစ်**

**ဓာတ်ပုံ - ကိုကိုအေး**



ကျန်းမာရေးဝန်ကြီးဌာနပြခန်းတွင် ကျောင်းသား ကျောင်းသူများ လေ့လာနေကြစဉ်။



လေယာဉ်ငယ်များ ပျံသန်းပုံအဆင့်ဆင့်ကို သရုပ်ပြသမှုအား ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုကြစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့ ပုံရိပ်များ




လေယာဉ်ငယ် ပျံသန်းပုံအဆင့်ဆင့် သရုပ်ပြသမှုအား ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လေ့လာကြည့်ရှုကြစဉ်။







အရုပ်ဆက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကလေးငယ်တစ်ဦး။



သိပ္ပံနှင့်နည်းပညာပြခန်းတွင် ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လေ့လာကြစဉ်။



သမိုင်းဝင် စာချုပ်၊ စာတမ်းနှင့် မှတ်တမ်းမှတ်ရာများ ပြခန်းတွင် စိတ်ဝင်တစား လေ့လာကြည့်ရှုနေကြသူများကို တွေ့ရစဉ်။



ပွဲတော်လာပြည်သူများ ရေကြောင်းပညာရပ်ဆိုင်ရာ အသိပညာပေးပြခန်းတွင် စိတ်ဝင်တစား လေ့လာကြည့်ရှုနေကြစဉ်။



ခင်းကျင်းပြသထားသည့် ကျောက်စာအား ကျောင်းသားများ စိတ်ဝင်တစား လေ့လာနေကြစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့ ပုံရိပ်များ



Myanmar Fitness Dance အဖွဲ့ ကပြဖျော်ဖြေနေစဉ်။



(၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ သရုပ်ပြလေ့ကျင့်နေကြစဉ်။



မှုခင်းအသိပညာပေးမှတ်တမ်းများကို ကျောင်းသား ကျောင်းသူများ လေ့လာနေကြစဉ်။



ကျန်းမာရေးဝန်ကြီးဌာနပြခန်းတွင် ကျောင်းသား ကျောင်းသူများ လေ့လာနေကြစဉ်။



ရှားပါးလိပ်ပြာပြခန်းတွင် လေ့လာနေကြသူများကို တွေ့ရစဉ်။



ကျောင်းသားများက Simulator ဖြင့် သင်္ဘောများ စမ်းသပ်မောင်းနှင်စဉ်။



ဆေးရောင်ခြယ်ပြိုင်ပွဲ ပါဝင်ဆင်နွှဲနေသည့် ကလေးငယ်တစ်ဦး။



ပညာရေးဝန်ကြီးဌာနပြခန်းတွင် ကျောင်းသား ကျောင်းသူများ လေ့လာနေကြစဉ်။



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းတွင် ကျောင်းသား ကျောင်းသူများ လေ့လာနေကြစဉ်။

# ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုကို တည်ဆောက်ဖို့ဆိုရင် လူငယ်တွေရဲ့စိတ်ထဲမှာ ငယ်ငယ်ကတည်းက ဆန်းသစ်တီထွင်လိုတဲ့အတွေးတွေရှိဖို့ လိုအပ်ပါတယ်

ကိုရှိုင်းဇာနည်ထွန်း

တွေ့ဆုံမေးမြန်း - ဟိန်းဇင်နိုင်ဖြိုး
ဓာတ်ပုံ - ဟိန်းထက်ဇော်၊ ဇင်ဦး၊ နိုင်လင်းကြည်

နေပြည်တော် ဇန်နဝါရီ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ပြီး စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်တွင် ကျင်းပသည့် လူငယ်နှင့်စာပေပွဲတော် ဒုတိယနေ့ကို ဆက်လက်ကျင်းပလျက်ရှိရာ ပြသထားသည့်ပြခန်းပေါင်း ၄၀ ကျော်ကို နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူလူငယ်များ လာရောက်လေ့လာလျက်ရှိသည်။


မအိမ့်မှူးကျော်သူ


မခင်စုခိုင်


ကိုမျိုးအောင်ကျော်


မမိုးပြည့်ပြည့်နိုင်


မပန်းမြတ်သီတာအောင်

အဆိုပါလူငယ်နှင့်စာပေပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများသို့ စိတ်ဝင်တစား လာရောက် ကြည့်ရှုလေ့လာသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိရာ လာရောက်လေ့လာသူအချို့၏ အမြင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။

**မအိမ့်မှူးကျော်သူ**
**Grade-9၊ အထက(ဇေယျာသီရိ)၊ နေပြည်တော်**

လူငယ်နဲ့စာပေပွဲတော်ကိုလာရတာ ပျော်ဖို့လည်းကောင်းသလို ဗဟုသုတ အစုံလည်းရတယ်။ သိပ္ပံပညာနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ၊ လေကြောင်းနဲ့ဆိုင်တဲ့ အကြောင်းအရာတွေနဲ့ သမီးစိတ်ဝင်စားတဲ့ပန်းချီတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ဒီပြခန်းတွေထဲက စိတ်ဝင်စားဖို့အကောင်းဆုံးကတော့ ပန်းချီပြခန်းပါ၊ ငယ်ငယ်တုန်းကတည်းက ဖြစ်ချင်တာကတော့ လေယာဉ်မယ်ပါ။ ဒါကြောင့်မို့ လေကြောင်းပညာနဲ့ ပတ်သက်တာကိုလည်း လေ့လာဖြစ်တယ်။ ခုတလောမှာကျတော့ ပန်းချီနဲ့ပတ်သက်ပြီးတော့ ပိုပြီးစိတ်ဝင်စားလာတယ်။ ပန်းချီပညာရှင်ဖြစ်ချင်လာတယ်။ ဒီမှာမြင်တွေ့ခဲ့ရတဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာတွေကို ကြည့်ရှုလေ့လာခွင့်ရတဲ့အချိန်မှာ ပန်းချီဆရာကြီးတွေအနေနဲ့ ဒီပန်းချီကားတွေကို ဘယ်လိုစိတ်ကူးစိတ်သန်းတွေနဲ့ ဆွဲခဲ့လဲဆိုတာကိုပါ သိချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒီလိုမျိုးအခမ်းအနားတွေ ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အနေနဲ့ အများကြီးငွေကြေးကုန်ကျမှာပါ၊ အဲဒီလို ကုန်ကျမှုတွေကို ကုန်ရကျိုးနပ်အောင် ဒီကိုလာပြီး မလေ့လာရသေးတဲ့ သူငယ်ချင်းတွေ၊ လူငယ်တွေအနေနဲ့လည်း ဒီကိုလာပြီး လေ့လာကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**မခင်စုခိုင်(အလက(၁)၊**
**Grade-6၊ နေပြည်တော်)**

သမီးက လူငယ်နဲ့စာပေပွဲတော်မှာ စာအုပ်အရောင်းဆိုင်တွေနဲ့ ပြခန်းတွေထဲက စာအုပ်စာစောင်တွေကို အဓိကလေ့လာခဲ့ပါတယ်။ ကျောင်းမှာ သမီးတို့ ဆရာမက စာအုပ်စာပေတွေကို သေချာဂရုစိုက်ပြီးလေ့လာရင် တိုင်းပြည်အတွက် လူချွန်လူကောင်းတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်နိုင်မယ်လို့ ပြောပါတယ်။ ဒီကပြခန်းတွေမှာလည်း ကိုယ်သိချင်တာတွေ၊ စိတ်ဝင်စားတဲ့အရာတွေကို မေးလို့လည်းရတယ်။ အဲဒီအတွက် ဗဟုသုတတွေလည်းရတယ်၊ သူငယ်ချင်းတွေနဲ့ အတူလာရလို့ ပျော်ဖို့လည်းကောင်းပါတယ်။ သမီးက ကျောင်းမှာလည်း သိပ္ပံနဲ့ အင်္ဂလိပ်စာကို အဓိကစိတ်ဝင်စားတယ်။ ဒါကြောင့် သိပ္ပံပြခန်းမှာ သေချာလေးလေ့လာဖြစ်ပါတယ်။ သမီးကြီးလာတဲ့အခါကျရင်လည်း ဆရာဝန်ကြီးလုပ်ပြီး လူတွေကို ကယ်တင်ချင်ပါတယ်။

**ကိုမျိုးအောင်ကျော်**
**နည်းပညာတက္ကသိုလ်(ပထမနှစ်)**

လူငယ်နှင့် စာပေပွဲတော်မှာ နည်းပညာဂဟေဆက်နဲ့ပတ်သက်တာတွေ၊ ဝရိန်နဲ့ပတ်သက်တာတွေကို လာရောက်ပြသပေးတာ ဖြစ်ပါတယ်။ ဝရိန်ဆော်လုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ့်သူတွေနဲ့ နည်းပညာတက္ကသိုလ်ကိုတက်ပြီး အင်ဂျင်နီယာလုပ်မယ့် လူငယ်တွေအတွက် အကျိုးပြုစေမယ့် 3D နဲ့ ဝရိန်ဆက်နည်းတွေ ပြသပေးပါတယ်။ ဝရိန်ဆက်နည်းကို စတင်သင်ကြားသူတွေအတွက် မျက်လုံးထိခိုက်မှုတွေ သက်သာစေဖို့ တီဗွီမှာ 3D နဲ့ လေ့ကျင့်ပေးပါတယ်။ လူငယ်တွေကို လေ့ကျင့်ပေးတဲ့အခါ အမှတ် ၉၀ ကျော်ရင် ဆုပေးပါတယ်။ ကျွမ်းကျင်အဆင့်ရောက်မှ အမှတ် ၉၀ ကျော်ပါတယ်။ အဲဒီလိုအဆင့်ရောက်တဲ့သူတွေဟာ လုပ်ငန်းခွင်မှာ ဝရိန်ဆော်လုပ်သားအနေနဲ့ အလုပ်လုပ်နိုင်ပါပြီ။ လူငယ်နှင့် စာပေပွဲတော်ကို လာရောက်လေ့လာကြတဲ့ လူငယ်တော်တော်များများက တီဗွီ 3D မျက်မှန်နဲ့ ဝရိန်ဆော်နည်းကို စိတ်ဝင်တစား လက်တွေ့ လေ့ကျင့်တဲ့သူတွေရှိသလို လေ့လာမေးမြန်းသူတွေလည်း အများအပြားရှိပါတယ်။ အဲဒီအတွက် လူငယ်နှင့် စာပေပွဲတော်ကို လာရောက်ပြသပေးရတာ ကျွန်တော်တို့အတွက်လည်း များစွာဝမ်းသာပီတိဖြစ်မိပါတယ်။ လူငယ်တွေအနေနဲ့လည်း ဒီပွဲကနေ အတွေးသစ်၊ အမြင်သစ်နဲ့ ဘဝတက်လမ်းတွေမှာ အထောက်အကူဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။

**ဦးနောင်(ဇေယျာသီရိမြို့နယ်)**

ကျွန်တော့်ရဲ့သားက လူငယ်နှင့် စာပေပွဲတော်ကို လာချင်တယ်ပြောလို့ လိုက်ပို့ပေးတာပါ။ ဖွင့်ပွဲနေ့ကလည်း လာရောက်လေ့လာပါတယ်။ ပြခန်းတွေလည်းစုံလင်ပါတယ်။ နောက်ထပ် ဒီလိုပွဲတွေကျင်းပပေးမယ်ဆိုရင် အနုပညာပြခန်းတွေလည်း ထည့်သွင်းပြသပေးစေချင်ပါတယ်။ လူငယ်လူရွယ်တွေအတွက် ဒီလိုပွဲတွေမှာ တက်ရောက်ခွင့်ရတဲ့အခါ ငယ်ငယ်ကတည်းက အခြေခံ သိသင့်သိထိုက်တာတွေကို သိရှိနားလည်သွားမှာပါ။ အခုလို လူငယ်နှင့် စာပေပွဲတော်မှာ ပြခန်းတွေ စုံစုံလင်လင်ခင်းကျင်းပြသထားတဲ့ အတွက် ကလေးတွေအနေနဲ့ ဝါသနာပါရာကို စူးစမ်းလေ့လာခွင့်ရတာကြောင့် မိဘတစ်ဦးအနေနဲ့ လူငယ်နှင့် စာပေပွဲတော် ကျင်းပပေးတဲ့ ဌာနဆိုင်ရာတာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ နောက်လည်း အခုလိုပွဲတွေ များများကျင်းပပေးနိုင်ဖို့ မျှော်လင့်မိပါတယ်။

**ကိုရှိုင်းဇာနည်ထွန်း**
**(သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး)**

ရုံးပိတ်ရက် ဖြစ်တာကြောင့် မိသားစုနဲ့အတူ လာရောက်လေ့လာတာပါ။ ပြခန်းတွေမှာပြသထားတာတွေက လူငယ်တွေအတွက်သာမကဘဲ လူကြီးတွေအတွက်ပါ ဗဟုသုတရစေပါတယ်။ အခုလို လူငယ်နှင့်စာပေပွဲတော်မှာ ပြသထားတဲ့ ပြခန်းတွေက အနာဂတ်မျိုးဆက်သစ် လူငယ်တွေအတွက် များစွာတန်ဖိုးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းတွေဆိုရင် လူငယ်တွေ တီထွင် ဆန်းသစ်မှုတွေကို ဖော်ဆောင်ပေးတဲ့အရာလို့ မြင်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်ခုကို တည်ဆောက်ဖို့ဆိုရင် လူငယ်တွေရဲ့စိတ်ထဲမှာ ငယ်ငယ်ကတည်းက ဆန်းသစ်တီထွင်လိုတဲ့အတွေးတွေ ရှိဖို့လိုအပ်ပါတယ်။ အဲဒီလို အတွေးအခေါ်တွေကို အခုလိုပွဲတော်တွေဆီက များစွာရရှိပါတယ်။ အဲဒါကြောင့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို လူငယ်နှင့် စာပေပွဲတော်ကို အရွယ်သုံးပါးမရွေး လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**မမိုးပြည့်ပြည့်နိုင်**
**Grade(9)၊ အထက(၅)ပျဉ်းမနား**

သမီးကတော့ အခုကျင်းပနေတဲ့ လူငယ်နှင့်စာပေပွဲတော်မှာ ဖျော်ဖြေရေးကဏ္ဍကနေ ပါဝင်ခွင့်ရရှိခဲ့ပါတယ်။ အခုလိုစာပေပွဲတော်တွေ ဖြစ်မြောက်အောင် ကျင်းပပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလိုပွဲတော် ပြုလုပ်ပေးတဲ့အတွက် လူငယ်တွေ စာပေဖတ်ရှုတာ ဝါသနာပါပြီး အသိပညာဗဟုသုတတွေ ကြွယ်ဝလာလိမ့်မယ်လို့ ထင်ပါတယ်။ သမီးတို့အနေနဲ့ ကြိုးစားပြီး ကပြခွင့်ရရှိတာရယ်၊ ပြီးတော့ အခုပွဲတော်မှာ ပါဝင်ခွင့်ရရှိတဲ့အတွက် ပျော်လည်းပျော်ပါတယ်။ ဂုဏ်လည်းယူပါတယ်။

**မပန်းမြတ်သီတာအောင်**
**Grade(10)၊ အထက(၅)ပျဉ်းမနား**

သမီးက လူငယ်နဲ့ စာပေပွဲတော် ဖွင့်ပွဲနေ့ကတည်းက လာရောက်ဖျော်ဖြေပေးရတာပါ။ ဖွင့်ပွဲနေ့က မနက် ၆ နာရီလာပြီး ညနေ ၃ နာရီလောက်အထိ ဖျော်ဖြေပေးရပါတယ်။ သမီးကတော့ ရခိုင်တိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်ပြီး ဖျော်ဖြေရေးမှာ ပါဝင်ခွင့်ရရှိခဲ့တာပါ။ ရခိုင်နဲ့ပတ်သက်ပြီး ရခိုင်ရဲ့ ဝတ်စားဆင်ယင်မှုကို ချစ်မြတ်နိုးပြီး ရခိုင်ရဲ့ဆံထုံးနဲ့ ရခိုင်တွေပန်တဲ့ ပန်းလေးတွေကို သဘောကျလို့ ရခိုင်တိုင်းရင်းသားရိုးရာဝတ်စုံကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဒီလို လူငယ်နှင့် စာပေပွဲတော်ကျင်းပပေးတဲ့အတွက် လူငယ်တွေအတွက်လည်း အများကြီး အကျိုးရှိပါတယ်။ အခုခေတ်က ဖုန်းတွေပဲအသုံးများတော့ အင်တာနက်ကနေ ဂိမ်းတွေပဲဆော့တယ်။ စာဘက်မှာ အားနည်းပြီး စာဖတ်တာနည်းလာတယ်။ ဒါကြောင့် ဒီလိုမျိုး စာပေပွဲတော်လုပ်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ လက်တွေ့စမ်းသပ်ခန်းတွေမှာ စမ်းသပ်ခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာမိပါတယ်။ လူငယ်နှင့် စာပေပွဲတော်တွေကိုနောက်နောင်တွေမှာလည်း ဆက်ပြီး လုပ်ပေးစေချင်ပါတယ်။ အခုဒီပွဲတော်မှာ ဖျော်ဖြေရတာကတော့ ဆုန်သင်းပါရ်သီဆိုထားတဲ့ "ပြည်ထောင်စု ထာဝရရဲ့အလင်းတန်း"သီချင်းနဲ့ ဖျော်ဖြေရတာဖြစ်ပါတယ်။ ။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာ မြှင့်တင်စို့
ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်
စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်
၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

# ၂၀၂၂ ခုနှစ် ဇန်နဝါရီလ၌ ဗီယက်နမ်သို့လာရောက်သူ နိုင်ငံတကာခရီးသည်အရေအတွက် ၁၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာ

ဟနွိုင်း ဇန်နဝါရီ ၂၀

ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာ လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲမှုများနှင့် နိုင်ငံအတွင်း ချမှတ်ထားသော ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အစီအမံများကြောင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ၌ ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသည် ၁၉၇၀၀ ကျော် ရောက်ရှိလည်ပတ်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ဗဟိုစာရင်းအင်းရုံးက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ လာရောက်လည်ပတ်သော ခရီးသည်များ၌ လေကြောင်းခရီးဖြင့် လာရောက်သူ ၈၈ ရာခိုင်နှုန်း၊ ကုန်းလမ်းခရီးမှ လာရောက်သူ ၁၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ရေကြောင်းခရီးမှ လာရောက်သူသုည ဒသမ ၁ ရာခိုင်နှုန်းရှိပြီး လာရောက်လည်ပတ်သည့် ခရီးသည်အများစုမှာ အာရှနိုင်ငံများမှဖြစ်ကြောင်း အဆိုပါရုံးက ပြောသည်။

ဗီယက်နမ် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ယမန်နှစ် မတ်လမှ စတင်၍ နယ်စပ်ဒေသများကို ပိတ်ပင်ခြင်းနှင့် နိုင်ငံတကာလေကြောင်းလိုင်းများအား နိုင်ငံအတွင်း ဝင်ရောက်ခွင့် ရပ်ဆိုင်းခဲ့သည်။

သို့သော် ယင်းကာလ၌ နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာမည့် ဗီယက်နမ်နိုင်ငံသားများ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူအဆင့်ရှိ လုပ်သားများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ လိုက်နာဆောင်ရွက်စေပြီး အထူးလေယာဉ်များဖြင့် နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့သည်။ နိုင်ငံအတွင်း ယမန်နှစ်နိုဝင်ဘာမှ စတင်၍ နိုင်ငံတကာမှခရီးသည်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် ခရီးသွားလာရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည်။

၂၀၂၁ ခုနှစ်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံခြားသားခရီးသည် ၁ ၅၇၃၀၀ သာ လာရောက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ





# ဗြိတိန်နိုင်ငံ၌ အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ်ရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

လန်ဒန် ဇန်နဝါရီ ၂၀

ဗြိတိန်နိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ရန်လွယ်ကူသော အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ်ရှိကလေးငယ်များအား ယခုသီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဗြိတိန်အမျိုးသားကျန်းမာရေးလုပ်ငန်းက ယနေ့ပြောကြားသည်။

အဆိုပါ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရာ၌ ရောဂါခုခံနိုင်စွမ်းနည်းပါးသူများနှင့်အတူနေထိုင်ရသည့် ကလေးငယ်များကို ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းဆိုင်ရာ ပူးတွဲကော်မတီ၏ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗြိတိန်အမျိုးသားကျန်းမာရေးလုပ်ငန်းက ပြောကြားသည်။

ယခုထိုးနှံပေးမည့် ကာကွယ်ဆေးမှာ သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းကိုက်ညီသည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုသာ အသုံးပြုထိုးနှံပေးမည်ဖြစ်သဖြင့် ထိုးနှံမှုခံယူမည့်ကလေးငယ်များ၏ မိဘအုပ်ထိန်းသူများသည် မိမိကလေး၏ အလှည့်ရောက်ရှိသည့်အချိန်တွင် ကာကွယ်ဆေးထိုးနှံပေးရန်တိုက်တွန်းကြောင်း ဗြိတိန်နိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာဝန်ကြီး မက်ဂီထရော့စ်က ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် လက်ရှိအချိန်၌ ကျောင်းနေအရွယ်ကလေးငယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်မားနေကြောင်း သိရသည်။ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရာ၌ အရွယ်ရောက်ပြီးသူများထိုးနှံသော ပမာဏ၏ သုံးပုံတစ်ပုံဖြစ်သော တစ်ကြိမ်လျှင် ကာကွယ်ဆေး ၁၀ မိုက်ခရိုဂရမ်အား အသုံးပြုကာနှစ်ကြိမ်ခွဲ၍ ထိုးနှံပေးမည်ဖြစ်သည်။

ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ

| | | |
|---|---|---|
| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၇၃၆၆၆၁၉၉ ဦး |
| | သေဆုံးသူ | ၅၆၇၇၆၃၈ ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၂၉၅၀၃၆၈၉၇ ဦး |

# တူရကီနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် အမြင့်ဆုံးသို့ရောက်ရှိ

အစ္စတန်ဘူလ် ဇန်နဝါရီ ၂၀

တူရကီနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၄၇၈၃ ဦးကို ထပ်မံတွေ့ရှိရပြီး ၎င်းအရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီး နောက်တစ်ရက်အတွင်း အမြင့်ဆုံးရောဂါကူးစက်သူအရေအတွက်ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများပြားလာခြင်းမှာ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကြောင့်ဖြစ်သည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာခြင်းအပေါ် စိုးရိမ်ကြောင့်ကြနေစရာမလိုအပ်ကြောင်းနှင့် နိုင်ငံသားများသည် ကိုဗစ်-၁၉ ရောဂါဘေးမှ ကင်းလွတ်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူသွားရမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကိုလည်း လိုက်နာရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။



နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းစင်ရေးအတွက် ယမန်နှစ် ဒီဇင်ဘာလကုန်၌ ငါးကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအား စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုးကား - စီဂျီတီအင်န်
ဘာသာပြန် - စိုးသူရ

# အီရန်၏အင်အား ကန့်သတ်ရန် အမေရိကန်နှင့် အပေါင်းပါများ ဆောင်ရွက်လျက်ရှိကြောင်း အီရန် တာဝန်ရှိသူပြောကြား

တီဟီရန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် အပေါင်းပါ မဟာမိတ်နိုင်ငံများသည် အီရန်၏ ကြီးထွားလာသည့် အင်အားကို ကန့်သတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အီရန် အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ဒုတိယစစ်ဦးစီးချုပ် အလီဖက်ဒါဘီက ပြောကြားသည်။ အမေရိကန်နှင့် အပေါင်းပါများသည် အမေရိကန်သမ္မတဟောင်း အိုဘားမား လက်ထက်ကတည်းက အဆိုပါအစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် လက်ရှိအချိန်၌ အင်အားကြီးထွားလာသဖြင့် ရန်သူနိုင်ငံများသည် အီရန်၏ အင်အားကို လျှော့ချနိုင်ရန် အစီအမံများဆောင်ရွက်လာကြကြောင်း ၎င်းက တီဟီရန်မြို့၌ကျင်းပသော အခမ်းအနားတစ်ခုတွင် ပြောကြားသည်။

အီရန်၏ အင်အားကြီးထွားလာမှုကို ရှစ်နှစ်ကြာဖြစ်ပွားခဲ့သည့် အီရန် - အီရတ်စစ်ပွဲအတွင်း ထင်ရှားစွာမြင်တွေ့နိုင်ကြောင်း ၎င်းက ပြောကြားသည်။ အီရန်နိုင်ငံသည် အမေရိကန်ဦးဆောင်သော ရန်သူများအား အနိုင်ရရှိခဲ့သည့် ၁၉၇၈ အစ္စလာမ်မစ်တော်လှန်ရေးအောင်ပွဲအခမ်းအနားကို မကြာမီကျင်းပသွားမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# ဟူသီစစ်သွေးကြွများအား တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့ကြောင်း ယီမင်စစ်ဘက်ပြောကြား

အေဒင် ဇန်နဝါရီ ၂၀

ယီမင်တပ်ဖွဲ့ဝင်များသည် နိုင်ငံ၏ ရေနံကြွယ်ဝသောဒေသများမှ ဟူသီစစ်သွေးကြွများအား တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့ကြောင်း ယီမင်စစ်ဘက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံ၏အရှေ့ဘက်ဒေသ၌ ယနေ့တွင် ကြီးမားသောစစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲပြီး ဟူသီသူပုန်များအား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ယီမင်နိုင်ငံ၏ ရေနံကြွယ်ဝသောဒေသများဖြစ်သည့် ရှာဘွာနှင့် မရစ်ဒေသများမှ ဟူသီစစ်သွေးကြွများကို နှိမ်နင်းနိုင်ခဲ့သော်လည်း ဟူသီစစ်သွေးကြွများက ဒုံးကျည်များနှင့် ဒရုန်းများဖြင့် ခုခံတိုက်ခိုက်မှုများရှိနေသေးကြောင်း ယီမင်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆော်ဒီဦးဆောင်သော ယီမင်တပ်ဖွဲ့ဝင်များသည် ဟာရစ်ဒေသ၌ ဟူသီစစ်သွေးကြွများအား တိုက်ခိုက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၁၅ ခုနှစ်မှစ၍ ဟူသီစစ်သွေးကြွများကို တိုက်ခိုက်ရန် ယီမင်သမ္မတ မန်ဆာဟာဒီ ဦးဆောင်သော အစိုးရအဖွဲ့အား စစ်ရေးအကူအညီများပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော အထွေထွေလူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၀၄၀၀၀)၊ လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၂၀၀၀၀)၊ လယ်ယာသုံးစက်အပိုပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)၊ ဖုန်းဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၂၅၀၀၀)၊ အလှကုန်ပစ္စည်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၄၈၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၂၉၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် မြဝတီ(OSS)တာဝန်ကျအကောက်ခွန်အဖွဲ့မှ မြဝတီကုန်သွယ်ရေးဇုန်အနီး ရှောင်တခင်ကင်းလှည့်စစ်ဆေးခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်အကျော် မြစန္ဒီရှောင်ကွင်းလမ်းမှ အာရှလမ်းဆုံသို့ထွက်လာသည့် ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ တရားမဝင် အားဖြည့်အချိုရည် ဖာ ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများသယ်ဆောင်လာသော Mitsubishi Canter ခြောက်ဘီးယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ၂၂ ဘီးယာဉ်ပေါ်မှ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၂၈၆၀)နှင့် ဆိုင်ကယ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၀၈၀၀) **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၃၆၆၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနကဦးဆောင်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရသွားရောက်စစ်ဆေးခဲ့ရာ ပဲခူး၊ တောင်ငူနှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၁၆ ဒသမ ၃၉၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၅၉၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




သိမ်းဆည်းရမိသည့် တရားမဝင်အားဖြည့်အချိုရည်များကို တွေ့ရစဉ်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနမှဦးဆောင်သော တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် Chain Saw (ဓားနှင့်ဓားအထိုင်မပါ) ၁၀ လက် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)နှင့် ဓား(အရွယ်မျိုးစုံ)အလက် ၁၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်တွင် သွင်းကုန်ကြေညာလွှာပါခွင့်ပြုပမာဏထက် ပိုမိုသယ်ဆောင်လာသော ဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ်ပါ ၆၆၅ အိတ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၉၄၂၂၀)**ကို သိမ်းဆည်းရမိခဲ့သဖြင့် အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်များတွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၇၅၂၄၇၂)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၇၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၀

တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၇၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝေလေလန် – ပါခုတ်သွားကားလမ်း ပါခုတ်ကျေးရွာအနီးတွင် စိုင်းအွန်(ခ) အိုက်အွန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်း၊ ကတ်တမင်း ၁၀ ကီလို သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ မွန်းလွဲ ၂ နာရီခန့်တွင် တာချီလိတ်မြို့နယ် နမ့်လွတ်(ရှမ်း)ကျေးရွာရှိ ယိန်းနှင့် မနန်းအင်တို့၏ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း ဆက်လက်သိမ်းဆည်း ရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ည ၇ နာရီတွင် တာချီလိတ်မြို့နယ် ပါခုတ်ကျေးရွာရှိ နေအိမ်တွင် အိုက်ဆီယွန်း (ခ)အိုက်ကျိုင်းကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၇၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ သိန်း၊ ကတ်တမင်း ၁၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့လေးဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့နယ် တုံးဗျောကျေးရွာအုပ်စု လသာကျေးရွာအနီး မြိတ်–တနင်္သာရီသွားကားလမ်းတွင် မျိုးအေးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

အလားတူ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လွယ်ဝိုးတုတ်ကျေးရွာအနီး ဟိုပုံး–လွိုင်လင်သွားကားလမ်းတွင် အောင်ကျော်ထွန်းမောင်းနှင်ပြီး သီဟမင်းဇင်လိုက်ပါလာသည့် Hyundai ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့နယ် မဲတောင်းကျေးရွာအနီးရှိ လေးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စိုင်းလှထွန်း(ခ)ဖိုးသီးနှင့်မျိုးမင်းသူတို့ နှစ်ဦးအားလည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၂၉ ရက် နံနက် ၇ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ဟွေကွယ်ကျေးရွာအနီးတွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားပြီး ပြုတ်ကျကျန်ခဲ့သည့် အိတ်အတွင်း၌ အိုက်စ်ငါးကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ ဓာတ္တဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၄၅ | ပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားစေရေးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာများဖော်ဆောင်ပေး |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၇:၃၅ | မင်္ဂလာရေခင်းတီးကွက် | ၁၈:၃၅ | သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ |
| ၀၈:၃၅ | ညွှန်းဖွဲ့စာမပီ အနုလက်ရာတို့ဆီ 'သမိုင်းဝင်ဗိုလ်ဝင်တောင် ရွှေပေါင်းယှဉ်ကျေးမှုနယ်မြေ' | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း–၃၅) |
| ၀၉:၁၀ | နဝင်္ဂဥပေါသထသီလ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ |
| ၁၂:၃၀ | 'ဆင့်ကဲဆင့်၍မြင့်ပါစေ' တရားတော် | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း–၂၈) |
| ၁၃:၃၅ | MRTV National News | | |
| ၁၅:၀၀ | သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း | | |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ | | |
| ၁၇:၃၀ | ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ | | |

သောကြာနေ့ ညတိုင်းတွင် ဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

| | |
|---|---|
| 07:01 | Union Blood (Pann Nu Yin, Pann Su Thwin) |
| 07:07 | Ecotourism: Bat Cave and Chatthin Wildlife Sanctuary |
| 07:19 | Bottle Gourd Painting |
| 07:25 | Great Shwedagon - Charitable Associations |
| 08:01 | Products of Myanmar - Stone Of The Heavens |
| 08:27 | Myanmar Traditional Snacks: Myanmar Doughnut |
| 08:32 | Buddha - Dhita (Buddhist Nuns) |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Germany Pavilion at Expo 2020 Dubai |
| 09:36 | Traditional Chin Clothes |
| 09:42 | Crickets: Seasonal Delicacy & Job Opportunity |
| 10:01 | Historic Of Kyaukka Shwe Gu Ni Pagoda |

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသစားစရာ ဒိုးငပိကြော်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တွဲလက်ညီညီခရီးဆက်မည် NRC (အပိုင်း–၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ထိန်းသိမ်းစို့လေ ဘိုးဘွားအမွေ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တာရွှန်းရိုးရာ တောင်တက်ကပွဲ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ရှင်သန်နေသောဘဝများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်စာပေသင်ကြားရအောင် (အပိုင်း–၁)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ခမ်းနားထည်ဝါ အင်းသားတို့ရဲ့ရှေးလက်ရာ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကန့်လန့်ကာနောက်ကွယ်က အသံလိုင်းများ

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လချိဒ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
သဘာဝအလှတရားများတည်ရှိရာ ထီးစဲခါးရေတံခွန်ဆီ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း–၆) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ (အပိုင်း–၃) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း–၆) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ်နေ သန့်ဇင်ကို (၂၀)နှစ် အသုံးပြုသည့် “Thant Sin Ko” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နေ ထွန်းလင်းအသုံးပြုသည့် Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်းရပ်ကွက်နေ နှင်းရီလင်း အသုံးပြုသည့် Facebook အကောင့်၊ ပုလောမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ခိုင်စိုးဝေ (၂၀)နှစ် အသုံးပြုသည့် Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နေ မချောချောစု အသုံးပြုသည့် “Nanhla Dawei” Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ်နေ ဇော်မျိုးဦးအသုံးပြုသည့် “Sip Café Club” Facebook Page၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ စန်းစန်းဌေး(၃၂) နှစ် အသုံးပြုသည့် “San Lay” Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ် ကန်သာယာရပ်ကွက်နေ လှဝင်းရှိန်(၅၄)နှစ်အသုံးပြုသည့် Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၄)ရပ်ကွက်နေ မျိုးမင်းသန့် အသုံးပြုသည့် Facebook အကောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက်နေ အိသန္တာ(၃၃)နှစ် အသုံးပြုသည့် “Ei Thandar ET” Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ်မှ “MAY MYO” Facebook အကောင့်၊ ရွှေပြည်သာမြို့နယ်နေ လပြည့်ဝင်းအသုံးပြုသည့် “Richard Michael William” Facebook Page၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ချမ်းသာ(ခ)ညီငယ်(၃၀)နှစ် အသုံးပြုသည့် “စံ ကြက်ဥ၊ ဘဲဥ ရောင်းဝယ်ရေးမိသားစု” Facebook Page၊ လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်နေ ချောစု(၄၆)နှစ် အသုံးပြုသည့် “Chaw Chaw Lay” Facebook အကောင့်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက်နေ မင်းမင်းဦးအသုံးပြုသည့် Facebook အကောင့်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(ခ)ရပ်ကွက်နေ ခင်စိုးယု(ခ)စိုးယု အသုံးပြုသည့် “တာချီလိတ် နယူး အေဂျင်စီ” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**



## ဟသ်္သာတတက္ကသိုလ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ဟသ်္သာတ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်္သာတမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများသည် ယနေ့နံနက် ၈ နာရီက ပန်းခင်းစီမံချက်ဖြင့် ဟသ်္သာတတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ မှီခိုသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ ခရိုင်လဝကမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဝေ၊ ဟသ်္သာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိဂီရွှေနှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ခရိုင်လဝကမှူး ဦးမြင့်ဝေက အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်များသည် ပြည်သူများအတွက် မရှိမဖြစ်ကိုင်ဆောင်သင့်ကြောင်း၊ ဟသ်္သာတခရိုင်အတွင်း နေထိုင်သည့် မည်သူကိုမဆို ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေး မိမိတို့လဝကမှ ဆောင်ရွက်ပေးနေကြောင်း၊ ယခုလို ကွင်းဆင်းဆောင်ရွက်ရာတွင် ဟသ်္သာတတက္ကသိုလ်ဝန်ထမ်းများက တက်ညီလက်ညီ ကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ကတ်ပြားများ ပျက်စီးပျောက်ဆုံးမှုမရှိစေရေး ဂရုပြုထိန်းသိမ်းရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ပန်းခင်းစီမံချက်ဖြင့် ဟသ်္သာတတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ မှီခိုသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ၃(က)၊ ဖ(က)၊ လဲလှယ်၊ မိတ္တူတို့ကို အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၁၁၈ ဦး စုစုပေါင်း ၁၅၉ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ် လဝကဦးစီးမှူး ဦးစိုးမြင့်အောင်ထံမှ သိရသည်။ **ကိုဇော် (ဟသ်္သာတ)**

*မြန်မာနိုင်ငံ၏ပြည်တွင်းနိုင်ငံရေး ရှုပ်ထွေးမှု၊ ပထဝီနိုင်ငံရေးအခြေအနေတို့နှင့်ပတ်သက်၍ Felix Haas ရေးသားသည့် "Myanmar–Internal Power Struggles and Geopolitics" အမည်ရှိ သုတေသနစာတမ်းအား အလွတ်သဘော ဘာသာပြန်ဆိုချက်ကို ဖော်ပြအပ်ပါသည်။*

*စာတည်း*

# မြန်မာနိုင်ငံ ပြည်တွင်းအာဏာရရှိရေးကြိုးပမ်းမှုနှင့် ပထဝီနိုင်ငံရေးအခြေအနေ

## လေ့လာသူတစ်ဦး

**(ယမန်နေ့မှအဆက်)**

၂၀၀၈ ခုနှစ်တွင် စွန့်စားရနိုင်ခြေများစွာရှိသည့်အကြားမှပင် မြန်မာနိုင်ငံ၌ ကြီးမားကျယ်ပြန့်သည့် အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်အတူ ဒီမိုကရေစီစနစ်စတင်ရန် ထိုစဉ်က မြန်မာအစိုးရက ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုက မည်သို့သောအကျိုးရလဒ်ကို သယ်ဆောင်ပေးခဲ့သနည်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြောင့် ၂၀၁၆ ခုနှစ် ဧပြီလတွင် NLD ပါတီ အာဏာရရှိခဲ့သည်။ ရွေးကောက်ပွဲရလဒ်များက NLD ပါတီကို အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများအား ထိန်းချုပ်ခွင့်ရရှိစေခဲ့သည်။ NLD ပါတီအနေဖြင့် ၎င်းဆောင်ရွက်လိုသည့်ကိစ္စရပ်များကို လွတ်လပ်စွာဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိခဲ့ခြင်းပင်ဖြစ်သည်။ လူထု၏ ယုံကြည်မှုကိုလည်း အပြည့်အဝရရှိထားသည်ဖြစ်လေရာ မြန်မာ့ဒီမိုကရေစီနှင့် စပ်လျဉ်းပြီး ပါတီ၏မျှော်မှန်းချက်ကို စိတ်ကူးပုံဖော်နိုင်ခွင့်ရခဲ့သည်။

**အချက် ၁၂ ချက်ပါသော စီးပွားရေးမူဝါဒတစ်ခု**

ဦးစွာပထမ အံ့သြဖွယ်ဖြစ်စေသည်မှာ NLD ပါတီအနေဖြင့် ၎င်း၏အစိုးရသက်တမ်း ပထမနှစ်နှစ်အတွင်း သင့်လျော်သော ဖွံ့ဖြိုးမှုမူဝါဒတစ်စုံတစ်ရာ ဖန်တီးအကောင်အထည်ဖော်ရန် တွန့်ဆုတ်ခဲ့ဟန်ရှိခြင်းပင်ဖြစ်သည်။ NLD အစိုးရလက်ထက်တွင် ယင်း၏မူဝါဒများနှင့်စပ်လျဉ်းပြီး အများပြည်သူသို့ ထုတ်ပြန်ခဲ့သည်မှာ အချက် ၁၂ ချက်ပါသော စီးပွားရေးမူဝါဒတစ်ခုတည်းသာရှိသည်။ NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်က မည်သည့်ကိစ္စရပ်များအား အောင်မြင်မှုရအောင် ဆောင်ရွက်လိုသနည်းဟူသည်ကို တိတိပပသိနိုင်ရန် ခဲယဉ်းခဲ့သည်။ NLD ပါတီ၏ ဦးစားပေးကိစ္စရပ်များတွင် မလွဲမသွေပါဝင်နိုင်ခဲ့သည်မှာ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ပညာရေးတို့ဖြစ်သည်။ NLD ပါတီအနေဖြင့် ၎င်း၏ဦးစားပေးကဏ္ဍများကို မည်သို့သောမူဝါဒများအား အသုံးပြုကာ အကောင်အထည်ဖော်သွားမည်နည်းဟူသည်မှာလည်း မရေမရာရှိခဲ့လေသည်။ မြန်မာပြည်သူများသည် အပြုသဘောဆောင်သော အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်လာရန် စိတ်ရှည်သည်းခံစွာ စောင့်စားခဲ့ကြသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်သည် ၂၀၁၈ ခုနှစ်နောက်ပိုင်းမှစ၍ ပိုမိုအားကောင်းလာခဲ့သည်။ NLD ပါတီ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များသည် တစ်ကြိမ်တစ်ခါမျှ ခြေချဖူးခြင်းမရှိသည့် နယ်မြေစိမ်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့သည်။ NLD ပါတီသည် မြန်မာနိုင်ငံ၌ စီးပွားရေးအရ အခွင့်ထူးခံများ အလွန်အမင်းကြီးထွားလာသည်ဟူ၍ ရှုမြင်ပြီး ယင်းပြဿနာအား ဖြေရှင်းနိုင်ရန်နှင့် စီးပွားရေးအား ဖြေလျှော့မှုပြုရန် တပ်မတော်၏သြဇာကို ထိန်းချုပ်နိုင်မည့် နည်းလမ်းကို ရှာဖွေလျက်ရှိသည်ဟူသည်မှာ ထင်ရှားလာခဲ့သည်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍသည် ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလများကတည်းက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် သော်လည်းကောင်း၊ တပ်မတော်ပိုင်စီးပွားရေးလုပ်ငန်းစုကြီးနှစ်ခုနှင့် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုအပေါ် ကြီးမားစွာအခြေပြုပြီး ထွန်းကားခဲ့ခြင်းဖြစ်သည်။ အစောပိုင်းကာလများ၌မူ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အခွင့်အလမ်းများသည် အစိုးရ၏ အကူအညီများ (ဥပမာ–ခွင့်ပြုမိန့်များ၊ ငှားရမ်းခွင့်များ) အပေါ် လုံးလုံးလျားလျား အမှီပြုခဲ့သည်။ NLD အစိုးရ၏ မျှော်မှန်းချက်မှာ ပွင့်လင်းမြင်သာမှုရှိစေခြင်း၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများပြုခြင်းနှင့် ပြည်ပယှဉ်ပြိုင်မှုနှင့် မိတ်ဆက်ပေးခြင်းတို့မှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍအား သန့်စင်ရှင်းလင်းသွားစေရန်ဖြစ်သည်။ ထိုမျှော်မှန်းချက်ကို ပြည်တွင်းစီးပွားရေးအသိုက်အဝန်းများက လိုလားမှုရှိခဲ့ဟန်မတူပေ။ ယခင်ကတည်းက တပ်မတော်နှင့် ပတ်သက်ဆက်နွယ်မှုရှိခဲ့ကြသော ပြည်တွင်းစီးပွားရေးလုပ်ငန်းစုကြီးများ ဥပမာ–အမေရိကန်၏ အထူးပိတ်ဆို့အရေးယူမှုခံရသော လူပုဂ္ဂိုလ်အသိုက်အဝန်းကမူ အဆိုပါပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များကို ၎င်းတို့၏ စီးပွားရေးအကျိုးစီးပွားများအတွက် ခြိမ်းခြောက်မှုအဖြစ် မှတ်ယူခဲ့ကြပေလိမ့်မည်။

**မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများ**

ဆန့်ကျင်ကန့်ကွက်မှုများစွာရှိခဲ့သော်လည်း NLD ကမူ ၎င်း၏စီးပွားရေးဖြေလျှော့မှု မူဝါဒအစီအစဉ်ကို များမကြာမီမှာပင် အကောင်အထည်ဖော်ခဲ့သည်။ ထိုအစီအစဉ်သည် အထူးသဖြင့် ဘဏ်လုပ်ငန်းမှသည် အာမခံလုပ်ငန်းအထိ ဝန်ဆောင်မှုကဏ္ဍများ၌ နိုင်ငံခြားလုပ်ငန်းများ၏ အကျိုးစီးပွားအား ရှေ့တန်းတင်ဦးစားပေးခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ထို့အပြင် ယင်းလုပ်ငန်းကဏ္ဍများ၌ နိုင်ငံတကာမှပါဝင်လာစေရန် တံခါးများခေါ်ယူခြင်း၊ ဥပဒေနှင့် နည်းဥပဒေများ ပြုပြင်ပြောင်းလဲခြင်းတို့ကိုပါ ဆောင်ရွက်ခဲ့သည်။ NLD ၏ မူဝါဒများကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်အုပ်စုနှင့် USAID အဖွဲ့တို့က ကြိုးဆွဲပုံဖော်ခဲ့သည်။ ယင်းအဖွဲ့များသည် အမေရိကန်၏ သဘောထားအတိုင်း လှုပ်ရှားရသော နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည်။ မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကို မြန်မာအစိုးရက ရေးဆွဲရမည့်အစား ယင်းအဖွဲ့များက ဦးဆောင်ရေးဆွဲခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရေးများကို အနောက်နိုင်ငံသားအကြံပေးများက ဦးဆောင်ခဲ့ကြသည်ဖြစ်ရာ ယင်းတို့သည် ပြည်တွင်းအကျိုးစီးပွားကို ထိခိုက်စေပြီး အနောက်နိုင်ငံများအတွက်သာ အကျိုးရှိစေခဲ့သည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနေရာတွင် လူစားထိုးပြောင်းလဲမှုများ

> **၂၀၁၉ ခုနှစ်က မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာကျဆင်းခဲ့သဖြင့် သွင်းကုန်အဓိကထားရသော မြန်မာနိုင်ငံ၏ စားသောက်ကုန်နှင့် လူသုံးကုန်စည်ဈေးနှုန်းမှာလည်း တစ်ဟုန်ထိုးမြင့်တက်သွားခဲ့လေသည်။ ကုန်ဈေးနှုန်းများမြင့်တက်မှုကြောင့် ပြည်တွင်းမှ အသေးစားစီးပွားရေးလုပ်ငန်းများသည် ပြည်ပမှဝင်ရောက်လာသောလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပေ။ ပြည်တွင်းမှ အသေးစားစီးပွားရေးလုပ်ငန်းများစွာသည် လုပ်ငန်းလည်ပတ်မှုအတွက် ချေးငွေကိုသာ အဓိကထားမှီခိုခဲ့ရသည်။ သို့သော်လည်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသဖြင့် ပြည်တွင်းကုန်သွယ်ရေးဘဏ်များက ချေးငွေပေးဆပ်မှုသက်တမ်းကို အကြိမ်ကြိမ်သက်တမ်းတိုးပေးခဲ့ရ**

ဆောင်ရွက်ခဲ့ရာ ၎င်းတို့နှင့် ဆက်နွယ်သော အခြားအစိုးရတာဝန်ရှိသူများသည်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှ နုတ်ထွက်ခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးသောင်းထွန်း၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့သည် အနောက်ဗဟိုပြု ပြုပြင်ပြောင်းလဲရေးအား လိုလားသူများအဖြစ် သတ်မှတ်ခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ "အနောက်မျှော်" မူဝါဒကြောင့် ပေးဆပ်လိုက်ရသည့်တန်ဖိုးမှာ ဘဏ္ဍာရေးအရ ခြိုးခြံချွေတာလွန်းခြင်း၊ နိုင်ငံ့စီးပွားရေးအား တမင်ရည်ရွယ်၍ ကျုံ့သွားစေခြင်းနှင့် အနာဂတ်တွင် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်လာနိုင်ခြင်းတို့ပင်ဖြစ်သည်။

NLD လက်ထက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ရလဒ်မှာ ဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၃ ခုနှစ်က အမြင့်ဆုံး ၈ ဒသမ ၄ ရာခိုင်နှုန်းအထိရှိခဲ့သော မြန်မာနိုင်ငံ၏ ဂျီဒီပီဖွံ့ဖြိုးမှုနှုန်းသည် NLD အစိုးရလက်ထက်၌မူ ၆ ဒသမ ၅ ရာခိုင်နှုန်းမျှသာ ကျန်ရှိတော့ခြင်းဖြစ်သည်။ ယင်းပမာဏသည် ကိုဗစ်–၁၉ ကပ်ရောဂါ မဖြစ်ပွားခင်ကာလက ပမာဏဖြစ်သည်။ ၂၀၁၉ ခုနှစ်က မြန်မာကျပ်ငွေတန်ဖိုး သိသိသာသာ ကျဆင်းခဲ့သဖြင့် သွင်းကုန်အဓိကထားရသော မြန်မာနိုင်ငံ၏ စားသောက်ကုန်နှင့် လူသုံးကုန်စည်ဈေးနှုန်းမှာလည်း တစ်ဟုန်ထိုးမြင့်တက်သွားခဲ့လေသည်။ ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်တွင်းမှ အသေးစားစီးပွားရေးလုပ်ငန်းများသည် ပြည်ပမှဝင်ရောက်လာသော လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပေ။ ပြည်တွင်းမှ အသေးစား စီးပွားရေးလုပ်ငန်းများစွာသည် လုပ်ငန်းလည်ပတ်မှုအတွက် ချေးငွေကိုသာ အဓိကထားမှီခိုခဲ့ရသည်။ သို့သော်လည်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသဖြင့် ပြည်တွင်းကုန်သွယ်ရေးဘဏ်များက ချေးငွေပေးဆပ်မှုသက်တမ်းကို အကြိမ်ကြိမ်သက်တမ်းတိုးပေးခဲ့ရသည်။ ဤသို့ အချိန်မီပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသော ချေးငွေများ စုပုံများပြားလာခြင်းက NLD လက်ထက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံ၏ ရသုံးမှန်းခြေငွေစာရင်းလိုငွေပြမှုသည် ၃ ဒသမ ၉ ထရီလီယံသာရှိခဲ့သော်လည်း ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင်မူ မြန်မာကျပ်ငွေ ၇ ထရီလီယံအထိရှိခဲ့ပြီး ယင်းမှာ ပြီးခဲ့သည့်ဆယ်နှစ်အတွင်း အမြင့်ဆုံးပမာဏဖြစ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ၏ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ အချက်အလက်များအရ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသော ကုမ္ပဏီအရေအတွက် ၈၃၀၂၄ ခု ရှိသည့်အနက် နှစ်စဉ်အစီရင်ခံစာ (annual return) တင်ပြရန် နောက်ကျမှုကြောင့် ရပ်ဆိုင်းခံရသော ကုမ္ပဏီ ၁၆၃၁၉ ခုရှိခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်ခြင်းအား ဖျက်သိမ်းရန် လျှောက်ထားသောကုမ္ပဏီ ၃၆၁ ခုရှိခဲ့သည်။ NLD အစိုးရသက်တမ်းနောက်ဆုံးကာလ၌ ကိုဗစ်–၁၉ နှင့် ဆက်စပ်သော သက်ရောက်မှုကြောင့် နိုင်ငံ့စီးပွားရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ အလားအလာတို့တွင် စိန်ခေါ်မှုများနှင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရသည်။

အနောက်နိုင်ငံရေးသမားများသည် မြန်မာနိုင်ငံအပေါ် အာဏာရှင်နိုင်ငံအဖြစ် သမုတ်ကာ စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ နှစ်ပေါင်းများစွာချမှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ စတင်ထွက်ပေါ်လာသည့်အခါ ၎င်းတို့၏ စီးပွားရေးအရ တင်းမာသောသဘောထားနှင့် ရပ်တည်မှုက မြန်မာနိုင်ငံ၏ တပ်မတော်ခေါင်းဆောင်များကို ဒူးထောက်စေခဲ့ပြီး ဒီမိုကရေစီအောင်ပွဲကို ဖန်တီးပေးခဲ့ခြင်းဖြစ်သည်ဟု အနောက်နိုင်ငံရေးသမားများက ယုံကြည်ခဲ့ကြဟန်တူသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ တံခါးဖွင့်မှုအား မည်သည့်အရှိန်အဟုန်ဖြင့် ဖွင့်မည်၊ မည်သည့် အတိုင်းအတာအထိ ဖွင့်မည်ဟူသည်နှင့်စပ်လျဉ်းပြီး တပ်မတော်က အမြဲထိန်းချုပ်ထားခဲ့သည်ဟူသည်ကိုမူ ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများက နားလည်ခဲ့ခြင်းမရှိပေ။

**ဘက်မလိုက်လှုပ်ရှားမှု၏ အစောဆုံးအဖွဲ့ဝင်နိုင်ငံ**

မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှု၏ အစောဆုံးအဖွဲ့ဝင်နိုင်ငံဖြစ်လေရာ တပ်မတော်အနေဖြင့် ပြည်တွင်းရေးအခြေအနေဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ပေါ်ပေါက်လာမည့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အကျိုးဆက်များအပေါ် သတိကြီးစွာ အာရုံစိုက်လိမ့်မည်မှာ အသေအချာပင်ဖြစ်သည်။ အမေရိကန်သမ္မတဟောင်း ထရမ့်နှင့် တရုတ်အကြား ထိပ်တိုက်တွေ့ရာမှ ဖြစ်ပေါ်လာသည့် ကုန်သွယ်ရေးစစ်ပွဲနှင့် "လွတ်လပ်ပွင့်လင်းသော အင်ဒို–ပစိဖိတ်" "Free and Open Indo–Pacific" မျှော်မှန်းချက်အား အကောင်အထည်ဖော်ရေးအတွက် အရှိန်အဟုန်မြင့်လာသော အမေရိကန်၏ ထိတွေ့ချဉ်းကပ်မှုတို့က အရှေ့တောင်အာရှနိုင်ငံများကို အမေရိကန်နှင့်တရုတ် နှစ်နိုင်ငံအနက် တစ်နိုင်ငံဘက်မှ ရပ်တည်ရန် ဖိအားပေးခဲ့သည်။

အဆိုပါပထဝီနိုင်ငံရေး အားပြိုင်ပွဲများသည် အာရှ၏ လမ်းဆုံလမ်းခွတွင် တည်ရှိနေသော မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုဖြစ်လာခဲ့သည်။ ထိုသို့သော ခေတ်ကာလအခြေအနေတွင် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် စီးပွားရေးဖြေလျှော့မှုသည် မည်သို့သောအကျိုးသက်ရောက်မှုမျိုးကို ဖြစ်စေနိုင်သနည်း။ သုံးနှစ်ကြာ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေခဲ့သော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲများမှ မည်သို့သော အန္တရာယ်များထွက်ပေါ်လာနိုင်သနည်း။

စာမျက်နှာ ၁၇ သို့ ❐

❒ စာမျက်နှာ ၁၆ မှ

တပ်မတော်အား အင်စတီကျူးရှင်းအရ အားနည်းစေခြင်းနှင့် ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ခံ မြန်မာ့စီးပွားရေးအား တစ်ကျော့ပြန်မွမ်းမံခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များက မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ဖြစ်စေမည်လော။ အဆိုးဆုံးဖြစ်နိုင်ခြေအရ နိုင်ငံအစိတ်စိတ်အမြွှာမြွှာပြိုကွဲမှု (balkanization) အထိ ဦးတည်သွားနိုင်ပါသလော။

**အရေးအကြီးဆုံး ဦးစားပေးလုပ်ငန်းများ**

ဒေသတွင်းပထဝီနိုင်ငံရေးအားပြိုင်မှု ဖြစ်ပွားနေသည့် လက်ရှိအချိန်တွင် နိုင်ငံအတွင်းမှ အက်ကြောင်းများ ဖြစ်ပေါ်လာခြင်းသည် မြန်မာနိုင်ငံအား အားနည်းစေလိုသည့် ပြင်ပနိုင်ငံများနှင့် အဖွဲ့အစည်းများအတွက် အမြတ်ထုတ်အသုံးချစရာဖြစ်လာပေလိမ့်မည်။ ထိုသို့ ဆိုးရွားပြင်းထန်သည့် နောက်ဆက်တွဲရလဒ်များနှင့် မကြုံတွေ့ရစေရန် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် တိုင်းရင်းသားသွေးစည်းညီညွတ်မှုတို့ကို ခိုင်မာအားကောင်းစေရေးနှင့် ပြည်သူလူထုအား ဝန်ဆောင်မှုများ အဆက်မပြတ်ပေးအပ်နိုင်ရန်လည်း ထိန်းသိမ်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံး ဦးစားပေးလုပ်ငန်းများဖြစ်ပေသည်။

နိုင်ငံတွင်းဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ထိန်းကျောင်းခြင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အတွက် မဖြစ်နိုင်သည့်ကိစ္စဖြစ်သည်ဟု စောဒကတက်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့် သူမအား ထောက်ခံသူ ဒေါက်တိုင်ဖြစ်သည့် ဗမာအများစု၏အသံကိုနားထောင်ရန်၊ တိုင်းရင်းသားလူနည်းစုများ (အခြေခံလူတန်းစားတိုင်းရင်းသားများနှင့် မတူကွဲပြားသောအကျိုးစီးပွားများရှိသည့် အဓိကတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှစ်ဒါဇင်ခန့်) ၏ အသံကို နားထောင်ရန်၊ တပ်မတော်၏ အသံကိုနားထောင်ရန်နှင့် နိုင်ငံ၏ အရပ်ဘက်နှင့် တပ်မတော်အကြား ကျိုးပဲ့လွယ်သော နိုင်ငံရေးချိန်ခွင်လျှာကိုထိန်းသိမ်းရန် လိုအပ်မှုတို့ကြောင့် ဖြစ်သည်။ "ရိုဟင်ဂျာ"ဆိုသူများ၏ ကိစ္စနှင့်စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သူမအား ထောက်ခံသူ မဲဆန္ဒရှင်အများစုကို ဆန့်ကျင်သည့် အမြင်ရှိမှုများကို ဆန့်ကျင်သည့် နိုင်ငံရေးရပ်တည်ချက်ကို ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီတွင် ချမှတ်ရန် မျှော်မှန်းထားသည်ဟု ဆိုကောင်းဆိုနိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီတို့သည် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်မှ မြန်မာနိုင်ငံကို ကာကွယ်ရန် "အောင်ဆန်းစုကြည်နှင့်အတူ ရပ်တည်ကြ" ဟု နိုင်ငံအား တိုက်တွန်းရန် ဆုံးဖြတ်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် ထွက်သွားပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် ဗမာနှင့် တိုင်းရင်းသား မဲဆန္ဒရှင်အားလုံးနီးပါး၏ အကျိုးစီးပွားကိုဆန့်ကျင်လျက် နေရပ်စွန့်ခွာ "ရိုဟင်ဂျာ"ဆိုသူများအတွက် ပြဿနာများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟူသည့် လက်တွေ့မကျသော မျှော်လင့်ချက်ကြောင့် အမေရိကန်နှင့် NLD တို့အကြား ဆက်ဆံရေးသည် ယိုယွင်းလာခဲ့သည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံရှိ မည်သည့်ပါတီကို အနောက်အုပ်စုက လိုလားနှစ်သက်ပါမည်နည်း။ မြန်မာ့ဒီမိုကရေစီသင်္ကေတဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကို အနောက်နိုင်ငံများ၏ လိုလားနှစ်သက်မှုစာရင်းမှ ဖယ်ရှားပြီးနောက် ထိုစာရင်းတွင် မည်သူကျန်ခဲ့သည်ကို မေးခွန်းထုတ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပုံစံအပေါ် အနောက်တိုင်းအစိုးရများ၏ စံပုံစံအမြင်များနှင့် လက်တွေ့မကျသည့် မျှော်လင့်ချက်များသည် NLD ၏ သမိုင်းအစဉ်အလာအရ ဖြစ်တည်လာမှုကို မရည်ရွယ်ဘဲ အဆုံးသတ်စေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်များအတွင်း များပြားသောဒဏ်ခတ်ပိတ်ဆို့မှုများနှင့် နိုင်ငံရေးအရ အထီးကျန်ဆန်စေခြင်းများကြောင့် မြန်မာနိုင်ငံအနေဖြင့် ဆယ်စုနှစ်တစ်ခုကြာ ဖွံ့ဖြိုးတိုးတက်မှု ပျောက်ဆုံးသည့်နည်းတူ ပိတ်ဆို့အရေးယူမှုများနှင့် နိုင်ငံတကာ၏ စံနှုန်းအခြေပြုဝေဖန်မှုများသည် NLD အတွက်လည်း အထောက်အကူမဖြစ်ခဲ့ချေ။

ဒေါ်အောင်ဆန်းစုကြည်အပေါ် အနောက်နိုင်ငံများ၏ ထောက်ခံမှုဆုံးရှုံးခြင်းသည် ရှုပ်ထွေးသည့် အရပ်ဘက်-စစ်ဘက်ဆက်ဆံရေးတွင် သူမ၏ ထိန်းကျောင်းညှိနှိုင်းနိုင်စွမ်းကို ပျောက်ဆုံးသွားစေခဲ့သည်။ မည်သို့ပင်ဆိုစေ "ရိုဟင်ဂျာ" ဆိုသူများ ထွက်ပြေးပြီးနောက် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများနှင့် စုံစမ်းစစ်ဆေးမှုများသည် တပ်မတော်အပေါ်တွင်လည်း အရိပ်မည်းထိုးလာခဲ့သည်။ အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများ(stakeholders)၊ ယင်းတို့၏ အခက်အခဲများ၊ အကန့်အသတ်အတားအဆီးများ၊ နိုင်ငံရေးအုပ်စု/သဘောထားကွဲလွဲမှုများ ပိုမိုဆိုးရွားစေနိုင်သည့်အန္တရာယ်များ အပါအဝင် မြန်မာ့ဒီမိုကရေစီပုံစံအား နားမလည်နိုင်ခြင်းသည် နားလည်ရန်ခက်ခဲလျက်ပင်ရှိသည်။

လက်ရှိအခြေအနေတွင် သက်ဆိုင်သူအားလုံးမှ အဖြေတစ်ခုရှာရန်အတွက် အရေးကြီးသည်မှာ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများအပေါ် အကျိုးသင့်အကြောင်းသင့် ဆင်ခြင်တုံတရားနှင့် အချက်အလက် အခြေပြုအမြင်ထားရှိရေး

**"အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးထက် ဒေသတွင်း နိုင်ငံရေးများနှင့် လက်တွေ့ကျသော စီးပွားရေးနှင့် နိုင်ငံရေးဆက်ဆံမှုများကို ပိုမိုအာရုံစိုက်လာဖွယ်ရှိသည်။ မြန်မာနိုင်ငံတွင်းအခြေအနေနှင့် မသက်ဆိုင်ဘဲ ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် လာမည့်နှစ်များတွင် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာလိမ့်မည်ဖြစ်သည်။ စင်စစ်တွင် အာဆီယံ၊ တရုတ် (ဟောင်ကောင်မှတစ်ဆင့်)၊ ဂျပန်၊ ကိုရီးယားနှင့် အရှေ့တိုင်းအင်အားများသည် မြန်မာနိုင်ငံ၏ အဓိကရင်းနှီးမြှုပ်နှံမှုအရင်းအမြစ်များဖြစ်ကာ ယင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈ ခုနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားလုံး၏ ၈၇ ရာခိုင်နှုန်းရှိသည်။ အရှေ့တိုင်းစီးပွားရေးအင်အားကြီးနိုင်ငံများ၏ လက်တွေ့ကျသည့် ရင်းနှီးမြှုပ်နှံမှုများနှင့်နှိုင်းစာပါက အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ စီးပွားရေးခြေရာမှာ မြန်မာနိုင်ငံတွင် အနည်းငယ်သာရှိ"**

ဖြစ်သည်။ ဤသို့အဖြေရှာရာတွင် ဖြစ်နိုင်ခြေအများဆုံးဖြစ်သည့် အာဆီယံနည်းလမ်း (သို့) အခြားနိုင်ငံစုံနည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်မှုများမှတစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတကာမီဒီယာများတွင် မြန်မာနိုင်ငံအား ကျရှုံးနိုင်ငံအဖြစ်လည်းကောင်း၊ ငြိမ်းချမ်းသော ဆန္ဒပြသူများအပေါ် စစ်တပ်မှ တစ်ဖက်သတ်အကြမ်းဖက်မှုအဖြစ်လည်းကောင်း မှားယွင်းသည့်ဇာတ်ကြောင်းပြောပုံဖော်မှုများကြီးစိုးနေခြင်းသည် စာနယ်ဇင်းကျင့်ဝတ်နှင့် ကိုက်ညီမှုမရှိချေ။

**စွပ်စွဲချက်ကိန်းဂဏန်းများ**

ဥပမာအားဖြင့် အမေရိကန်မှ ငွေကြေးထောက်ပံ့ထားသည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPPB) သည် အရပ်သားအသေအပျောက် စွပ်စွဲချက်ကိန်းဂဏန်းများအပေါ် လက်ဝါးကြီးအုပ်ထားသည်။ AAPPB ၏ စာရင်းတွင် သေဆုံးကြောင်း အတည်မပြုနိုင်သည့် သူများ၏ အမည်စာရင်းများ ပါဝင်နေပါ၏လော။ ယင်းစာရင်းတွင် နယ်စပ်ဒေသများသို့ ထွက်ပြေးသူများ၏ အမည်စာရင်းများကို ထည့်သွင်းထားပါ၏လော။ အမှန်တကယ်မရှိသည့် အမည်များနှင့် ပိုမိုထည့်သွင်းထားသည့် အမည်များထည့်သွင်းထားခြင်း ရှိ/မရှိ မည်သူက သိနိုင်ပါမည်နည်း။

အထက်ပါမေးခွန်းများနှင့် မသက်ဆိုင်ဘဲ လုံခြုံရေးတပ်ဖွဲ့များ၊ အစိုးရဝန်ထမ်းများနှင့် အရပ်သားများအပေါ် အစိုးရဆန့်ကျင်သည့် အကြမ်းဖက်များမှ သေကျေပျက်စီးအောင် တိုက်ခိုက်သည့် ပမာဏသည် AAPPB မှ စွပ်စွဲသည့် ကိန်းဂဏန်းများထက် ကျော်လွန်နေပြီဖြစ်သည်။ "The 74 media" ၏ သတင်းဖော်ပြချက်တစ်ခုအရ NUG "ကာကွယ်ရေးဝန်ကြီး" က ဇွန်လနှင့်ဇူလိုင်လများအတွင်း တပ်မတော်သား (သို့) ထောက်ခံသူ ၁၁၀၀ ကျော်ကိုသတ်ဖြတ်နိုင်ခဲ့သည်ဟု အခိုင်အမာဆိုကြောင်း ဖော်ပြထားသည်ကို သိရသည်။ နိုင်ငံရေးအငြင်းပွားမှုသည် မည်သည့်ဘက်တွင်မျှ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေခြင်းမရှိသင့်သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား သတ်ဖြတ်မှုအပေါ် ကြွားလုံးထုတ်နေသည့် NUG အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက မည်သို့ထောက်ခံပေးရမည်နည်းဆိုခြင်းမှာ မေးခွန်းထုတ်စရာ ဖြစ်နေသည်။

France 24 ကဲ့သို့သောမီဒီယာများသည် ဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား မြားများနှင့် ခတ်ဆီပုလင်းဗုံးများဖြင့်တိုက်ခိုက်မှု ဗီဒီယိုအား တင်ဆက်ထားချိန်တွင် အကြမ်းမဖက်သော ဆန္ဒပြမှုများအဖြစ် သတင်းဖော်ပြခဲ့သည်။ France 24 သည် CIA မှ David Eubank ၏ မျက်နှာစာအဖွဲ့အစည်းဖြစ်သော Free Burma Rangers ၏ ဗီဒီယိုဖိုင်ကို အသုံးပြု၍ ဗြိတိန်နှင့် အမေရိကန်တို့မှ ထောက်ပံ့ထားသော အစိုးရဆန့်ကျင်သူ ပြည်ပရောက် တက်ကြွလှုပ်ရှားသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

ဟောင်ကောင်မှ စတင်သည့် တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုဖြစ်သည့် "Milk Tea Alliance" ကဲ့သို့သော နိုင်ငံရေးလမ်းကြောင်းများမှတစ်ဆင့်သို့မဟုတ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အချိတ်အဆက်ရှိသည့် Global Movement for Myanmar Democracy ကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့် မြန်မာ့ပြည်တွင်းရေးတွင် နိုင်ငံတကာမှ ဝင်ရောက်စွက်ဖက်မှုများသည် အပြုသဘောဆောင်သောရလဒ်များနှင့် ပြန်လည်သင့်မြတ်ရေးကို ဦးတည်လိမ့်မည်မဟုတ်ချေ။

**အနောက်တိုင်းပုံစံ စီးပွားရေးပိတ်ဆို့မှုများ**

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ ပိုနေမြဲကျားနေမြဲအခြေအနေကို ယခုမည်သို့ကိုင်တွယ်ဆောင်ရွက်သွားနိုင်ပါမည်နည်း။ မြန်မာ့တပ်မတော်အနေဖြင့် အနောက်တိုင်းပုံစံ စီးပွားရေးပိတ်ဆို့မှုများကို အတိုင်းအတာတစ်ခုအထိ ကိုယ်ခံအားရရှိလာလိမ့်မည်မှာ သေချာသည်။ ပိုမိုပြင်းထန်လာသော ပြည်တွင်းပဋိပက္ခများနှင့် အတိုက်အခံပြုမှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြင်းထန်သောဝေဖန်မှုများနှင့် အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများသည် တပ်မတော်မှကြိုတင်မျှော်မှန်းထားခဲ့ရသည့် တုံ့ပြန်မှုများဖြစ်သည်။

အကောင်းဘက်ကကြည့်ရှုပါက ကျယ်ကျယ်ပြန့်ပြန့်အရေးယူမှုများ ဖြစ်ပေါ်နိုင်ခြေနည်းပါးသည်။ ကျယ်ပြန့်သည့်အရေးယူပိတ်ဆို့မှုများ ချမှတ်မှုသည် မြန်မာနိုင်ငံအား လစ်ဘရယ်ဒီမိုကရေစီလားရာသို့ မည်သို့မျှပိုမိုရွေ့လျားစေနိုင်မည်မဟုတ်သော်လည်း သာမန်ပြည်သူများကို ထိခိုက်စေလိမ့်မည်ဖြစ်သည်။ အနောက်နိုင်ငံများသည် ဒဏ်ခတ်မှုများဖြင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးလမ်းကြောင်းကို ပြောင်းပြန်လှန်နိုင်လိမ့်မည်မဟုတ်သော်လည်း မြန်မာအစိုးရနှင့် လုံးလုံးလျားလျား မပတ်သက်သည့်အနေအထားသို့ ရောက်အောင် ၎င်းတို့ဘာသာ၎င်းတို့ တွန်းပို့နေသည်။ ရက်သတ္တပတ်ချီ၍ ကြာမြင့်လာပြီဖြစ်သည့် နယူးယောက်ရှိ ယခင်ကမကြုံစဖူးဖြစ်သည့် ခန့်အပ်လွှာအငြင်းပွားမှုကြောင့် ကုလသမဂ္ဂအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တင်းမာမှုများကို အမှန်တကယ်လျှော့ချရန်နှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ရန်လိုအပ်သည့် ညှိနှိုင်းထိန်းကျောင်းနိုင်မှုကို ဆုံးရှုံးခဲ့ရသည်။

NUG အနေဖြင့် စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ရင်ကြားစေ့ရေး မဆောင်ရွက်နိုင်သကဲ့သို့ တပ်မတော်ကိုလည်း ဖြုတ်ချနိုင်မည်မဟုတ်ချေ။ ထိုသို့ဖြစ်လင့်ကစား အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့ကို စည်းရုံးရန် ခက်ခဲမည်ပင်ဖြစ်သည်။ ကြိုးကြားကြိုးကြားဖြစ်သည့် လမ်းပေါ်ရှိ အကြမ်းဖက်မှုများနှင့် ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်မှုများသည် နိုင်ငံ၏ဒုက္ခများကို ပိုမိုဆိုးရွားစေလိမ့်မည်သာဖြစ်သည်။ NUG ကို မည်သည့်နိုင်ငံကမျှ အသိအမှတ်မပြုချေ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အိမ်စောင့်အစိုးရနှင့် အပြုသဘောထိတွေ့ဆောင်ရွက်မှုသည် အမှန်ကတယ် လိုအပ်လက်တွေ့ကျပြီး မြန်မာပြည်သူများအတွက် ကောင်းမွန်ကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံရေးသမားများက ကောင်းစွာသိရှိကြသည်။

**စီးပွားရေးနှင့် နိုင်ငံရေးဆက်ဆံမှုများ**

အိမ်စောင့်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံရေးထက်ဒေသတွင်း နိုင်ငံရေးများနှင့် လက်တွေ့ကျသော စီးပွားရေးနှင့် နိုင်ငံရေးဆက်ဆံမှုများကို ပိုမိုအာရုံစိုက်လာဖွယ်ရှိသည်။ မြန်မာနိုင်ငံတွင်းအခြေအနေနှင့် မသက်ဆိုင်ဘဲ ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် လာမည့်နှစ်များတွင် စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများ ဆက်လက်တိုးတက်လာလိမ့်မည်ဖြစ်သည်။ စင်စစ်တွင် အာဆီယံ၊ တရုတ် (ဟောင်ကောင်မှတစ်ဆင့်)၊ ဂျပန်၊ ကိုရီးယားနှင့် အရှေ့တိုင်းအင်အားများသည် မြန်မာနိုင်ငံ၏အဓိကရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်များဖြစ်ကာ ယင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၈ ခုနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားလုံး၏ ၈၇ ရာခိုင်နှုန်းရှိသည်။ အရှေ့တိုင်း စီးပွားရေးအင်အားကြီးနိုင်ငံများ၏ လက်တွေ့ကျသည့် ရင်းနှီးမြှုပ်နှံမှုများနှင့်နှိုင်းစာပါက အမေရိကန်နှင့် ဥရောပနိုင်ငံများ၏ စီးပွားရေးခြေရာမှာ မြန်မာနိုင်ငံတွင် အနည်းငယ်သာရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း၊ မဟာမဲခေါင်ဒေသခွဲအောက်ရှိ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များ၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် အိန္ဒိယနိုင်ငံ၏ Act East Policy တို့တွင်ပါဝင်သည့် ပေါင်းကူးဆက်သွယ်ရေးအစီအစဉ်များ၊ တစ်ခုနှင့်တစ်ခု ထပ်နေသည့် စီးပွားရေးစကြံများတွင်ပါဝင်၍ သဘာဝစီးပွားရေး အချက်အချာဆုံချက်အဖြစ် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်သည်။ ။

*https://medium.com/@myanmar_analyst/myanmar-internal-power-struggles-and-geopolitics-babf2cfd4002*

၍ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၆-၁-၂၀၂၂) ရက်နေ့မှအဆက်

**နန္ဒမင်းသားအား ရဟန်းပြုစေခြင်း**

ဘုရားရှင်သည် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်၍ တောထွက်ကာဘုရားအဖြစ် ကျင့်သောကြောင့် သုဒ္ဓောဒနမင်းကြီးသည် သူ့အရိုက်အရာ ဆက်ခံရန်အတွက် သားတော်မင်းနန်(နန္ဒ)ကို ကြံရွယ်ထားသည်။ နန္ဒမင်းသည် မင်း၏ ဒုတိယမိဖုရား မိထွေးတော်ဂေါတမီက မွေးဖွားသောသားဖြစ်သည်။ ဘုရားနှင့် ဖခင်တူအမေကွဲညီဖြစ်သည်။ ဘုရားရှင်ကို မွေးဖွားပြီးရက်အနည်းငယ်အကြာမှာ မွေးဖွားသော သားဖြစ်ပါသည်။ သူသည်နှမတော် ဇနပဒကလျာဏီနှင့် စုံမက်သည်။ သူတို့ကလည်း မောင်နှမများဖြစ်သည်။

ထိုသို့မင်းကြီးသည်ကြံရွယ်ထားသည့်အတိုင်း ဘုရားရှင်သည် ကပိလဝတ်ပြည်သို့ရောက်ပြီး သုံးရက်မြောက်တွင် စီစဉ်သည်။ ညီတော်မင်းနန္ဒအား (၁) အိမ်တက်မင်္ဂလာ၊ (၂) ဥဿျှောင်ထုံးမင်္ဂလာ၊ (၃) သင်းကျစ်ဆောင်းမင်္ဂလာ၊ (၄) ထိမ်းမြားမင်္ဂလာ၊ (၅) အိမ်ရှေ့ထီးဆောင်းမင်္ဂလာများကို သမီးတော် ဇနပဒကလျာဏီနှင့် အိမ်ရှေ့မင်းအပ်နှင်းရန် ကျင်းပနေလေသည်။

ယင်းသို့ ကျင်းပနေချိန်တွင် ဘုရားရှင်သည် နန်းတော်သို့ ဆွမ်းခံကြွတော်မူသည်။ မင်္ဂလာမဏ္ဍပ်၌လည်း ထူးမြတ်သော မင်္ဂလာတရားများ ဟောကြားသည်။ ထို့နောက် ညီတော်မင်းနန်အား ဘုရားရှင်သည် သူ့သပိတ်လှမ်းပေးလိုက်သည်။ ညီတော်မင်းနန်သည် ဘုရားရှင်အား အစ်ကိုတော်လည်းဖြစ်၊ ကြောက်ချစ်ရိုသေရသောကြောင့် သပိတ်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပေးအပ်ခြင်းမပြုဝံ့ချေ။ ထိုသပိတ်ကိုထမ်းလျက် ဘုရားရှင်၏နောက်မှ လိုက်သွားရလေသည်။ ယင်းသပိတ်ကို ဘုရားရှင်သည် စောင်းတန်းရင်းရောက်လျှင် ပြန်ယူမည်ဟုထင်၍ နောက်မှတစ်ပါတည်း လိုက်လာခဲ့ရသည်။ စောင်းတန်းရင်းရောက်လည်း သပိတ်ကိုပြန်မယူပါ။ နန်းရင်ပြင်ရောက်လျှင် ယူလိမ့်မည်အထင်နှင့် လိုက်သွားရသည်။ နန်းရင်ပြင်ရောက်လည်း ဘုရားရှင်က သပိတ်တော်ကို ပြန်မယူဘဲရှိနေသည်။ နန္ဒမင်းသားသည် ဘုရားသတိမေ့နေသည်ထင်၍ ဘုရားရှင်ရှေ့သို့ ထွက်ကာ ကျော်တက်ပြီး ရဟန်းတော်များအား စကားပြောလျက် ဤနေရာသို့ ရောက်လျှင်ရယူလတ္တံ့အထင် လိုက်သွားလေသည်။

ယင်းအကြောင်းသတင်းများကို နန်းတွင်းသူများထံမှကြားသိသော ဇနပဒကလျာဏီသည် သူ၏မောင်တော်မင်းနန် ကြည့်သော် သူစိတ်မချမ်း



သာဖြစ်ရသည်။ စိတ်သောကရောက်ရသည်။ ထို့ကြောင့် သူသည် မင်းနန်အား "မောင်တော် မြန်မြန်ပြန်လာပါ"ဟု ပြောကြားလေသည်။ ထိုစကားကို မင်းနန်ကြားသောသူ့အသံကြားတွင် သပ်လျှိုလိုက်သလိုခံစားပြီးနေရလေသည်။ ဘုရားရှင်ကလည်း နန္ဒမင်းသားထံမှ သပိတ်ကိုမယူဘဲ ကျောင်းတော်သို့ ကြွသွားလေသည်။

ကျောင်းသို့ရောက်သောအခါ မင်းနန်အား ရဟန်းပြုနိုင်မည်လားဟု ဘုရားရှင်က မေးလေသည်။ ညီတော်မင်းနန်သည် ဘုရားအားကြောက်သည်၊ ချစ်သည်၊ ရိုသေသည်ဖြစ်၍ ပြန်မပြောလိုဘဲ သူ့ဆန္ဒမပါဘဲလျက် ရဟန်းပြုမည်ဖြစ်ကြောင်း ပြန်လျှောက်ရလေသည်။ ဘုရားရှင်က သူ့လက်ယာရံ အရှင်သာရိပုတ္တရာအားခေါ်၍ ညီတော်မင်းနန်အား ရဟန်းပြုစေသည်။ နန္ဒမင်းသည် သူ၏အချစ်ညီမ ဇနပဒကလျာဏီကို စားလည်း ဒီစိတ်၊ ထိုင်လည်း ဒီစိတ်တို့ဖြင့် နှမတော်ကို လွမ်း၍နေပေသည်။ သူ၏နားထဲတွင် ညီမတော်မှာလိုက်သည့်စကားကို ကြားနေ၍ စားမဝင်အိပ်မပျော် ဖြစ်နေသည်။

**သားတော်ရာဟုလာအား**
**လောကုတ္တရာအမွေ ရှင်ပြုပေးခြင်း**

နောက် ခုနစ်ရက်မြောက်သောနေ့တွင် ဘုရားရှင်သည် ရဟန္တာအပေါင်းနှစ်သောင်းခြံရံလျက် နန်းတော်သို့ ဆွမ်းစားကြွတော်မူသည်။ ထိုအခါ ယသော်ဓရာသည် သူ၏သားတော်ရာဟုလာကို ဝတ်စားဆင်ယင်၍ ဘုရားထံသို့ စေလွှတ်တော်မူသည်။ ရာဟုလာသည် ခုနစ်နှစ်သားအရွယ်သာရှိသေးသည်။ နန်းတော်တွင် ယခုဆွမ်းစားကြွတော်မူသည့် ဘုရားရှင်အား သူ၏ဖခင်ဖြစ်ကြောင်း၊ ဟိုယခင်က နန်းတော်မှာ သူနှင့်နေစဉ်က ရွှေအိုးကြီးလေးလုံး

> ဘုရားရှင်က ဤခုနစ်ဦးအား ရဟန်းပြုပေးပြီးနောက် ရဟန်းအပေါင်းခြံရံလျက် ခရီးဆက်သည်။ ဒုတိယဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝါကပ်သီတင်းသုံးသည်။ ထိုဝါတွင်း၌ အရှင်ဘဒ္ဒိယသည် ဝိဇ္ဇာသုံးပါး၊ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်သည်။ အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရသည်။ အရှင်အာနန္ဒာသည် သောတာပန် ဖြစ်လေသည်။ အရှင်ဘဂု၊ အရှင်ကိမိလ၊ အရှင်ဥပါလိတို့သည် နောင်သောအခါ၌ ရဟန္တာဖြစ်ကြလေသည်။ အရှင်ဒေဝဒတ်သည် ပုထုဇဉ်တို့၏ အဘိညာဉ်တန်ခိုးရရှိ

ရှိကြောင်း၊ ယင်းရွှေအိုးကြီးတို့သည် ဘုရားရှင်တောထွက်ရဟန်းဝတ်သည်မှစ၍ ပျောက်ကွယ်သွားကြောင်း၊ မိဘအမွေသည် သားသမီးခံစားထိုက်ကြောင်းတို့ကြောင့် အမွေတောင်းခံရန် ဘုရားထံသို့ လွှတ်စေခဲ့သည်။

ရာဟုလာသည် အမွေတောင်းခံရန်အတွက် ဘုရားရှင်ဆွမ်းဘုဉ်းပေးနေသော နေရာသို့သွား၍ ရပ်လျက် ဘုရားရှင်အား "မိဘတို့၏အရိပ်သည် အလွန်ချမ်းမြေ့ရှာပါသည်" စသည်ဖြင့် ၎င်းနှင့် သင့်တော်သောစကားများ ပြောဆို၍ ကပ်နေသည်။ ဘုရားရှင်လည်း ဆွမ်းဘုဉ်းပေးပြီးသော်ရဟန္တာအပေါင်း နှစ်သောင်းခြံရံလျက် ကျောင်းတော်သို့ ပြန်ကြွလေသည်။ ထိုအခါ၌ ရာဟုလာသည် ဘုရား၏သင်္ကန်းစကို ဆွဲလျက်ကပ်လိုက်သွားသည်။ မိဘတို့၏ အမွေကို သားသမီးတို့ ခံစားရစမြဲဖြစ်သည်။ ဘုရားရှင်က သူ့အားအမွေပေးရန် လျှောက်ထားခြင်းနှင့်အတူ ဘုရားနောက်သို့ လိုက်သွားလေသည်။

ဤအဖြစ်ကို အခြားရဟန်းများ မြင်သော်လည်း ဘုရားရှင်၏အရိပ်ကိုသာ ကြည့်နေကြရသည်။ မည်သို့မျှ ဝင်မပြောဘဲနေကြလေသည်။ ကျောင်းရောက်သောအခါ ဘုရားရှင်သည် သင်္ကန်းစကို ဆွဲလိုက်လာသော ရာဟုလာအား တစ်ဒင်္ဂသာ ချမ်းသာပြီး အစဉ်ဆင်းရဲသည့်လောကီအမွေကိုမပေးဘဲ သူကြိုးစားအားထုတ်ထားသော တရားအမြတ်အမွေဖြင့် သူ့သားတော်ရာဟုလာအား လောကုတ္တရာအမွေပေးမည်ဆိုပြီး အရှင်သာရိပုတ္တရာအားခေါ်၍ သားတော်အား ရှင်ပြုပေးရန် အမိန့်ပေးသည်။ အရှင်သာရိပုတ္တရာသည် ရာဟုလာ၏ "ဥပဇ္ဈာယ်ဆရာ" ဖြစ်၍ ၎င်းအား ဆုံးမဩဝါဒပေးသူသည် အရှင်မဟာကဿပ ဖြစ်ပေသည်။

ရာဟုလာကို ရှင်ပြုပေးသည်ဟူသော သတင်းကို သုဒ္ဓောဒန မင်းကြီးသည် ကြားသည်ရှိသော် ဘုရားထံသို့လာရောက်ပြီး သူ၏ ခံစားချက်များကို ရှင်းလင်းပြောကြားလေသည်။ သားတော်သည် အဘ၏ဆန္ဒကို မငဲ့ကွက်ဘဲတောထွက်ခဲ့သည်။ ယင်းအတွက် ဖခမည်းတော်အရိုက်အရာကို ဆက်ခံမည့်သူမရှိဖြစ်ခဲ့သည်။ ထို့ကြောင့် သားတော်မင်းနန်ကို သူ၏ အရိုက်အရာကိုဆက်ခံရန် လုပ်ဆောင်ခဲ့သော်လည်း ဘုရားရှင်က ရဟန်းပြုစေသည်။ ယခုလည်း "သားတော်သည် အချစ်၊ မြေးမှာအနှစ်" ဆိုသလို ရာဟုလာအား သူ၏နန်းကို ဆက်ခံ၍ စကြဝတေးမင်းဖြစ်ဖို့ ရည်ရွယ်ထားသည်။ သားတော်ဘုရားက ယခုလုပ်ဆောင်ခြင်းကြောင့် သာကီနွယ်မင်းမျိုးပြုတ်တော့မည်ကို သူတွေးပူပြီး သောကရောက်ကြောင်း ဘုရားရှင်အား ပြောကြားလျှောက်ထားလေသည်။

ဘုရားရှင်လည်း ဖခမည်းတော်မင်းကြီးအား တရားစကားများ ဟောကြားပြသသည်။ ယင်းအချိန်မှစ၍ "ပဗ္ဗဇိတသုတ်" ဒေသနာတော်ကို ဘုရားက ဟောကြားခဲ့သည်။

သုဒ္ဓောဒနမင်းကြီးသည် သားတော်ဘုရားရှင်အား နောင်တွင်မည်မျှပင်အကျိုးရှိပါစေ အကျိုးကို မမြင်သော မိဘများ စိတ်ဆင်းရဲမည်ဖြစ်၍ မိဘတို့၏ ခွင့်ပြုချက်မရဘဲ ရဟန်းပြုခွင့်မပေးရန် လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်က မင်း၏စကားအတိုင်း ဆောင်ရွက်ပေးမည်ဟု ဝန်ခံပေးလေသည်။ မင်းကြီးပြန်လေသော် ဘုရားရှင်သည် ရဟန်းတို့အား နောင်တွင် မိဘတို့၏ ခွင့်ပြုချက်မရသော သားများကို ရဟန်းဝတ်ခွင့်မပြုကြောင်း "ဒုက္ကဋ် အာပတ်သင့်စေ"ဟု သိက္ခာပုဒ်ဖြင့် ပညတ်တော်မူခဲ့လေသည်။

**သုဒ္ဓောဒနမင်းကြီး အနာဂါမ်ဖြစ်ခြင်း**

နောက်နေ့ ဘုရားရှင်သည် နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးတွင် သုဒ္ဓောဒနမင်းကြီးသည် တစ်ချိန်က သားတော် ဒုက္ကရစရိယာကျင့်စဉ်ကာလက နတ်သားတစ်ပါးက ဘုရားရှင်သည် စင်္ကြံဦး၌ ကမ္မဋ္ဌာန်းကျင့်နေစဉ် ပုံလဲ၍ သေပြီဖြစ်ကြောင်း သုံးကြိမ်တိုင်တိုင် လာပြောသည်။ ခမည်းတော်က နတ်သားပြောသည်ကို မယုံခဲ့ကြောင်းပြောပြလေသည်။ သူ့စိတ်တွင်လည်း ဘုရားရှင်သည် ဘုရားမဖြစ်ဘဲနှင့် ဘယ်နည်းမျှ သေလိမ့်မည်မဟုတ်။ နတ်သား၏စကားကိုပယ်ခဲ့ကြောင်း၊ ယခု၌ သူထင်သည့်အတိုင်း ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်နေသည်။ ယင်းကို အမှန်တိုင်း သူသည် ပီတိဝမ်းမြောက် ဖြစ်နေလေသည်။

ဘုရားရှင်သည် ဖခမည်းတော် သုဒ္ဓောဒန၏ စကားကိုကြားသော် ယခုအချိန်၌ ဘုရားရှင်သည် ပါရမီရင့်နေပြီဖြစ်သည်။ ပါရမီနုစဉ် ရှေးဘဝက အကြောင်းကို ပြန်ဟောပြလေသည်။ "မဟာဓမ္မပါလဇာတ်တော်"ကို ဟောပြလေသည်။ မဟာဓမ္မပါလသူငယ်ဖြစ်စဉ် ဒိသာပါမောက္ခက တူရာအရိုးကိုပြပြီး သင်၏သားသေပြီဟု ပြောစဉ်ကလည်းမယုံခဲ့ကြောင်း ပြန်ပြောင်းဟောပြလေသည်။ မည်သို့အလီလီပြောသော်လည်း မယုံခဲ့ကြောင်း ဤမဟာဓမ္မပါလဇာတ်တော်ကို ဟောပြ၍ သုဒ္ဓောဒနမင်းသည် အနာဂါမ်အဖြစ်တည်လေသည်။

**သာကီဝင်မင်းသားများ ရဟန်းပြုခြင်း**

ဘုရားရှင်သည် သူ၏ဖခမည်းတော်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော် တစ်သိန်းကိုးသောင်းတို့အား တရားရေအေးတိုက်ကျွေးခဲ့သည်။ ယင်းသို့ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးပြီးနောက် ဝါဆိုခါနီးတွင် ကပိလဝတ်ပြည်မှ ဖယ်ခွာ၍ ကြွချီတော်မူလေသည်။ ဘုရားရှင်သည် ဤသရက်တောဥယျာဉ်သို့ ရောက်၍ သီတင်းသုံးတော်မူလေသည်။

ဘုရားရှင် ကပိလဝတ်ပြည်မှ ဖယ်ခွာ၍သွားသော် သုဒ္ဓောဒနမင်းကြီးသည် သာကီနွယ်မင်းအပေါင်းတို့အားစုဝေးစေပြီး သားတော်ဘုရားမွေးဖွားပြီးသောအခါ လက္ခဏာဖတ်ရာ၌ စကြဝတေးမင်းသော်လည်းကောင်း (ဝါ) ဘုရားသော် လည်းကောင်းဖြစ်မည်ဟု မင်္ဂလာပွဲ၌ သိကြပါသည်။ ယင်းသို့သိထားသော ဆွေတော်မျိုးတော်တို့သည် မည်သည့်ဘဝပင်ဖြစ်ဖြစ် မင်းသားများခြံရံလျက် ရှိရမည်ဟု ဝန်ခံကတိပေးခဲ့ကြောင်း သုဒ္ဓောဒနမင်းကြီးက ပြန်ပြောင်းပြောသည်။ **စာမျက်နှာ ၁၉ သို့** ❁

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မင်္ဂလာဒုံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

မင်္ဂလာဒုံ ဇန်နဝါရီ ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် မြောက်ပိုင်းရပ်ကွက်နေ ပြည်သူများအား မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။




### ဆောင်ရွက်ပေး

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်နှင့် ဒုလဝက မှူး ဒေါ်နွယ်မာထွန်းတို့ ဦးဆောင်သည့် ဝန်ထမ်းများက မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားကတ် လျှောက်ထားသူ ၃၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားကတ်လျှောက်ထားသူ ၁၀ ဦး၊ နိုင်ငံသားကတ် လဲလှယ်လျှောက်ထားသူ ၂၇ ဦး စုစုပေါင်း ၆၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကြိုင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဉာဏ်ဟိန်း



## ကန့်ကြီးထောင့်မြို့နယ်၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

ကန့်ကြီးထောင့် ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းဖြစ်သော တကုန်းကြီးကျေးရွာအုပ်စု ရေကျော်ကျေးရွာအတွင်းလမ်း ကွန်ကရစ်ခင်းခြင်းကို ယမန်နေ့ညနေ ၆ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပြောကြားသည်။ ၂၂၂

## ငြိမ်းချမ်းသာယာအေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ်မွေးကြစို့

❁ စာမျက်နှာ ၁၈ မှ

ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးက ဆွေတော်မျိုးတော်တို့အား သားတော်အနီးတွင် ဆွေမျိုးရင်းချာများမရှိသဖြင့် တစ်အိမ်ထောင်လျှင် မင်းသားတစ်ဦးကျပေး၍ ဘုရားရှင်ထံသို့စေလွှတ်ကာ ရဟန်းပြုရန် ပြောကြားလေသည်။

ထိုအခါ၌ သာကီနွယ်ဆွေတော်မျိုးတော်တို့သည် သူတို့ဝန်ခံထားသည့်အတိုင်း မင်းသားတစ်ထောင်တို့သည် “အနုပိယ” သရက်တောဥယျာဉ်တွင် သီတင်းသုံးနေသည့် ဘုရားရှင်ထံသို့သွား၍ ရဟန်းပြုကြလေသည်။ ယင်းသို့ သာကီနွယ်အပေါင်းတို့တွင် ထင်ရှားကျော်ကြားသည့် မင်းသားများဖြစ်ကြသည့် “အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ္တ (ဒေဝဒတ်)” မင်းသား ခြောက်ဦးသည် ဆတ္တာသည် “ဥပါလိ” ကို ဘုရားရှင် သွားရာလမ်းအတိုင်းသွား၍ ၎င်းအား ခေါ်သွားလေသည်။

မလ္လတိုင်းအတွင်း ရောက်ရှိသောအခါ ခရီးလမ်းကြား၌ မင်းသားတို့သည် သူတို့ဝတ်ဆင်ထားသော ပစ္စည်းတန်ဆာများကိုချွတ်၍ ထုတ်ပြီး “ဥပါလိ” အား အပ်လေသည်။ ထို့နောက် ယင်းပစ္စည်းများ သူတို့ပါသွားလျှင် အန္တရာယ်ဖြစ်မည်စိုး၍ သင်ပဲယူပြီးအသက်မွေးဟု ပေးလိုက်လေသည်။

ဥပါလိသည် သူပစ္စည်းများ မယူပါရစေနှင့်၊ သူလည်း မင်းသားတို့နှင့်အတူ ရဟန်းပြုလိုကြောင်း နှစ်ကြိမ်တိုင်တိုင် ပြောသည်။ မင်းသားက လက်မခံဘဲ ပြန်လွှတ်လေသည်။ ဥပါလိသည် မင်းသားတို့စကားကို မလွန်ဆန်နိုင်၍ ငိုကြွေးကာ ဖယ်ခွာခဲ့လေသည်။

ထို့နောက် ဥပါလိသည် ယင်းပစ္စည်းနှင့် နေပြည်တော်သို့ သူပြန်လာလျှင် သူ့ကိုသာကီနွယ်ဝင်များက မင်းသားကိုသတ်၍ ယင်းပစ္စည်းတန်ဆာများ ယူလာသည်အထင်နှင့် သူ့အားသတ်မည်ကို စိုးရိမ်သည်။ သူသည် ယင်းပစ္စည်းများကို သစ်တစ်ပင်၌ချိတ်ဆွဲကာ မင်းသားတို့နောက်သို့ အမီလိုက်၍ သူလည်းရဟန်းပြုမည်ဖြစ်ကြောင်း မင်းသားတို့အားပြောသည်။ ထိုအခါ မင်းသားတို့မှာလည်း ဥပါလိအားမငြင်းဘဲ ဘုရားထံသို့ သွားကြလေသည်။ ဘုရားထံ ရောက်သောအခါ မင်းသားတို့သည် သူတို့ကခက်ထန်သည်။ ထို့ကြောင့် ဥပါလိကို မရိုသေမည်စိုး၍ သူ့အား အရင်ရဟန်းပြုပေးရန် ဘုရားရှင်အား တောင်းခံကြပါသည်။ ဘုရားရှင်ကလည်း ၎င်းတို့စီစဉ်သည့်အတိုင်း ရဟန်းပြုပေးလိုက်သည်။

ဘုရားရှင်က ဤခုနစ်ဦးအား ရဟန်းပြုပေးပြီးနောက် ရဟန်းအပေါင်းခြံရံလျက် ခရီးဆက်သည်။ ဒုတိယဝါကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝါကပ်သီတင်းသုံးသည်။ ထိုဝါတွင်း၌ အရှင်ဘဒ္ဒိယသည် ဝိဇ္ဇာ သုံးပါး၊ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်သည်။ အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရသည်။ အရှင်အာနန္ဒာသည် သောတာပန်ဖြစ်လေသည်။ အရှင်ဘဂု၊ အရှင်ကိမိလ၊ အရှင်ဥပါလိတို့သည် နောင်သောအခါ၌ ရဟန္တာဖြစ်ကြလေသည်။ အရှင်ဒေဝဒတ်သည် ပုထုဇဉ်တို့၏ အဘိညာဉ်တန်ခိုး ရရှိလေသည်။

အနုရုဒ္ဓါသည် သုဒ္ဓေါဒနမင်းကြီး၏ ညီတော် “သက္ကောဒန” မင်း၏သား ဖြစ်သည်။ အစ်ကိုကား မဟာနာမဖြစ်၏။ အနုရုဒ္ဓါသည် ရှေးဘဝကုသိုလ်ကံကြောင့် မကြောင့်မကြမတောင့်တရဘဲ ပြည့်စုံသည်။ နတ်တို့က မသည်၊ သဒ္ဓါတရားသည်ဖြင့် လူ့ဘဝကိုငြီးငွေ့၍ ရဟန်းပြုခြင်းဖြစ်သည်။ ဘဒ္ဒိယသည် သုဒ္ဓေါဒနမင်းကြီး၏ နှမတော် “ကာဠိဂေါဓာ” အမည်ရှိ မိဖုရား၏သားဖြစ်သည်။ ၎င်းသည် သဒ္ဓါထက်သန်၍ ရဟန်းပြုလာသူမဟုတ်၊ အရှင်နုရုဒ္ဓါကို ချစ်မြတ်နိုးကာ မခွဲနိုင်၍ ရဟန်းဝတ်ခြင်းဖြစ်သည်။ “အာနန္ဒာသည် သုဒ္ဓေါဒနမင်း၏ ညီတော် “အမိတောဒန” မင်းသား၏သား ဖြစ်သည်။ ဒေဝဒတ် သည် မယ်တော် မာယာဒေဝီ၏မောင်တော် သုပ္ပဗုဒ္ဓ၏ သားတော်ဖြစ်သည်။ ။

ဓမ္မ
ပုံပြင်

# အမြင်မှန်ရသူ

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

ထိုစကားကို မင်းကြီးကြားလျှင် သိနားလည်သဖြင့် ဆောက်တည်ရာမရ၊ ဟက်ဟက်ပက်ပက် ရယ်မောပါသည်။ မိဖုရားလည်း အဘယ်ကြောင့် မင်းကြီးရယ်ပါသနည်းဟုတွေးပါသည်။ မိမိအနေအထိုင်မတော်သဖြင့် ရယ်သလောဟု ထင်မှတ်ကာ အနေအထိုင်ကို ပြင်ခဲ့ပါသည်။

ညနေသို့ရောက်သဖြင့် မင်းကြီးသည် ပွဲတော်တည်ပြန်ပါသည်။ ထိုစဉ် ဟင်းလျာလူးသောထမင်းလုံး ကျလေသည်ကို ပုရွက်တို့မြင်လျှင် အဖော်တို့ကို ခေါ်ပြန်ပါသည်။

"အဆွေတို့၊ ငါတို့မင်းအိမ်၌ ထမင်းလှည်းကျိုးသည်။ စားလှည့်ကုန်၊ ယူလှည့်ကုန်"ဟု အော်ဟစ်ခေါ်ကြပါသည်။ ထိုစကားကို မင်းကြီးကြားသောအခါ ရယ်မောပြန်ပါသည်။ မိဖုရားလည်း အနီးတွင်ရှိသဖြင့်...

"မင်းကြီး ဘာကြောင့်ရယ်သနည်း" ဟူ၍ တွေးတောပြန်ပါသည်။

သို့ဖြင့် ညဥ့်အိပ်ရာသို့ ဝင်သောအခါ မိဖုရားက...

"အရှင်မင်းကြီး၊ ယနေ့ အဘယ်ကြောင့်ပြုံးရ၊ ရယ်ရသနည်း" ဟု မေးပါသည်။ မင်းကြီးလည်း ယင်ဖို၊ ယင်မ၊ ပုရွက်တို့ဆိုကြသောအကြောင်းကို ပြောပြပါသည်။

ထိုအခါ မိဖုရားက...

"ထိုမန္တန်ကို အကျွန်မအားလည်း သင်ပေးပါ" ဟု ဆိုပါသည်။

မင်းကြီးက...

"သင့်အား သင်ပေး၍ မဖြစ်၊ ငါ သေလိမ့်မည်" ဟု ဆိုကာ အကျိုးအကြောင်း ရှင်းပြပါသည်။

မိဖုရားကား မနေနိုင်။ မင်းကြီးအား ထိုမန္တန်ကို သင်ပေးရန်သာ အဖန်တလဲလဲပူဆာပါသည်။ အမျိုးမျိုးသောမိန်းမမာယာဖြင့် တောင်းဆိုပါသည်။ နောက်ဆုံးတောင်းမရသော် အခန်းတွင်းသို့ဝင်လျက် အစာရေစာမယူဘဲ နေပါတော့သည်။

မင်းကြီးသည် မိဖုရားကို ချစ်ခင်မြတ်နိုးသဖြင့် မိန်းမ၏အလိုကို မလွန်ဆန်နိုင်ရကား ငါသေသော်လည်း သေစေ၊ မိဖုရားအား မန္တန်ကို သင်ပေးတော့မည်။ သို့ရာတွင် နန်းတွင်းတွင် သင်ပေးမူ သူတစ်ပါးကြား၍ ငါ့အား ကဲ့ရဲ့တော့မည်။ ဥယျာဉ်သို့မိဖုရားကိုခေါ်သွား၍ သင်ပေးတော့မည်ဟု ကြံစည်ပါသည်။ မိဖုရားကိုလည်း မန္တန်သင်ပေးတော့မည်ဖြစ်ကြောင်း ပြောဆိုပါသည်။ ထို့နောက် မိဖုရားနှင့်အတူ ဥယျာဉ်သို့ ရထားစီး၍ ထွက်လာကြပါသည်။

ဤသို့ထွက်လာကြစဉ်လမ်းခရီး၌ မင်းကြီးသည် ဆိတ်ဖို၊ ဆိတ်မနှစ်ကောင်ကိုတွေ့ပါသည်။

ဆိတ်မက နက်လှသောချောက်ကြီးတစ်ခုအတွင်းရှိ မြက်ကိုမြင်သည့်တွင်

"ချစ်လင် ဆိတ်ဖို၊ ထိုမြက်ပင်ကို ကျွန်မစားချင်သည်၊ ယူ၍ ပေးပါ" ဟု ဆိုပါသည်။ ထိုအခါ ဆိတ်ဖိုက...

"ဟယ်... ဆိတ်မ၊ အသူတစ်ရာလောက် အစောက်နက်လှသော ချောက်တွင်းသို့ ငါသက်ဆင်းလျှင် ဦးခေါင်းပြောင်းပြန်လန်ကျကာ ငါသေရလိမ့်မည်။ အခြားသောမြက်ကိုသာ စားပါ" ဟု ဆိုပါသည်။

ဆိတ်မကလည်း...

"သည်မြက်ကိုသာ ရအောင်ယူပေးပါ။ အခြားမြက်ကို မစားလိုပါ။ အကယ်၍ ချောက်တွင်းမှမြက်ကို ယူမပေးပါသော် ကျွန်မ အစာမစားပြီ။ သည်နေရာတွင် နေ၍သေပါတော့မည်" ဟူ၍ မိန်းမမာယာဖြင့် ပြောဆိုပါသည်။

ဆိတ်ဖိုကလည်း

"ရှင်မ၊ ဤချောက်နက်တွင်း၌ရှိသော မြက်ကို မရသောကြောင့် ရှင်မ သေလျှင် သေတော်မူ၊ ငါကား အသေမခံနိုင်။ ငါသေမူ သင်သည် အခြားဆိတ်ဖိုကို လင်ပြုကာပျော်ရွှင်စွာနေရစ်လိမ့်မည်။ လင့်အသက်ကို မမှုသော မိန်းမမိုက်၏ အလိုကိုလိုက်၍ အဘယ်အကျိုးရှိအံ့နည်း။ ငါသည် သူမိုက်မဟုတ်သေး" ဟုဆို၍ ငြင်းပယ်လိုက်ပါသည်။

ထိုစကားကို သေနကမင်းကြီးကြားသော်...

"ဩော်... ငါကား မိုက်စွတကား။ ငါသည် တိရစ္ဆာန်ဖြစ်သော ဆိတ်ဖိုလောက်မျှပင် ဆင်ခြင်တုံတရားမရှိပါတကား" ဟူ၍ အမြင်မှန်ရပါတော့သည်။

ဤသို့ဖြင့် မင်းကြီးသည်မိဖုရားအား မန္တန်ကိုသင်မပေးတော့ဘဲ ဥယျာဉ်ကစား၍သာ ပြန်ခဲ့ပါသည်။ မိဖုရားက မာယာအမျိုးမျိုးပြုသော်လည်း မင်းကြီးကမမှု။

"သင် သေလိုလျှင် သေတော့၊ ငါကား မသေဝံ့ပြီ။ အကယ်၍ ငါသေလျှင်လည်း သင်သည် ချစ်လင်သစ်နှင့် ပျော်စံမည့်မိန်းမဖြစ်တော့သည်"ဟု ကြိမ်းမောင်းပြောဆိုပါသည်။ မိဖုရားလည်း ထိုအချိန်မှစ၍ တည်ငြိမ်သွားပါတော့သည်။

ထို့ကြောင့် "အမျိုးမကောင်း၊ လူဖျင်းသောင်းကို၊ သူကောင်းပြုကာ၊ အရှက်ရ၏။ သူဖြားယောင်းကို၊ စောင်း၍လိုက်က၊ သေပျက်ရ၏" ဟူ၍ ပညာရှိတို့ ဆိုထုံးပြုခဲ့ကြပါသည်"။

ဤသို့လျှင်လုလင်ကပြောပြလျှောက်ထားရာ ဘေဒကမင်းကြီးသည် အလွန်နှစ်သက်သဘောကျလေသည်။

"အမောင်လုလင်၊ သည်လိုကောင်းမြတ်သော ထုံးပုံကိုဘယ်မှာ နည်းခံ၍ အမောင်တတ်သိပါသနည်း" ဟုပြောဆိုချီးမွမ်းပြီးလျှင် ရွှေစင်တစ်ထောင်ကိုဆုလာဘ်အဖြစ် ပေးအပ်ချီးမြှင့်လိုက်လေသည်။ ။

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ပြုံး စ ရာ

## တိတ်ဆိတ်ငြိမ်သက်လှချည်လား

လူနာ ၁ ။ ။ ဒီဆေးခန်းက တကယ့်ကို တိတ်ဆိတ်ငြိမ်သက်လှချည်လားဗျ။


လူနာ ၂ ။ ။ ငြိမ်ဆို ... ဒါမေ့ဆေးဆရာဝန်ရဲ့ ဆေးခန်းလေဗျာ။

## ခြေထောက်မရှိဘဲ

ပေတူး ။ ။ ခြေထောက်မရှိဘဲ ပြေးလွှားနိုင်ပြီး လူတွေကို ပျော်ရွှင်စေတာ ဘာလဲကွ။

ပူးစူး ။ ။ ဘောလုံး။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





လူမှု ၁၀

# ဆယ်ကျော်သက်လူငယ်များနှင့် မိဘများ၏ ထိန်းကျောင်းမှု

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

လူငယ်များသည် ကလေးဘဝ၊ ဆယ်ကျော်သက်ဘဝကို ဖြတ်ကျော်လာခဲ့ရာတွင် မိဘများ၏ ထိန်းကျောင်းမှုသည် လွန်စွာအရေးပါပြီး လိုအပ်လှပါသည်။ လူငယ်များ၏အနာဂတ်အတွက် ကလေးဘဝ အရွယ်မှစတင်ပြီး မိဘများ၏ ထိန်းကျောင်းပြင်ဆင်ပေးရမည့်အရာများရှိသည်။ ကလေးများ၏ အကျင့်စာရိတ္တပြုပြင်ပြင်ဆင်ပေးခြင်းဖြင့် လူငယ်ဘဝအတွက်သာမက လူကြီးဘဝအတွက်ပါ ပြင်ဆင်ပြီးသားဖြစ်သွားသည်။ ကလေးသူငယ်များ၏ အကျင့်စရိုက်များကို ပြင်ဆင်ထိန်းကျောင်းရာတွင် ကိုယ်ကျင့်တရားစံနှုန်း လိုအပ်ချက်ကို သိရှိထားရန်လိုသည်။ ကိုယ်ကျင့်တရားစံနှုန်းရှိသူများသည် အမှားအမှန်သိစိတ်ကောင်းမွန်သူများ ဖြစ်သည်ကို တွေ့ရသည်။ “ကိုယ်ကျင့်တရား စံနှုန်းကောင်းရဲ့ အကျိုးကိုဖော်ပြဖို့ တခြားသူတွေရဲ့ အတွေ့အကြုံကို သုံးရပါတယ်။ ဆုံးဖြတ်ချက်မှားသွားသူတွေနဲ့ နှိုင်းယှဉ်ပြတယ်” ဟု နီကိုးလ်က ညွှန်းဆိုခဲ့သည်။ မိဘများအနေဖြင့် ရွေးချယ်မှုမှားသွားသော သက်တူရွယ်တူအကြောင်း ကလေးများပြောဆိုလာသောအခါ ထပ်တူအမှားမျိုးမပြုမိအောင် ဆွေးနွေးပြောဆိုကြရမည်ဖြစ်သည်။ မိဘများအနေဖြင့် အကောင်းနှင့်အဆိုး ရွေးချယ်စရာနှစ်မျိုးကို ရှင်းပြကြရမည်။ ၎င်းတစ်ခုစီ၏အကျိုးဆက်များကို ရှင်းပြရမည်။ သို့မှသာ လူငယ်များအနေဖြင့် ဆုံးဖြတ်ချက်ချတတ်လာမည်ဖြစ်သည်။ ဤသည်မှာ လူငယ်များအတွက် အရေးကြီးသောသင်ခန်းစာတစ်ခုဖြစ်သည်။

ဆယ်ကျော်သက်အရွယ် မရောက်ခင်ကတည်းက ကိုယ်ကျင့်တရားစံနှုန်းကို လေ့ကျင့်ထားရန် လိုအပ်ကြောင်း Beyond the Big Talk စာအုပ်တွင် ဤသို့ဖော်ပြထားသည်။ “လူအများ လက်ခံနှစ်သက်ထားတဲ့ရွယ်တူချင်းဖိအား၊ မီဒီယာဖိအားတို့ကို သဘောပေါက်နားလည်ထားဖို့လိုပါတယ်။ သူငယ်ချင်းတွေ မကြိုက်မနှစ်သက်ရင်တောင်မှ ကိုယ့်စံနှုန်းတွေ၊ အကြိုက်တွေအတိုင်း ဆုံးဖြတ်တတ်ရမယ်။”

ကိုယ်ကျင့်တရား စံနှုန်းလိုအပ်ချက်သည် အပြုအမူကို လမ်းညွှန်ပေးသော အခြေခံမှုများပေါ်တွင် အခိုင်အမာအခြေခံထားသောကြောင့် ဆယ်ကျော်သက်များအတွက် အရေးကြီးသည်ကို တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဆယ်ကျော်သက်များသည် ကျောင်းနေဖက်များ၊ နားထောင်သောသီချင်းများ၊ ကြည့်နှုးသောရုပ်ရှင်တီဗွီများမှ ကိုယ်ကျင့်တရားဆိုင်ရာအယူအဆများကို ထိတွေ့နေကြသောကြောင့်ဖြစ်သည်။ ၎င်းတို့၏လွှမ်းမိုးမှုသည် အမှားအမှန်နှင့်ပတ်သက်သော ဆယ်ကျော်သက်များ၏ ခံယူချက်များကို သံသယဝင်စေနိုင်သည်။ မိဘများအနေဖြင့် ကိုယ်ကျင့်တရားစံနှုန်းများကို သားသမီးများကို လေ့ကျင့်ပေးရန် လိုအပ်သည်။ ဥပမာ- မိဘများ၏ ရိုးသားမှုကို တွေ့မြင်သောသားသမီးများသည် မရိုးသားသောအပြုအမူများ၊ သွေးဆောင်မှုများကို တွန်းလှန်နိုင်မည်ဖြစ်သည်။ ကိုယ်ကျင့်တရားစံနှုန်းအတွက် အကြောင်းရင်းများကို မိဘများက ရှင်းပြပေးရန်လိုသည်။ ထို့ပြင် ကောင်းမွန်သောကိုယ်ကျင့်တရားစံနှုန်းများအား လိုက်နာခြင်း၏ အကျိုးကျေးဇူးများကို အလေးပေးဖော်ပြရမည်ဖြစ်သည်။ မိဘများအနေဖြင့် ဆယ်ကျော်သက်များက အမူအကျင့်ကောင်းများ ပြသသောအခါ ချီးမွမ်းရန်လိုသည်။ ဥပမာ- “သားက ရိုးသားတယ်၊ သားအတွက် မေမေတို့ဂုဏ်ယူတယ်” ဟု ပြောနိုင်သည်။ ဆယ်ကျော်သက်များ၏ အမှားအမှန်သိစိတ်ကို ဖွံ့ဖြိုးရင့်သန်စေရန် ကူညီပေးသည်။

မိဘများအနေဖြင့် ဆယ်ကျော်သက်များကို တာဝန်ယူတတ်သူများဖြစ်လာရန် လေ့ကျင့်လမ်းညွှန်ပေးရန် လိုသည်။ တာဝန်ယူတတ်သူသည် ယုံကြည်စိတ်ချထိုက်သူဖြစ်သည်။ ပေးအပ်သော တာဝန်များကို အချိန်မီပြီးမြောက်အောင် ဆောင်ရွက်သူဖြစ်သည်။ တာဝန်ယူတတ်ရန် မိဘများက အိမ်မှုကိစ္စများကို လုပ်ခိုင်းရန်လိုသည်။ ဤသို့ဖြင့် အိမ်အလုပ်များကို တာဝန်ပေး၍ရသည်။ အိမ်မှုကိစ္စများက တာဝန်ယူတတ်ဖို့၊ တာဝန်တွေကိုပြီးအောင်လုပ်တတ်ဖို့ သင်ပေးခြင်းဖြစ်သည်။ မိဘများမှ တာဝန်ယူတတ်ခြင်းက အရေးကြီးကြောင်းလမ်းညွှန်ပေးခြင်း၊ လေ့ကျင့်ပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ How to Raise an Adult စာအုပ်တွင် ဤသို့ရေးသားထားသည်။

“၁၈ နှစ်လုံးလုံး မှီခိုသူဘဝနဲ့နေခိုင်းပြီး တကယ့်လောကထဲ လွှတ်လိုက်တာမျိုး ဖြစ်ချင်မှာမဟုတ်ဘူး”။


စင်စစ် အိမ်မှုကိစ္စကူညီဆောင်ရွက်ခြင်းသည် အများအကျိုးသယ်ပိုးတတ်သူ၊ ပေးကမ်းတတ်သူများဖြစ်လာရန် လေ့ကျင့်ပေးသည်။ ဤသို့ဖြင့် ဆယ်ကျော်သက်များသည် မိသားစုဘဝတွင် အရေးကြီးသောနေရာရထားသည်၊ တာဝန်ရှိသည်ဟု သဘောပေါက်လာကြသည်။

“ကလေးတွေ ငယ်ရွယ်ချိန်မှာ ဝိုင်းကူမခိုင်းရင် သူတစ်ပါးကို ကူညီပေးခြင်းက အရေးမကြီးဘူးလို့ ယူဆသွားစေတယ်။ သူတို့အတွက် တခြားသူတွေ လုပ်ပေးမယ်လို့ မျှော်လင့်တတ်လာကြတယ်” ဟု Parenting Without Borders စာအုပ်တွင် ဖော်ညွှန်းထားသည်။

ထို့ပြင် မိဘများသည် သားသမီးများကို မိမိအမှားများအတွက် တာဝန်ယူတတ်အောင် ကူညီရန်လိုသည်။ သားသမီးများ အမှားပြုလုပ်မိလျှင် ဖုံးဖိပေးရန် မကြိုးစားသင့်ချေ။ ရိုးသားစွာအမှားဝန်ခံတတ်အောင် ကူညီပေးရမည်ဖြစ်သည်။ ဆင်ခြေမပေးတတ်အောင် ကူညီပေးရန်လိုသည်။ လိုအပ်လျှင် တောင်းပန်တတ်ရန် ကူညီပေးရမည်။ တခြားသူများကို အပြစ်မဖို့အောင် ကူညီရမည်။

“ကလေးတွေဟာ မှားတတ်ကြတယ်။ အမှားကနေ ကလေးတွေသင်ယူကြတယ်ဆိုတာကို မိဘတွေမှတ်ထားဖို့ အရေးကြီးတယ်။ နှစ်တိုင်းအတော်ဆုံးကျောင်းသားတွေ၊ အပျော်ဆုံး အအောင်မြင်ဆုံးကျောင်းသားတွေဟာ ရှုံးနိမ့်ခဲ့ဖူးသူတွေ၊ အမှားအတွက် တာဝန်ယူတတ်သူတွေ၊ အမှားတွေကို အကောင်းဆုံး ရင်ဆိုင်တတ်သူတွေ ဖြစ်ကြတယ်” ဟု ဆရာမဂျက်ဆီကာဟာလေးက Atlantic မဂ္ဂဇင်းတွင် ရေးသားဖော်ပြထားသည်။ ထို့ကြောင့် မှားယွင်းမှုများ၏ အကျိုးဆက်များကို သိရှိနားလည်ရန် လိုအပ်ပေသည်။

Ref: Parenting without Borders by Christine Cross–Loh



ကဗျာ

## ရွှေချိုးသံသာ ကူလိမ့်မည်

နေခြည်ပြယ်၍
ရှစ်နယ်ပတ်ကုံး၊ အမှောင်ဖုံးသော်
ချို့ပြုံးမဝင့်၊ လေးငါးပွင့်မျှ
ကြယ်မင့်တာရာ၊ မှေးမှိန်စွာတည့်။
ညအရိပ်ဝယ်
မှေးမှိတ်စက်ကာ၊ ချမျက်လွှာနှင့်
ရွှေဝါငွေစင်၊ ပန်းဆင်ဆင်တို့
ပွင့်ချင်လိုအား၊ သူစောင့်စားတည့်။
မွှေးချိုသင်းပျံ့၊ သူ့ရနံ့လည်း
မပြန့်လေထဲ၊ မထုံဘဲတည့်။
သြော် - နေခြည်ကွယ်၍
ရှစ်နယ်ပတ်ကုံး၊ အမှောင်ဖုံးသော်
နှလုံးမကြည်၊ လည်မျက်ရည်နှင့်
ခိုမှီအိပ်တန်း၊ သိုက်မြုံနန်းမှ
နှုတ်ခွန်းမကြူ၊ ရွှေချိုးဖြူလည်း
ကူလိုပါလျက်၊ ကူမထွက်တည့်။
အရုဏ်တက်၍
ပြိုးပြက်ရွှေရည်၊ ငွေရောင်ခြည်နှင့်
ရှေ့ဆီလျှမ်းလက်၊ နေဝန်းထွက်သော်
ကားညက်စွင့်စွင့်၊ ချပ်လွှာဖွင့်၍
နေမင်းရောင်ဟုန်၊ ခိုကာလှုံမှ
ဝတ်မှုန်လန်းဆန်း၊ ပွင့်သည့်ပန်းကို
တင့်ရှန်းသရေ၊ ဆောင်ကြပေတည့်။
မွှေးချိုသင်းပျံ့၊ သူ့ရနံ့လည်း
မဆံ့လေထဲ၊ ပျံကာဝဲတည့်။
သြော်- နေခြည်မြင့်၍
ပွင့်ဝတ်ပွင့်မှုန်၊ သင်းပျံ့ထုံသော်
သိုက်မြုံနန်းသူ၊ ရွှေချိုးဖြူလည်း
တမူသစ်ဆင်၊ သံလွင်လွင်နှင့်
ပဲ့တင်ခတ်ပြီး၊ တောလုံးဟည်းအောင်
ကောင်းချီးရိုက်ကျူး၊ ကြေညာထူးသည်
ကူကူးမြည်သံ ချိုတော့သည်။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၄ ဦးတွေ့ရှိ၊ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမရှိသည်မှာ ခုနစ်ရက်ဆက်တိုက်ရှိပြီဖြစ်

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၈၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၄၅,၃၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၅,၂၅၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၁၉၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိသဖြင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမရှိသည်မှာ (၇) ရက်ဆက်တိုက်ရှိပြီဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၉-၁-၂၀၂၂) ရက်နေ့ အထိ လူဦးရေ စုစုပေါင်း (၂၂,၁၀၆,၃၉၁) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၈,၈၄၇,၀၆၁)ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၂၅၉,၃၃၀)ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၉-၁-၂၀၂၂)ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၄၀,၉၅၃,၄၅၂)ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center)များ၊ ကုသရေးစင်တာ(Treatment Center)များနှင့် အောက်ဆီဂျင် အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၁) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၅) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈) ခု | (၆) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၅) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၃၄) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၅၇) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၇၁၀) ခု | (၁၄၅) ဦး |
| **စုစုပေါင်း** | **(၉,၂၈၅) ခု** | **(၁၇၄) ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၂၉-၁-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၂၅၉,၃၃၀) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၈,၈၄၇,၀၆၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၂,၁၀၆,၃၉၁) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၀,၉၅၃,၄၅၂) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၅၄၈၁၁၂၂ | ၄၅၈၈၂၅၂၀ | ၉၀၆၈၆၁ |
| ၂။ | အိန္ဒိယ | ၄၁၀၉၂၅၂၂ | ၃၈၇၁၃၄၉၄ | ၄၉၄၁၁၀ |
| ၃။ | ဘရာဇီး | ၂၅၂၄၇၄၇၇ | ၂၂၁၆၂၉၁၄ | ၆၂၆၆၄၃ |
| ၄။ | ပြင်သစ် | ၁၈၈၀၈၆၂၅ | ၁၁၉၈၀၇၆၂ | ၁၃၀၄၅၆ |
| ၅။ | ဗြိတိန် | ၁၆၄၀၆၁၂၃ | ၁၃၂၆၆၈၄၉ | ၁၅၅၆၁၃ |
| ၆။ | ရုရှား | ၁၁၇၃၇၀၀၇ | ၁၀၂၁၈၁၅၁ | ၃၃၀၇၂၈ |
| ၇။ | တူရကီ | ၁၁၄၃၈၄၇၆ | ၁၀၇၃၆၁၉၁ | ၈၇၀၄၅ |
| ၈။ | အီတလီ | ၁၀၈၂၁၃၇၅ | ၈၀၁၀၈၀၃ | ၁၄၅၉၁၄ |
| ၉။ | စပိန် | ၉၇၇၉၁၃၀ | ၅၈၃၉၈၅၉ | ၉၂၉၆၆ |
| ၁၀။ | ဂျာမနီ | ၉၆၆၇၆၁၉ | ၇၅၆၄၂၀၀ | ၁၁၈၃၃၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၃၄၃၁၈၅ | ၄၁၃၇၁၆၄ | ၁၄၄၃၀၃ |
| ၂။ | ဖိလစ်ပိုင် | ၃၅၄၅၆၈၀ | ၃၂၈၈၉၂၅ | ၅၃၈၉၁ |
| ၃။ | မလေးရှား | ၂၈၆၁၀၆၉ | ၂၇၇၇၇၁၅ | ၃၁၉၅၇ |
| ၄။ | ထိုင်း | ၂၄၃၂၅၁၄ | ၂၃၂၅၈၃၅ | ၂၂၁၆၀ |
| ၅။ | ဗီယက်နမ် | ၂၂၃၃၂၈၇ | ၁၉၆၂၅၉၇ | ၃၇၅၄၇ |
| ၆။ | မြန်မာ | ၅၃၅၂၅၄ | ၅၁၃၁၉၃ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၄၃၈၃၂ | ၃၂၁၈၄၁ | ၈၅၄ |
| ၈။ | လာအို | ၁၃၃၅၂၄ | ၁၂၆၆၈၇ | ၅၄၄ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၂၉၉ | ၁၁၇၄၂၈ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၃၄၅ | ၁၅၈၇၇ | ၉၈ |

# နည်းပညာအသုံးပြု အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ

**သူရိန်**

**ပြည်ထောင်စုမြန်မာနိုင်ငံရှိ နိုင်ငံသားအများပြည်သူတို့အတွင်း ပဒေသရာဇ်စနစ်နှင့် ကိုလိုနီနယ်ချဲ့စနစ်၏ ဆိုးမွေတစ်ရပ်အဖြစ် လွတ်လပ်ရေးမရမီကာလတိုင်အောင် စာမတတ်သူဦးရေ ထုထည်ကြီးမားစွာရှိနေခဲ့ကြသည်။ ဤဆိုးမွေကြောင့်ပင် မြို့ပြဒေသများထက် ကျေးလက်ဒေသတို့၌ စာမတတ်သူဦးရေ ပိုမိုများပြားပြီး အမျိုးသားဦးရေနှင့်နှိုင်းယှဉ်ကြည့်ပါက အမျိုးသမီးဦးရေသည် ပိုမိုများပြားနေကြောင်းကို လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလတွင် လေ့လာသိရှိခဲ့ရသည်။ နိုင်ငံတစ်နိုင်ငံအတွင်း စာမတတ်သူဦးရေ ထုထည်ကြီးမားစွာရှိနေခြင်းသည် ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအဟန့်အတားဖြစ်စေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်ကြောင်း တွေ့ရှိရသည်။**

ထိုသို့သောအကြောင်းကြောင့်လည်း **"အခြေခံပညာကို လူတိုင်းသင်ယူနိုင်ခွင့်ရရှိစေရမည်"** ဟူသော နိုင်ငံတော်၏ပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ၏အရင်းခံပဓာနဖြစ်သော စာဖတ်တတ်မှု၊ စာရေးတတ်မှုနှင့် တွက်ချက်တတ်မှု (Reading, Writing and Arithmetic – 3 Rs) ဟူသည့် "အ" သုံးလုံးကျေရေး သို့မဟုတ် အခြေခံစာတတ်မြောက်ရေးသည် နိုင်ငံသားတိုင်းအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်လာပေတော့သည်။



**"အ"သုံးလုံးကျေသင်တန်းများ**

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ပြန်ပြောင်းကြည့်မည်ဆိုပါက လွတ်လပ်ရေးပြီးစအခါက လူထုပညာရေးအက်ဥပဒေကို ပြဋ္ဌာန်းပြီး "အ"သုံးလုံးကျေသင်တန်းများ ဆောင်ရွက်ခဲ့ကြသည်။ ၁၉၅၂ ခုနှစ်မှစ၍ ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်းကိုဖော်ဆောင်ပြီး အစိုးရမူလတန်းကျောင်းမရှိသောဒေသများတွင် ကလေးငယ်များကျောင်းနေနိုင်ရေးနှင့် အခြေခံစာတတ်မြောက်ရေးအတွက် ပံ့ပိုးမှုများဆောင်ရွက်ခဲ့ကြသည်ကိုလည်း မြန်မာနိုင်ငံ စာတတ်မြောက်ရေးမော်ကွန်းမှတ်တမ်းများအရ တွေ့ရှိခဲ့ရသည်။

အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ နွေရာသီ "အ" သုံးလုံးကျေ မျက်ဖွင့်သင်တန်းကို စေတနာ့ဝန်ထမ်းလုပ်အားပေးများဖြင့် ဖွင့်လှစ်ပို့ချခဲ့ကြမှုအပေါ် စာတတ်မြောက်ရေးလုပ်ငန်းဖော်ဆောင်မှု၏ ပဏာမရှေ့ပြေးဆောင်ရွက်မှုတစ်ရပ်အဖြစ် စံနမူနာပြုခဲ့ကြရသည်။

**"ကိုလိုနီ ထိုစနစ်က**
**ချန်ရစ်တဲ့ ဆိုးအမွေ**
**ဒို့တစ်တွေ အကျေဆပ်**
**စာတတ်ပြီလေး။"**

ဟူ၍ မိတ္ထီလာခရိုင်သားတို့၏ ကြွေးကြော်သံများဖြင့် သိုက်သိုက်ဝန်းဝန်းဆောင်ရွက်ခဲ့ကြသလို ပြည်ခရိုင်အနေဖြင့်လည်း

**"တစ်အိမ်လုံး စာတတ်**
**တစ်ရပ်လုံး ကူညီ**
**တစ်ပြည်လုံး နိုးကြား**
**ဒို့အင် ဒို့အား ပြည်ထွန်းကား"**

ဟူသော လှုံ့ဆော်မှုများဖြင့် ဆော်ဩဆောင်ရွက်ခဲ့ကြသည်မှာလည်း ကြည်နူးစရာများအဖြစ် သိရှိခဲ့ရသည်။ ထို့နောက် ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း သက်ကြီးစာမတတ်သူပပျောက်ရေးလုပ်ငန်း "အ" သုံးလုံးကျေသင်တန်းများကို စေတနာ့ဝန်ထမ်းများဖြင့်ပင် နိုင်ငံတစ်ဝန်းစမ်းသပ်ဆောင်ရွက်ခဲ့ကြပြန်သည်။

ထိုသို့သော နမူနာကောင်းများကို အခြေခံပြီး နွေရာသီ "အ" သုံးလုံးသင်တန်းများ၊ နယ်စပ်ဒေသအခြေခံစာတတ်မြောက်ရေး လုပ်ငန်းများနှင့် ပြည်နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မြှင့်ကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

ဤသို့ဆောင်ရွက်ခဲ့ကြရာတွင် စာမတတ်သူ (စာသင်သား) များ လေ့လာသင်ယူနိုင်ရေးအတွက် သက်ကြီးမြန်မာဖတ်စာ ဖတ်စာအုပ်များ အသုံးပြု၍လည်းကောင်း၊ သက်ကြီးမြန်မာဖတ်စာကို အခြေပြုပြီး ဖြည့်စွက်ပြုစုထားသော အခြေခံစာတတ်မြောက်ရေး အခြေခံစာစဉ် အဆင့်(၁)၊ အဆင့် (၂) နှင့် အဆင့် (၃) တို့ဖြင့် အသုံးပြု၍လည်းကောင်း အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ကာ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းအထောက်အကူပြု သင်ခန်းစာဖတ်စာများအဖြစ် အသုံးပြုခဲ့ကြသည်။ ထိုမှတစ်ဆင့် ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ အဆိုပါအခြေခံစာစဉ်များ အဆင့် (၁)၊ (၂)နှင့် (၃) တို့ကို ပေါင်းစည်းမွမ်းမံပြီး အခြေခံစာတတ်မြောက်ရေး "မြန်မာစာစာစဉ်"နှင့် "အခြေခံသင်္ချာစာစဉ်" အဖြစ် စာတတ်မြောက်ရေးစာစဉ်များကို ခွဲခြားပြုစုကာ ယနေ့ထက်တိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသင်ကြားပေးလျက်ရှိကြောင်း တွေ့ရှိရပေသည်။

**"အခြေခံစာစဉ်များသင်နည်းလမ်းညွှန်" စာအုပ်ကိုပါ ပြုစုထုတ်ဝေ**

မြန်မာစာသင်ပြမှုအတွက် စာဖတ်စာရေးကို မြန်မြန်နှင့် မြဲမြဲစွဲသွားအောင် သင်ယူနိုင်စေရန်နှင့် စာဖတ်စာရေးခြင်း "အရေး၊ အဖတ်" သင်ယူလေ့ကျင့်စဉ်၌ပင် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတအတွေးအခေါ် တိုးပွားစေရန် ရည်ရွယ်သတ်မှတ်ပြီး ပြုစုထားခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။ အခြေခံစာစဉ်များပြုစုရာတွင် သင်စာပိုင်းနှင့် လုပ်ငန်းစာပိုင်းဟူ၍ ကဏ္ဍခွဲခြားပြုစုထားသည်။ စာမတတ်ကြသူများဖြစ်သော်လည်း လက်တွေ့ဘဝတွင် ဂဏန်းသင်္ချာများကို အနည်းနှင့်အများ အသုံးပြုနေရသည့်အတွက် သင်ယူသူများ၏ "စိတ်တွက်" ဖြင့် တွက်ချက်မှုမှသည် "ရေးတွက်" လေ့ကျင့်တတ်ကျွမ်းမှုကိုပါ ကျွမ်းကျင်စေရန်အလို့ငှာ ကိန်းရေးကိန်းဖတ် "အရေး"၊ "အဖတ်" လေ့ကျင့်ခြင်း၊ ကိန်းစနစ်လေ့ကျင့်ခြင်းနှင့် အခြေခံတွက်ချက်မှု "အတွက်" များ ပါဝင်သော "အခြေခံသင်္ချာစာစဉ်" ကို တစ်ပါတည်းသင်ယူစေခြင်းဖြစ်သည်။ အဆိုပါစာစဉ်များအပြင် "အခြေခံစာစဉ်များသင်နည်းလမ်းညွှန်" စာအုပ်ကိုပါ ပြုစုထုတ်ဝေထားပြီး နည်းပြသင်တန်း ပို့ချရာတွင် အသုံးပြုဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရသည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် "လုံးဝစာမတတ်သူများ" နှင့် "အနည်းအကျဉ်းရေးတတ်ဖတ်တတ်သူများ" ဟူ၍ နှစ်မျိုးပိုင်းခြားနိုင်ပြီး ၎င်းတို့ကို "အရေး"၊ "အဖတ်"၊ "အတွက်အချက်" ကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်၍ အသက် (၁၅)နှစ်မှ (၄၅)နှစ်အရွယ်အထိ အသက်အရွယ်အပိုင်းအခြားတွင် လူငယ်လူလတ်ပိုင်းအရွယ်များအပါအဝင် သက်ကြီးများကို အဓိကသင်ကြားပေးနေကြောင်းနှင့် ထိုသို့ကွဲပြားခြားနားသောသင်ယူသူများကို စာဖတ်ဝိုင်း၊ စာသင်ဝိုင်းဖွဲ့ရာတွင် အခြေခံသဘောသဘာဝတူရာအုပ်စုခွဲ၍ သင်ပြခြင်းဖြင့် သင်ပြမှုပို၍ထိရောက်နိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ လုံးဝစာမတတ်သေးသောသူများကို စာတတ်သွားစေရန်နှင့် အနည်းအကျဉ်းရေးတတ်ဖတ်တတ်သူများကို ပို၍တတ်မြောက်သွားစေရန်၊ ပို၍ကျွမ်းကျင်စေရန် ကူညီပံ့ပိုးသူ (သင်ပြသူဆရာဆရာမများ)က ကူညီလမ်းညွှန်သင်ကြားပေးရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သင်ယူသူများသည် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် သုံးနာရီနှုန်းဖြင့် ရက်ပေါင်း ၄၀ အတွင်း အနည်းဆုံးစာသင်ချိန်နာရီပေါင်း ၁၂၀ ခန့်မျှ မဖြစ်မနေသင်ယူရမည်ဖြစ်ပေသည်။ ထိုသို့သင်ယူရာတွင် သာမန်ဉာဏ်ရည်ရှိသူဆိုပါက အဆိုပါ နာရီပေါင်း ၁၂၀ ခန့်တွင် မြန်မာစာအရေးအဖတ်နှင့် အခြေခံသင်္ချာအတွက်အချက်တို့ကို သင်ယူတတ်မြောက်နိုင်သည့် သာဓကများရှိခဲ့သော်လည်း စာကို စွဲစွဲမြဲမြဲဖတ်တတ်စေရန်နှင့် ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်စေရန်၊ တွက်ချက်တတ်စေရန်အလို့ငှာ ပိုမိုအချိန်ယူသင်ကြားစေသင့်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

**သတ်မှတ်အကွာအဝေးတစ်ခုမှ တွေ့ဆုံဆက်ဆံ**

သို့ရာတွင် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်၍ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါပိုးကူးစက်ခံရမှုများ စတင်တွေ့ရှိလာခဲ့ရာမှ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လာခဲ့ကြသော အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် ယခင်ကလို မြို့ပြကျေးလက်ဒေသများသို့ ကွင်းဆင်းသွားရောက်ကာ သင်ကြားသူများနှင့် သင်ယူသူများအကြား လက်ပွန်းတတီးဖြင့် နီးနီးကပ်ကပ် သင်ကြားပို့ချခြင်းများ မဖြစ်နိုင်တော့ဘဲ တစ်ဦးနှင့်တစ်ဦးကြား သတ်မှတ်အကွာအဝေးတစ်ခုမှ တွေ့ဆုံဆက်ဆံရသည့်အခြေအနေသို့ ဆိုက်ရောက်လာခဲ့ပေတော့သည်။ ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ည ၈နာရီအချိန် ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း ၁ ဒသမ ၅၃ ရာခိုင်နှုန်းအထိ လျော့ကျလာသည်ကိုတော့ မြင်တွေ့နေကြရပြီဖြစ်သော်ငြားလည်း ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများအရ ဆက်လက်ကျင့်သုံးရန် လိုအပ်နေဆဲဖြစ်သည်။

ယခုလို ကမ္ဘာ့ကပ်ဘေးကြုံနေစဉ်ကာလနှင့် ကပ်ဘေးအလွန်ကာလများတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်သော အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ပြန်လည်အသက်သွင်းလုပ်ဆောင်နိုင်ရန်အတွက် နည်းပညာအကူအညီရယူလျက် Online အသုံးပြုသင်ကြားသင်ယူမှုများကို ပိုမိုထိရောက်လာစေရန်အလို့ငှာ လက်ရှိအသုံးပြုသင်ကြားနေသော အခြေခံစာတတ်မြောက်ရေး မြန်မာစာနှင့် အခြေခံသင်္ချာဖတ်စာအုပ်ပါ သင်ခန်းစာများကို ရုပ်မြင်သံကြားသင်ခန်းစာများအဖြစ်လည်းကောင်း၊ You Tube, Website များတွင် သင်ခန်းစာ (Video Clip) များအား လွှင့်တင်ခြင်းဖြင့်လည်းကောင်း အသွင်သစ်ဖန်တီးကာ ရိုက်ကူးထုတ်လုပ်ခြင်းများကို သတ်မှတ်အသုံးပြုလျက်ရှိသော သင်ကြားရေးနည်းစနစ် (Teaching Methodology) များနှင့်အညီ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက စမ်းသပ်ဆောင်ရွက်နေကြပြီဖြစ်ပေသည်။

**"အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များကို နည်းပညာအကူအညီရယူလျက် Online အသုံးပြု သင်ကြားနည်းစနစ်များကို ဆောင်ရွက်ခြင်းဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေနိုင်ခြင်းမရှိခဲ့၍ စာတတ်မြောက်ခြင်းမရှိခဲ့ကြသူများ၊ ကျောင်းနေခဲ့ဖူးသော်လည်း ကျောင်းထွက်စောခဲ့ရ၍ စာရေးစာဖတ်ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခြင်းမရှိခဲ့ကြသူများနှင့် လုံးဝစာမတတ်သူများ ကောန်အမှန်ပပျောက်လျက် မိသားစုအကျိုး၊ ရပ်ရွာအကျိုးနှင့် နိုင်ငံ့အကျိုးကို ပို၍ပို၍ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်မိ"**

စာမျက်နှာ ၂၄ သို့ ✢

○ ကျောဖုံးမှ

မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ အုန်းနဲ့ကုန်းတံတားကို တံတားအရှည်ပေ ၂၄၀ (ပေ ၆၀ လေးခန်း)၊ တံတားအကျယ်ပေ ၂၀၊ ဘိုးပိုင်အုတ်မြစ်အောက်ခြေထည်နှင့် အပေါ်ထည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားရေလမ်းကင်းလွတ် အကျယ် ၁၈ ဒသမ ၂၈ မီတာ၊ အမြင့် သုည ဒသမ ၉ မီတာနှင့် ယာဉ်တစ်စီးချင်း ၃၆ တန် တံတားခံနိုင်ဝန်ရှိသည်။

**ကျွဲရိုးအင်းတံတား**

သပြေကုန်း-သဲဖြူ-ထူးကြီးလမ်းပေါ်ရှိ ကျွဲရိုးအင်း တံတားမှာ တံတားအရှည်ပေ ၁၂၀ (ပေ ၆၀ နှစ်ခန်း)၊ တံတား အကျယ်ပေ ၂၀၊ ဘိုးပိုင်အုတ်မြစ် အောက်ခြေထည်နှင့် အပေါ်ထည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားရေလမ်းကင်းလွတ်အကျယ် ၁၈ ဒသမ ၂၈ မီတာ၊ အမြင့် သုည ဒသမ ၉ မီတာနှင့် ယာဉ်တစ်စီးချင်း ၃၆ တန် တံတားခံနိုင်ဝန် ရှိကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ သိရသည်။

**အထောက်အကူဖြစ်**

အဆိုပါ မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ အုန်းနဲ့ကုန်းတံတားနှင့် သပြေကုန်း-သဲဖြူ-ထူးကြီးလမ်းပေါ်ရှိ ကျွဲရိုးအင်းတံတား တည်ဆောက်ပြီးစီး၍ မြန်အောင်မြို့နယ်တောင်ဘက် ဧရာဝတီမြစ်အနောက်ဘက်ရှိ ရွှေကျင်တိုက်နယ်နှင့် သပြေကုန်းတိုက်နယ်အတွင်း ကျေးရွာအုပ်စု ၁၆ စုရှိ ကျေးလက်နေပြည်သူများ ဟင်္သာတ-မြန်အောင်ကားလမ်းနှင့် ပုသိမ်-မုံရွာ ကားလမ်းမသို့ ဆက်သွယ် သွားလာနိုင်ပြီး ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့်တံတားများဖြစ်ကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်အောင်)**



## မနောရောရက်ကန်း စက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းက ချည်ထည်များ ရက်လုပ်ရောင်းချ

**မြစ်ကြီးနား ဇန်နဝါရီ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အေးစေတီရပ်ကွက်ရှိ မနောရောရက်ကန်းစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းက အသင်းသားများပိုင် စက်ရက်ကန်း ၂၆ စင်၊ လက်ရက်ကန်း ၇၅ စင်၊ အလုပ်သမား ၁၀၀ ဦးဖြင့် ချည်ထည်ရက်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထိုရက်ကန်းစင်များမှ နှစ် ၈၀/၁၀၀ ချည်များဖြင့် ရက်လုပ်သည့် ကချင်ရိုးရာ (ကျား၊ မ)ဝတ် ချည်ထည်များကို အသင်းပိုင်အရောင်းဆိုင်များနှင့် အသင်းသား ပြည်သူများသို့ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**










## စာပေဗိမာန် စာမူဆုရစာအုပ်များနှင့် လူငယ်များ အသိပညာတိုးပွားရေးဆိုင်ရာ စာအုပ်များထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆုရစာအုပ်များနှင့် ပြည်သူများ ပညာဗဟုသုတ တိုးပွားစေရေးအတွက် မြန်မာစာပေ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများနှင့် အများပြည်သူ ဗဟုသုတတိုးပွားရေးအတွက် စာကောင်းပေမွန်များကို ထုတ်ဝေလျက်ရှိသည်။

ထိုသို့ ထုတ်ဝေရာတွင် စာပေဗိမာန်စာမူဆု လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာမ အေးပရယ်ယုနိုင် (ရွှေတောင်)၏ "မမဆိုသော သမီးကြီး" စာအုပ်၌ မိသားစုတစ်စု၏ အကြီးဆုံးသမီးဖြစ်သူ မိန်းကလေးတစ်ဦး၏ အလုပ်တစ်ဖက်နှင့် ပညာရေးကို ကြိုးပမ်းအားထုတ်ရင်း ညီမငယ်လေးများအတွက် စံပြဖြစ်အောင်ဦးဆောင်ပုံ၊ အစ်မကြီး အမိအရာ ရပ်တည်သွားပုံ၊ ဘဝကို ခက်ခက်ခဲခဲရုန်းကန်ရပုံတို့ကို "နုနုငယ်ငယ်မမ၊ ခယောင်းလမ်းနှင့် ခြေလှမ်းများ၊ အမိအရာ၊ တက္ကသိုလ်ကျောင်းသူကြီး၊ ခြစ်သောအချစ်၊ မမဆိုသော သမီးကြီး၊ မမပန်းတောသူ" စသည့် ခေါင်းစဉ်ခွဲ ခုနစ်ခုဖြင့် လူငယ်များ အားကျအတုယူဖွယ် သရုပ်ဖော်ရေးဖွဲ့ထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ၎င်းစာအုပ်ကို ရောင်းဈေးငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ မျိုးဆက်သစ် လူငယ်လူရွယ်များ အတွေးအမြင်၊ အယူအဆများ မှန်ကန်စေရန်၊ ဉာဏ်ရည် ဉာဏ်သွေးမြင့်မားရန်နှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားပေးလမ်းညွှန်မှုပြုနိုင်ရန် ဆရာဒေါက်တာ ခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း"စာအုပ်နှင့် စာရေးဆရာ မောင်ခင်မင် (ဓနုဖြူ)၏ "အမွေခံတစ်ယောက် အမွေ ပေးသူတစ်ရာ" စာအုပ်တို့ကို ပြန်လည် ထုတ်ဝေလိုက်သည်။

ဆရာဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်၌ လူငယ်များအတွက် အကောင်းဆုံးသော ဘဝကို တည်ဆောက်နိုင်မည့် အတွေးအမြင်ခံယူချက် စိတ်ထားနှင့် ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်များ အောင်မြင်ဖို့ တည်ဆောက်ခြင်းနှင့် အမြင်များ၊ ရှက်စိတ်၊ ကြောက်စိတ်နဲ့ အောင်စိတ်၊ လူငယ်နှင့် စူးစမ်းလေ့လာမှုများ၊ တာဝန်-လိပ်ပြာသန့်မှု၊ အလှအပဖြင့် ဝင့်ကြွားခြင်း၊ အသုံးကျခြင်းနှင့် နှလုံးလှခြင်း၊ လူငယ်နှင့် သိပ္ပံအတွေး၊ ယုံကြည်စိတ်ချမှုနဲ့ ဘဝအမြင်၊ လူငယ်နဲ့ တက္ကနိုလိုဂျီစသည်ဖြင့် လူငယ်များအတွက် ခွန်အားဖြည့် ဆောင်းပါးများ စုစုပေါင်း (၂၈) ပုဒ်ပါရှိပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)၏ "အမွေခံတစ်ယောက် အမွေပေးသူ တစ်ရာ" စာအုပ်၌ ကျောင်းသားဘဝကို ဖြတ်သန်းခဲ့သော လူငယ်တစ်ဦးချင်းစီ၏ ဘဝခရီးလမ်းတွင် တင့်တင့်တယ်တယ် လျှောက်လှမ်းနိုင်ရန်အတွက် ပညာအမွေ၊ စိတ်ဓာတ်အမွေများ လက်ဆင့်ကမ်းပေးရုံမျှမက တစ်ကိုယ်ရေကျန်းမာရေးပြည့်စုံဖို့မှသည် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေထိုင်ဆက်ဆံတတ်ဖို့အထိ ဘက်စုံပျိုးထောင်ပေးခဲ့သော ဆရာဆရာမပေါင်း ရာဂဏန်း အထိရှိပုံနှင့် ကျေးဇူးတရားကြီးမားလှပုံကို ဆရာမောင်ခင်မင် (ဓနုဖြူ)က ကိုယ်တွေ့ဖြစ်ရပ်များဖြင့် ရေးဖွဲ့ထားပါသည်။

ယနေ့သင်ကြားပို့ချနေသော ဆရာဆရာမများနှင့် သင်ကြားပို့ချမှုခံယူသော ကျောင်းသား ကျောင်းသူများ၏ စေတနာ၊ ခံယူချက်သဘောထား၊ ကျင့်သုံးဆောင်ရွက်မှုအားထုတ် လုပ်ဆောင်မှုများကို ထပ်ဆင့်၍ အကျိုးရှိစေမည့်အပြင် အနာဂတ်တွင် တိုင်းပြည်တာဝန်ကို ကျရာ အခန်းကဏ္ဍမှ လက်ဆင့်ကမ်း တာဝန်ယူဆောင်ရွက်ကြမည့် မျိုးဆက်သစ်လူငယ်များကို စိတ်ဓာတ်အခြေခံမှအစ ထိန်းသိမ်းတည့်မတ်ပေးနိုင်မည်ဖြစ်ပါသည်။ ဆရာကြီးက ဤသို့သော စေတနာ ရည်ရွယ်ချက်ကောင်းများဖြင့် သုတရသမြောက်စွာ ရေးဖွဲ့ထားသောကြောင့် အိမ်တွင် မရှိမဖြစ်ဆောင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူနိုင်ပါသည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂- ၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

✢ စာမျက်နှာ ၂၃ မှ

ထိုသို့စမ်းသပ်ရိုက်ကူးပြီးဖြစ်သော အခြေခံစာတတ်မြောက်ရေး မြန်မာစာနှင့် အခြေခံသင်္ချာ သင်ခန်းစာအပိုင်းများကို ပညာရေးဝန်ကြီးဌာန မြန်မာ့ပညာရေးရုပ်သံလိုင်း (Myanmar Education Channel) အစီအစဉ်များတွင် ထုတ်လွှင့်ပြသခြင်းဖြင့်လည်းကောင်း၊ You Tube Channel မှ DAE-Myanmar School Education Lessons (https://www.youtube.com/ DAE- Myanmar School Education Lessons) တွင် ဖော်ပြပေးထားခြင်းဖြင့်လည်းကောင်း သင်ယူလေ့လာနိုင်မှု အခွင့်အလမ်းသစ်များ ဖန်တီးလုပ်ဆောင်နေကြပြီလည်း ဖြစ်ပေသည်။

**ကိုယ်တိုင်လေ့လာပြီး ပြန်လည်အသုံးချ**

အဆိုပါသင်ခန်းစာများကို ရုပ်သံလိုင်းများက ထုတ်လွှင့်ပြသရုံမျှမက You Tube Channel တွင်ပါ အချိန်မရွေးဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည့်အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်လုပ်အားပေးဆောင်ရွက်ကြမည့် Facilitators (ကူညီပံ့ပိုးသူ ဆရာ ဆရာမများ) အနေဖြင့်လည်း သင်ကြားမှုအထောက်အကူပြု သင်ခန်းစာများကို ကိုယ်တိုင်လေ့လာပြီး ပြန်လည်အသုံးချနိုင်မည်ဖြစ်ပေရာ မိမိတို့မျှော်မှန်းထားသည့် ရပ်ရွာလူထုအခြေပြုစာတတ်မြောက်ရေး (Community-Based Literacy)၊ လုပ်ငန်းခွင်အခြေပြု စာတတ်မြောက်ရေး (Factory-Based Literacy)နှင့် မိသားစုအခြေပြု စာတတ်မြောက်ရေး (Family-Based Literacy) ပုံစံများ အသုံးပြု၍ မိမိတို့အသိုက်အဝန်းအတွင်း ကိုယ်ထူကိုယ်ထသင်ယူနိုင်ကြတော့မည် ဖြစ်ပေသည်။

ယခင်က မျက်နှာချင်းဆိုင် (Face-to-Face) တွေ့ဆုံသင်ကြားခြင်းမှသည် ယခုလို Online နည်းပညာအသုံးပြုသင်ကြားပေးခြင်းဖြင့် သင်ယူသူများသည် အသက်အရွယ်မရွေး မိမိတို့အဆင်ပြေမည့် မည်သည့်နေရာတွင်မဆို၊ မည်သည့်အချိန်တွင်မဆို လေ့လာသင်ယူနိုင်ကြမည်ဖြစ်ပေရာ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုအန္တရာယ်မှလည်း ကာကွယ်ရာရောက်သလို အချို့သောစာမတတ်သူများအနေဖြင့် မိမိအလိုဆန္ဒအရ ကိုယ်တိုင်လေ့လာခြင်းအားဖြင့် ရပ်ရွာအတွင်းနှင့် မိတ်ဆွေများ အချင်းချင်း အခြားသူများက မိမိအား စာမတတ်သူအဖြစ် ထင်မြင်ခံရခြင်းမှလည်း အထိုက်အလျောက် အကာအကွယ်ရရှိနိုင်ခြင်းတို့ကြောင့် များစွာ ထိရောက်အကျိုးများမည်ဟု ယုံကြည်မိပေသည်။

**မိမိအိမ်တွင်ပင်**
**အချိန်မရွေးသင်ယူလာနိုင်ကြတော့မည်**

သို့ပါ၍ စာမတတ်သူများအနေဖြင့် ယခင်ကလို အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းများကို မိမိတို့ဒေသသို့ ကွင်းဆင်းအကောင်အထည်ဖော်ဆောင်ချိန် ကြုံကြိုက်မှသာ သင်ယူခွင့်ရခြင်း မဟုတ်တော့ဘဲ မိမိအိမ်တွင်ပင် အချိန်မရွေးသင်ယူလာနိုင်ကြတော့မည်ဖြစ်ပေသည်။ အလားတူပင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသုံး မြန်မာစာနှင့် အခြေခံသင်္ချာစာစဉ်များ၊ အခြေခံစာစဉ်များ သင်ပြနည်းစာအုပ်များကိုလည်း သင်ခန်းစာ Video များတွင်ဖော်ပြပါရှိသော လိပ်စာဖုန်းနံပါတ်များသို့ ဆက်သွယ်၍ လွယ်ကူစွာ တောင်းခံရရှိနိုင်မည်ဖြစ်ရာ Online မှလည်းကောင်း၊ Myanmar Education Channel မှလည်းကောင်း ထုတ်လွှင့်မည့်သင်ကြားရေးအထောက်အကူပြု Video Clip များနှင့်ဆက်စပ်၍ ရပ်ရွာလူထုအတွင်း၊ လုပ်ငန်းခွင်အတွင်းနှင့် မိသားစုအတွင်း လွယ်ကူစွာသင်ကြားသင်ယူမှု ဆောင်ရွက်နိုင်မည့် အခြေအနေကောင်းတစ်ရပ်အဖြစ် ဖန်တီးထားကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

အဆိုပါမြန်မာစာနှင့် အခြေခံသင်္ချာစာစဉ်များဖြင့် သတ်မှတ်ထားသော "အရေး"၊ "အဖတ်"၊ "အတွက်အချက်" ဆိုင်ရာ စံနှုန်းများ သင်ယူတတ်မြောက်သွားပါက စဉ်ဆက်ပညာရေးအစီအစဉ် (Continuing Education – CE)အရ စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ် (Post Literacy Programme) ကို မဖြစ်မနေဆက်လက်သင်ယူရမည်ဖြစ်သည့်အပြင် ဝင်ငွေတိုးပွားရေးအစီအစဉ် (Income Generation Program) (၁)၊ (၂) နှင့် ဘဝသာယာရေးအစီအစဉ် (Quality of Life Improvement Programme) (၁)၊ (၂) တို့ကို ဆက်လက်သင်ယူရန် လိုအပ်မည်ဖြစ်သည်။ သို့ပါ၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များကို နည်းပညာအကူအညီရယူလျက် Online အသုံးပြု သင်ကြားနည်းစနစ်များကို ဆောင်ရွက်ခြင်းဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေနိုင်ခြင်းမရှိခဲ့၍ စာတတ်မြောက်ခြင်းမရှိခဲ့ကြသူများ၊ ကျောင်းနေခဲ့ဖူးသော်လည်း ကျောင်းထွက်စောခဲ့ရ၍ စာရေးစာဖတ် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခြင်းမရှိခဲ့ကြသူများနှင့် လုံးဝစာမတတ်သူများ ဧကန်အမှန်ပပျောက်လျက် မိသားစုအကျိုး၊ ရပ်ရွာအကျိုးနှင့် နိုင်ငံ့အကျိုးကို ပို၍ပို၍ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၈-၁-၂၀၂၂ ရက်နေ့မှအဆက်

ခင်ခင်ကြီးနှင့် မောင်မောင်ဦးတို့ တစ်ယောက်မျက်နှာကို တစ်ယောက်စူးစိုက်ကြည့်မိကြသည်။ မျက်လုံးချင်း ဆုံမိကြသည်။ ခင်ခင်ကြီး မှန်အိမ်ကို ကျောပေးသော အနေအထားဖြင့် ရပ်နေရာ မျက်နှာမှာ အမှောင်ရိပ်ကျနေသည်။ မှောင်နေသည်။ ထို့ကြောင့် ခင်ခင်ကြီး၏မျက်နှာကို မောင်မောင်ဦး မြင်သာမည်မဟုတ်။ သို့ရာတွင် ခင်ခင်ကြီးကို ခင်ခင်ကြီးဟူ၍တော့ သိပုံရသည်။ သူသည် မမြင်သာသော ခင်ခင်ကြီး၏မျက်နှာကိုပင် စူးစိုက်ကြည့်လျက်ရှိလေသည်။

"ကျွန်တော်အထဲကို ဝင်ပါရစေ"

မောင်မောင်ဦးထံမှ အသံထွက်ပေါ်လာသည်။ တိတ်ဆိတ်နေသောအခန်းတွင် သူ၏အသံမှာ ကျယ်လောင်လွန်းလှသလိုရှိသည်။

ဦးအောင်ခန့်က ရှေ့သို့တိုးလာသည်။

"ဘာကိစ္စပါလိမ့် မောင်ရင်"

ဦးအောင်ခန့်က မေးသည်။

"ကျွန်တော် ခင်ခင်ကြီးနဲ့ တွေ့ချင်လို့ပါ"

သူ့စကားအတွက် ဦးအောင်ခန့်မှာ ဆန်းကြယ်သွားသလိုရှိသည်။ မောင်မောင်ဦးကို ပိုမိုစူးစိုက်စွာ ကြည့်သည်။

တစ်စထက်တစ်စ မှတ်မိလာပုံရသည်။

"ဩော်၊ မင်းကိုး"

ဦးအောင်ခန့်ထံမှ မှတ်ချက်ချသံ ပေါ်ထွက်လာသည်။

"ဟုတ်ပါတယ်ဦး၊ ကျွန်တော် မောင်မောင်ဦးပါ"

သည်စကားကို ကြားရလေလျှင် ဒေါ်မြလေး ကိုယ်တိုင် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"သမီး သူ့ကို မတွေ့ချင်ဘူးဖေဖေ"

ခင်ခင်ကြီး၏အသံ

"မဟုတ်သေးပါဘူး ညီမ။ ခဏကလေးပဲဖြစ်ဖြစ် ဝင်ပါရစေ။ စကားတစ်ခွန်းနှစ်ခွန်းပဲဖြစ်ဖြစ် ပြောပါရစေ"

"ကျွန်မမှာ ရှင်နဲ့ပြောစရာ ဘာစကားမှ မရှိဘူး ကိုမောင်မောင်ဦး"

မောင်မောင်ဦး ပြုံးသည်။

"ကိုယ့်မှာတော့ ပြောစရာတွေ တစ်ပုံတစ်ပင်ကြီး ရှိနေတယ်"

"ကျွန်မ နားမထောင်နိုင်ဘူး။ နားမထောင်ချင်ဘူး။ ကုန်ကုန်ပြောမယ်ရှင်။ ရှင့်မျက်နှာကိုတောင် ကျွန်မ မကြည့်ချင်ဘူး။ မမြင်ချင်ဘူး။ ရှင်အမြန်ဆုံး ကျွန်မတို့အိမ်ထဲက ထွက်သွားရင် ကောင်းမယ်ထင်တယ်"

ရုတ်တရက်တွင် မောင်မောင်ဦးမှာ အကြံအိုက်သွားသလိုရှိသည်။ စင်စစ်သူသည် ယင်းအဖြစ်ကို မျှော်လင့်ထားသည်မဟုတ်ချေ။

ကျောက်ပန်းတောင်းတွင် ဗိုလ်ညိုထွန်းနှင့်တွေ့သည်။ ဗိုလ်ညိုထွန်းထံမှ သူမသိသေးသော အချက်အချို့ကို သိရသည်ဆိုကတည်းက သူခင်ခင်ကြီးကို ပိုမိုတွေ့ချင်လာသည်။ ပိုမိုမြင်ချင်လာသည်။

ရေနံချောင်းသို့ ပြန်ရောက်သောအခါ ခင်ခင်ကြီး၏သတင်းကို စုံစမ်းသည်။ ခင်ခင်ကြီး ရေနံ့သာသို့ ပြန်လည်ရောက်ရှိနေကြောင်းသိရသည်။ သို့နှင့်ပင် သူ ရေနံ့သာသို့ လာခဲ့သည်။

မည်သို့ပင်ဆိုစေ ခင်ခင်ကြီးသည် သူ့ဘက်က ရပ်တည်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ဖြစ်ချင်းဖြစ်လျှင် ဦးအောင်ခန့်နှင့်သာ ဖြစ်ရမည်။ သူ့ကို ဦးအောင်ခန့်ကသာ မောင်းနှင်ထုတ်ခဲ့လိမ့်မည်ဟု ယုံကြည်ခဲ့သည်။

ယခုမူ ခင်ခင်ကြီးကိုယ်တိုင်က သူ့ကို ခါးခါးသီးသီး ငြင်းပယ်နေပါချေပြီကော။

ဦးအောင်ခန့်ကား ပွဲကြည့်ပရိသတ်ပမာ ဖြစ်နေသည်။

ခင်ခင်ကြီးသည် ဒေါသဖြင့် တစ်ကိုယ်လုံး တုန်ယင်လျက်ရှိသည်။ ရင်ထဲမှာလည်း နာကြည်းခြင်း အရှိန်အဟုန် ပြင်းစွာ ထနေသည်။

"ကိုယ်ပြောပါရစေဦး ညီမ"

"တော်ပါတော့ရှင်။ ဒီမယ်ကိုမောင်မောင်ဦး ရှင့်ကို ကျွန်မ တောင်းပန်ပါတယ်။ ရှင်ပြန်ပါတော့။ ဒီတစ်ကြိမ်ဟာ ရှင့်မျက်နှာကို နောက်ဆုံးအကြိမ် မြင်ရတာပဲဖြစ်ပါစေတော့"

ခင်ခင်ကြီး၏အသံမှာ အနည်းငယ် ပျော့လာသည်။

"မဟုတ်သေးပါဘူးညီမ"

"ဟုတ်ပါတယ် ကိုမောင်မောင်ဦး။ ကျွန်မအကြည်အသာပြောတာပါ။ အကြည်အသာ တောင်းပန်တာပါ။ ကျေနပ်တန်ကောင်းပါပြီရှင်ရယ်။ ကျေနပ်တန် ကောင်းပါပြီ။ ကျွန်မအပေါ် ရှင်နှိပ်စက်ခဲ့တာတွေ များလှပါပြီ။ ရှင့်ကြောင့် ကျွန်မဘဝပျက်စီးခဲ့ရတယ်။ လူတကာအလယ်မှာ ခေါင်းမဖော်နိုင်လောက်အောင် အရှက်ရခဲ့တယ်။ ကဲ ကိုမောင်မောင်ဦး ရှင့်မှာ ကျွန်မနဲ့ပတ်သက်လို့ ဒီထက်နှိပ်စက်စရာရှိတော့မယ် မထင်ပါဘူး"

မောင်မောင်ဦးသည် ခင်ခင်ကြီး၏စကားများကို မခံမရပ်နိုင်သလို ရှိသည်။

"အဲဒီအတွက် အခု ကိုယ်ရောက်လာတာပါ။ ဒါတွေကို ရှင်းချင်လို့ပါ"

"မလိုတော့ပါဘူး ကိုမောင်မောင်ဦး။ ကျွန်မ ဘာမှ မကြားပါရစေနဲ့"

"မင်းကိုယ့်အပေါ် အထင်လွဲနေပြီညီမ"

ခင်ခင်ကြီးသည် နာနာကြည်းကြည်းပြုံးလိုက်သည်။

"ဩော် ကျွန်မက အထင်လွဲနေသတဲ့လား"

"ဟုတ်တယ်။ ကိုယ့်အပေါ်မှာ မင်းအထင်မှားနေတယ်"

"အထင်မှားရင်လည်း မှားတဲ့အတိုင်းပဲ ရှိပါစေတော့။ ကျွန်မ ဒီအခြေအနေကိုပဲ လိုချင်တယ်။ ဒီလိုပဲ ဖြစ်စေချင်တယ်။ ကျွန်မ အပြတ်သားဆုံးပြောမယ် ကိုမောင်မောင်ဦး။ ရှင်နဲ့ပတ်သက်လို့ ကျွန်မမှာ ဘာခံစားချက်မှမရှိတော့ဘူး။ ရှင့်မျက်နှာကိုတောင် မမြင်ချင်တော့ဘူး"

ခင်ခင်ကြီးက တကယ်တမ်းပြတ်ပြတ်သားသား ပြောခဲ့ခြင်းဖြစ်သည်။ လေသံမှာ မာကျောလှသည်။

မောင်မောင်ဦးသည် ခင်ခင်ကြီး၏မျက်နှာကို ကြေကွဲစွာ စိုက်ကြည့်နေသည်။

သည်တွင် ဦးအောင်ခန့် ကြားဝင်လာသည်။

"ဒီလိုရှိတယ် မောင်ရင်"

ဦးအောင်ခန့်ဘက်သို့ မောင်မောင်ဦး လှည့်ကြည့်သည်။

"အခု ခင်ခင်ကြီးပြောတဲ့စကားဟာ သူ့စိတ်ဆန္ဒထဲမှာ ဖြစ်ပေါ်လာတဲ့အတိုင်း ပြောတဲ့စကားပဲ။ ဦးတို့က သွန်သင်ထားလို့လို့ မထင်လေနဲ့ ။ နောက်တစ်ခုက ခင်ခင်ကြီးရဲ့ ကံကြမ္မာကို သူ့ဘာသာဖန်တီးခွင့်ပေးထားတယ်။ သူ့ဘဝကို သူအလိုရှိတဲ့ပုံစံအရ ဖန်တီးယူဖို့ အခွင့်ပြုထားတယ်။ အခု သူပြောခဲ့တဲ့စကားတွေဟာ သူ့ဘဝသူ ဘယ်ပုံစံနဲ့ ဖန်တီးယူမယ်ဆိုတဲ့ စကားပဲ"

မောင်မောင်ဦးသည် အတွေးရကျပ်သွားသလိုရှိသည်။ ခင်ခင်ကြီးဘက်သို့ လှည့်ကြည့်ပြန်သည်။ သူ၏အကြည့်တွင် တောင်းပန်တိုးလျှိုးဟန်များ ပါဝင်နေသည်။

"ဟုတ်တယ် ကိုမောင်မောင်ဦး၊ ဖေဖေပြောတာ အမှန်ပဲ။ ရှင့်လိုလူနဲ့တွေ့ခဲ့ရတာ ကျွန်မအဖို့ ကံဆိုးမိုးမှောင်ကျခဲ့တာပဲ။ အခုအခါမှာ ရှင်နဲ့မတွေ့ခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ ကျွန်မထင်နေတယ်။ ဒီအထိစိတ်နာတယ်။ တော်ပါပြီရှင်။ ကျွန်မဆက်ပြောနေရင် ရှင့်ကိုသတ်ချင်တဲ့စိတ် ပေါ်လာမိလိမ့်မယ်။ ကျွန်မ လူမသတ်ဖြစ်အောင် ရှင့်ကိုပြန်ပါလို့ တောင်းပန်နေတာ"

"ဩော်၊ ဒီအထိတောင်ဖြစ်နေမှကိုး"

မောင်မောင်ဦး၏ မျက်နှာမှာ ညှိုးသွားသည်။ သူသည် တစ်ကိုယ်တည်းပြောသလို ခပ်တိုးတိုး ရေရွတ်လိုက်သည်။

သူသည် ခင်ခင်ကြီး၏မျက်နှာကို ပိုမို စူးစိုက်စွာ ကြည့်သည်။

သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"ကောင်းပြီလေ။ ဒီအထိဖြစ်နေမှတော့ ကိုယ်ဘာမှ ထပ်မကြိုးစားချင်တော့ပါဘူး။ မင်းပြောသလို မင်းတို့အိမ်က သွားပါ့မယ်။ ပြန်ပါ့မယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ ကိုယ့်ကလေးကိုတော့ မြင်ပါရစေကွယ်။ ကလေးကို တစ်ကြိမ်ပဲဖြစ်ဖြစ် မြင်ပါရစေ"

ကလေး။

ကလေးဆိုသော စကားသံသည် လူအားလုံးကို တုန်လှုပ်သွားစေသည်။ ချောက်ချားသွားစေသည်။ အားလုံးကို ငြိမ်သက်သွားစေသည်။

"တခြားဟာတွေကိုထားပါ။ တခြားဘာမှ မရချင်နေပါစေ။ ဒီအခွင့်အရေးကလေးကိုတော့ စာနာတဲ့အနေနဲ့ပဲဖြစ်ဖြစ် ပေးကြပါလို့ ကျွန်တော်က တောင်းပန်ပါတယ်ဗျာ"

မောင်မောင်ဦးသည် ခင်ခင်ကြီးတစ်ယောက်တည်းကိုသာမက အားလုံးကိုလှည့်ပတ်ကြည့်ရှုလျက် တောင်းတောင်းပန်ပန်ဆိုသည်။ သူ၏အသံမှာ ကြေကွဲမှု လွှမ်းနေသည်။ ဆို့ဆို့နင့်နင့်ဖြစ်နေသည်။

"ကလေးဟုတ်လား ကိုမောင်မောင်ဦး"

ခင်ခင်ကြီးသည် အိပ်မက်ထဲတွင် စကားပြောနေသူပမာရေရွတ်လိုက်သည်။ သူ၏ရင်မှာ နိမ့်ချည်ကြွချည်ဖြစ်လာသည်။ သူ၏မျက်လုံးထဲဝယ် မျက်ရည်ကြည် ပြည့်လျှမ်းလာသည်။

ပြီးလျှင်မူ ခင်ခင်ကြီးသည် ရှူးသွပ်နေသူတစ်ဦး သဖွယ် ရယ်ချလိုက်လေသည်။

"ဟား၊ ဟား။ ကလေးတဲ့ ကလေးကို တွေ့ပါရစေတဲ့။ ဒီမယ် ကိုမောင်မောင်ဦးရဲ့။ ကလေးကို အိမ်ထဲဝင်ရှာ။ ကြိုက်တဲ့နေရာမှာရှာ။ အခုကော ကျွန်မတို့လူကြီးတွေ ဒီမှာ ရှိနေတုန်း ကလေးကို မိုးရေထဲမှာ ပစ်ထားမလား။ ကျွန်မတို့ဆီမှာ ကလေးကိုမြင်ရသလား"

ခင်ခင်ကြီး၏ စကားကြောင့် မောင်မောင်ဦး ကိုယ်တိုင်ပင် လှုပ်လှုပ်ရှားရှားဖြစ်ရသည်။

"ဒါဖြင့် ကလေးဘယ်မှာလဲဟင်"

"ဟုတ်တယ်။ ကလေးဘယ်မှာလဲ။ ဒီမေးခွန်းကို ကျွန်မတို့လဲ မေးနေကြရတယ်။ ကျွန်မ ကလေး ဘယ်မှာလဲ။ ဘယ်မှာလဲ"

ခင်ခင်ကြီး၏အသံသည် မိုးခြိမ်းသံနှယ် ကျယ်လောင်သွားသည်။ အော်ရင်းဟစ်ရင်းမှပင် မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။

"အမှန်ပြောရမယ်ဆိုရင်။ ရှင့်ကိုကျွန်မ မုန်းတာ ကလေး နဲ့ပတ်သက်လို့ပဲ။ ရှင့်ရဲ့ ရက်စက်ယုတ်မာမှုကြောင့် ဘာမှမသိသေးတဲ့ကလေးဟာ ဓားစာခံ ဖြစ်ရတယ်။ ဒုက္ခ သုက္ခ ရောက်ရတယ်။ ဒါတွေဟာ ရှင်ဖြုံဟာ်မွှေခဲ့တာ ကိုမောင်မောင်ဦး"

"ဘယ်လို ဘယ်လို ဖြစ်ရတာလဲဗျာ"

"ဘယ်လိုဖြစ်ရမှာလဲရှင့်၊ ရှင့်ကလေးလေ။ အခု ပျောက်နေပြီ။ ဘယ်ရောက်သွားမှန်းမသိကြဘူး။ သေသလား၊ ရှင်သလား မသိကြရတော့ဘူး။ တစ်နည်းတော့ ကောင်းတာပေါ့လေ။ သူဟာ ဝဋ်ကျွတ်သွားတာပေါ့"

"အို မဟုတ်နိုင်ဘူး။ ကလေးကို မင်းတို့ တစ်နေရာရာမှာ သွားထားတာပဲ ဖြစ်ရမယ်"

**ဆက်လက်ဖော်ပြပါမည်။**

"ဟုတ်ပါတယ် ကိုမောင်မောင်ဦး။ ကျွန်မ အကြည်အသာပြောတာပါ။
အကြည်အသာ တောင်းပန်တာပါ။ ကျေနပ်တန် ကောင်းပါပြီရှင်ရယ်။
ကျွန်မအပေါ် ရှင်နှိပ်စက်ခဲ့တာတွေ များလှပါပြီ။ ရှင့်ကြောင့် ကျွန်မဘဝပျက်စီးခဲ့ရတယ်။
လူတကာအလယ်မှာ ခေါင်းမဖော်နိုင်လောက်အောင် အရှက်ရခဲ့တယ်။
ကဲ ကိုမောင်မောင်ဦး ရှင့်မှာ ကျွန်မနဲ့ပတ်သက်လို့
ဒီထက်နှိပ်စက်စရာရှိတော့မယ် မထင်ပါဘူး"
မောင်မောင်ဦးသည် ခင်ခင်ကြီး၏စကားများကို မခံမရပ်နိုင်သလိုရှိသည်။
"အဲဒီအတွက် အခု ကိုယ်ရောက်လာတာပါ။ ဒါတွေကို ရှင်းချင်လို့ပါ"

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ လ ၃၁ ရက်)

၁။ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီ လ(၁)ရက်နေ့တွင် ကျင်းပမည့် (၃၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၂၈၁၈၈၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၂၈၁၈.၈၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၉၇၃.၁၆၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၃) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၆) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၁) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၀) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၀) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၁) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၄၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၅၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၈၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၂၅၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ်တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသောဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်များထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ် ငါးသောင်းဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၃၅)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၂-၂၀၂၂) ရက်နေ့ (အင်္ဂါနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့၊ ကွင်းအမှတ်(၁၁၅၇)၊ (ရွှေပန်းကုန်း)၊ ဦးပိုင်အမှတ်(၄၆/၂)၊ ဧရိယာ(၀.၀၈၃)ဧက၊ ဦးမျိုးသင် အမည်ဖြင့်မှတ်သားတည်ရှိသော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါက်တာ ဦးမျိုးသင်(လူပျိုကြီး)(ကွယ်လွန်)၏ အမွေစားအမွေခံ ညီအစ်ကိုမောင်နှမများအား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B,DBL** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၁၇၃)** | **(စဉ်-၁၅၉၇၅)** | **(စဉ်-၃၅၆၁)** |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀၊ ၀၉-၇၉၀၁၂၃၄၈၀၊ ၀၉-၅၀၅၃၁၀၇**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း(၇)လမ်းနှင့် ထန်းတပင်လမ်းထောင့်၊ အမှတ်(၁)၊ တတိယထပ်(၄)လွှာ၊ အခန်းအမှတ်(A)ခေါင်းရင်းခန်း၊ တိုက်ခန်းနှင့်တကွ တပ်ဆင်ထားသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးမြင့်[၁၂/ဥကတ(နိုင်)၁၃၆၃၆၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေအချို့ကို ပေးအပ်ပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအား အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုမည်ဖြစ်ပါ၍ အဆိုပါတိုက်ခန်း ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ၇-၂-၂၀၂၂ ရက် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ခိုင်(ခ)ဦးအင်ပို့(LL.B)** | **ဒေါ်စန်းငွေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၀၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၅၇)** |
| **ဖုန်း-၀၉-၉၆၆၄၀၃၇၂၂** | **ဖုန်း-၀၉-၉၅၀၅၁၁၀၀၇** |

**အမှတ်(၃၃/၄၉)၊ အခန်း(၃၇)(ပ)ထပ်၊ Strand Condo**
**မဟာဗန္ဓုလပန်းခြံအောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လ) (၆လ) ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ခွဲခြမ်းစစ်ဆေးရန် လိုအပ်သည့် သွေးလှူဘဏ်သုံးဆေးပစ္စည်း ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၂၈-၁-၂၀၂၂ (သောကြာနေ့)**
**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်အချိန် - ၁၀-၂-၂၀၂၂ (ကြာသပတေးနေ့) (၁၆:၀၀)နာရီ**

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန (ရန်ကုန်)သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**
**ဖုန်း-(၀၁-၂၇၂၇၅၃၊ ၀၁-၃၇၂၇၅၄)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သော ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ လမ်း(၄၀)၊ တိုက်အမှတ်(၂၉၄)၊ တတိယအလွှာ (ယာ)ကို ဦးအောင်ရှိန် (CONFIDENCE CO., LTD) ထံမှ ဒေါ်အေးအေးက ဝယ်ယူခဲ့ပြီး ၎င်းထံမှ ထပ်မံ၍ ဒေါ်ဇင်နီလွင် [၁၂/သကတ(နိုင်)၁၉၁၄၇၂]က ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပါသည်။ ယခုအခါ ဒေါ်ဇင်နီလွင်မှ တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊ ဇီဇဝါလမ်းနေသူ ဦးသန့်ဇင်ဦး+ဒေါ်စန်းစန်းအေးတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ဦးသန့်ဇင်ဦး+ဒေါ်စန်းစန်းအေးတို့၏သမီးဖြစ်သူ မဝင့်ဝါကျော်[၁၂/မဂဒ(နိုင်)၁၅၀၁၄၃]သည် မိဘများအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဖြစ်အောင် လုပ်ဆောင်ခဲ့သည်သာမက မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲနေအိမ်မှ ထွက်ခွာသွားသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူများ** | **လွှဲအပ်ချက်အရ-** |
| **ဦးသန့်ဇင်ဦး+ဒေါ်စန်းစန်းအေး** | **ဦးအောင်ရဲစိုး(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၉၈၅)(၃-၉-၂၀၁၉)** |
| | **အမှတ်(၁၄၈)၊ ဇော်ဂျီလမ်း၊** |
| | **ရွှေအင်ကြင်းရပ်ကွက်၊ ဒက္ခိဏသီရိမြို့၊** |
| | **နေပြည်တော်။ Ph:09-250679145** |

### ဦးစိုးမင်းလတ်[၁၂/ရကန(နိုင်)၀၀၃၅၃၅]သိစေရန်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)၊ နှင်းဆီဝါလမ်း၊ အမှတ်(၁၃၈)တွင် နေရပ်လိပ်စာဖော်ပြပြီး ကျွန်ုပ်၏ မိတ်ဆွေ ဦးကောင်းပြည့်စုံလွင်ထံမှ စာချုပ်ဖြင့် ငွေချေးယူခဲ့ရာ ယခုအခါ လူကြီးမင်းယူငွေကို ပေးဆပ်ရန် အချိန်ကာလကျော်လွန်နေပြီဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့ဘက်မှ လူကြီးမင်းပေးဆပ်မည့် အချိန်ကာလများကို မိတ်ဝတ်မပျက်စောင့်ဆိုင်းခဲ့သော်လည်း လူကြီးမင်းက စာနာထောက်ထားမှုမရှိ အချိန်များနေ့ရွှေ့၊ ညရွှေ့ ချိန်းနေသည်ဖြစ်၍ ပေးဆပ်ရန် ငွေကြေးအား (၇-၂-၂၀၂၂)ရက်နောက်ဆုံးထားပြီး ပေးဆပ်စေလိုပါသည်။

လိုက်နာရန်ပျက်ကွက်ပါက ဥပဒေအရဆောင်ရွက်ရန် ကျွန်ုပ်အားညွှန်ကြားပြီးဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမော် B.Sc,D.B.L,D.I.L,D.M.L,PGDL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၇၄)**
**အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5156683**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)အနော်မာ(၅)လမ်း၊ အိမ်အမှတ်(၂၀၅)နေ ဒေါ်နုမာဘီ[၁၂/သကတ(နိုင်)၁၇၀၉၀၂]၏ သားမောင်နေဇော်လင်းခန့်[၁၂/သကတ(နိုင်)၂၂၇၄၉၂]သည် မိဘဆိုဆုံးမမှုကို မလိုက်နာဘဲ အကြိမ်ကြိမ်မိဘစိတ်ဆင်းရဲအောင် ပြုလုပ်သောကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို လုံးဝတာဝန် မယူကြောင်း ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိခင်-ဒေါ်နုမာဘီ**

### ကန့်ကွက်နိုင်ကြောင်း


တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်ကွက်၊ ရေးလမ်း၊ အမှတ်(၈)ရှိ သမီးတော်သောက်ရေသန့်စက်ရုံ (Princess Drinking Water Factory) လုပ်ငန်းပိုင်ဆိုင်သူ ဒေါ်အိရတနာမြင့် (၆/ထဝန(နိုင်)၁၁၃၁၁၅) အနေဖြင့် ၎င်း၏ရေသန့်လုပ်ငန်းတွင် "My name is Water" အမည်ကို အသုံးပြုရန်အတွက် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ အမှတ်တံဆိပ်ကို တရားဝင်မှတ်ပုံတင်သွင်းရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်-

my name is Water

အထက်ဖော်ပြပါ "My name is Water" ဟူသော အမည်တူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၉)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်ဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်တွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာနှင့်အတူ အသုံးပြုလိုသော "My name is Water"အမည်ဖြင့်အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ ဆက်လက်လျှောက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းနန္ဒာသိန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)**
**အမှတ်(၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁၈ ၂၉၆၅၂၉။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ခမ္ဘာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



တံတားအရှည်ပေ၂၄၀ ရှိ အုန်းနဲ့ကုန်းတံတား။

## မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပေါ်ရှိ အုန်းနဲ့ကုန်းတံတားနှင့် သပြေကုန်း-သဲဖြူ-ထူးကြီးလမ်းပေါ်ရှိ ကျွဲရိုးအင်းတံတား တည်ဆောက်ပြီးစီး

မြန်အောင် ဇန်နဝါရီ ၂၀

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်စေမည့် မြန်အောင်မြို့နယ် ထူးကြီး–ရွှေကျင်လမ်းပေါ်ရှိ အုန်းနဲ့ကုန်းတံတားနှင့် သပြေကုန်း–သဲဖြူ–ထူးကြီးလမ်းပေါ်ရှိ ကျွဲရိုးအင်းတံတားတည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများ၏ ဒေသထွက်ကုန်စည်စီးဆင်းမှု ကောင်းမွန်တိုးတက်လာတော့မည်ဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**

### ၂၀၂၂ ခုနှစ် ဇန်နဝါရီလ၌ ဗီယက်နမ်သို့ လာရောက်သူ နိုင်ငံတကာခရီးသည်အရေအတွက် ၁၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာ

စာမျက်နှာ » ၁၃

### အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

စာမျက်နှာ » ၁၅

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇၄ ဦးတွေ့ရှိ၊ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမရှိသည်မှာ ခုနစ်ရက်ဆက်တိုက်ရှိပြီဖြစ်

စာမျက်နှာ » ၂၂

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းခြောက်အုပ်စုခွဲ၍ ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းက ကျင်းပပြီးစီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရသည့် ၁၂ သင်းမှာ ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားရန် မလိုဘဲ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**ယှဉ်ပြိုင်ရမည်**

၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဖိလစ်ပိုင်၊ ဂျော်ဒန်၊ ဘာရိန်း၊ ပါလက်စတိုင်း၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ မလေးရှား၊ တာ့ခ်မင်နစ္စတန်၊ မော်လ်ဒိုက်၊ နီပေါ၊ ဟောင်ကောင်၊ စင်ကာပူ၊ အာဖဂန်နစ္စတန်၊ မွန်ဂိုလီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ယီမင်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့်

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ✻

## အိမ်ရှင်ကင်မရွန်းအသင်း အာဖရိကနိုင်ငံများဖလား ဆီမီးဖိုင်နယ်တက်လှမ်း

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂမ်ဘီယာအသင်းနဲ့ ကင်မရွန်းအသင်းတို့ ပွဲစဉ်ကို ဇန်နဝါရီ ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွန်းအသင်းက ဂမ်ဘီယာအသင်းကို နှစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိပြီး အာဖရိကနိုင်ငံဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့ပြီဖြစ်ပါတယ်။

ဂမ်ဘီယာအသင်းနဲ့ ကင်မရွန်းအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ကင်မရွန်းအသင်းက ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၅၀ နဲ့ ၅၇ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ တိုကိုအက်ကမ်ဘီရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❏

